www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ငွေငွေမော်၊ ညာ[illegible] (မြ၉၂)
အမှတ် ၇ (က)၊ [illegible]
ရွှန်ကင်းမြို့နယ်၊ [illegible]

မျက်နှာဖုံးနှင့် အတွင်းစာ[illegible]ပုံနှိပ်[illegible]
ဦးစိုးမြင့် (၀၅၆၃၉)
ရွှေအောင်လံ ရောင်စုံပုံနှိပ်တိုက်
အမှတ် (၅၄)၊ ၁၀၁-လမ်း၊ ကန်တော်ကလေး၊ ရန်[illegible]

စာမူခွင့်ပြုချက်အမှတ် .... ၅၀၀၈၈၀၅၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ... ၅၀၀၈၃၀၅၀၇

ထုတ်ဝေခြင်း
ပထမအကြိမ်
၂၀၀၅ ၊ စက်တင်ဘာလ

အုပ်ရေ
၁၀၀၀ - အုပ်

တန်ဖိုး
သုံးဆယ်ကျပ်တိတိ

[illegible]နှင်းချီ

ကိုရန်နိုင်ဝင်း



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ပြီးခဲ့တဲ့ လပေါင်းနှစ်ဆယ်ကျော် အစိတ်နီးပါး အချိန်ကာလတစ်လျှောက်လုံး၊ ကျွန်တော်ဟာ စာတစ်ပုဒ်မှ အောင်အောင်မြင်မြင် မရေးနိုင်ခဲ့ဘူး။ စာရေးဆရာ တစ်ယောက်အဖြစ်ခံယူထားပါလျက်နဲ့ စာမရေးနိုင်တာဟာ ရှက်စရာကောင်းလှသလို အတော်လည်း ကြေကွဲခံပြင်းစရာ ကောင်းလှပါတယ်။

အဲ့ဒီကာလတွေမှာ ဝါကျအကိုအထွာ၊ ကဗျာအပိုင်း အစနဲ့ စကားလုံးအတော်များများကို ကျွန်တော့်ခေါင်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



စုဆောင်းနိုင်ခဲ့ပေမယ့် . . . . စာမျက်နှာပေါ် ချရေးနိုင်လောက်အောင်တော့ ခံစားမှုတွေအားမကောင်းခဲ့ပါဘူး။

ကျွန်တော် အပါအဝင် ကိုယ့်စာကို ကိုယ်တိုင်ရေးတဲ့ စာရေးဆရာတိုင်းဟာ ခေါင်းထဲမှာ ဘယ်လောက်ကောင်းမွန်တဲ့ အကြောင်းအရာတွေ ရှိနေပါစေ . . . ခံစားမှုတွေ မနိုးထခဲ့ရင် အဲ့ဒီ အကြောင်းအရာကို စာမျက်နှာပေါ် ရွှေ့လျားစီးဆင်းစေဖို့ တိစွဟာ အတော့ကို ခက်ခဲပင်ပန်းလှပါတယ်။

အတင်းဖျစ်ညှစ်ရေးရင် တစ်ပုဒ်တစ်လေ ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် ရင်ဘတ်ဟောင်းလောင်းနဲ့တော့ ကျွန်တော် စာမရေးချင်ပါဘူး။ ဒါကြောင့် လပေါင်းများစွာကို ကျွန်တော် ဒီအတိုင်းငုပ်တုပ်ထိုင်နေခဲ့ရတယ်။

စာရေးဆရာအတော်များများဟာ တစ်ခါတစ်လေ စာရေးမရတဲ့ အခြေအနေမျိုးနဲ့ ကြုံရလေ့ရှိဟာယ်။ ဒါကို အနုပညာကြွက်တက်ခြင်းလို့ ခေါ်နိုင်သလို၊ အာရုံခံစားမှု ညောင်းညာ ကိုက်ခဲခြင်းလို့လည်း သတ်မှတ်နိုင်ပါလိမ့်မယ်။

ဒါပေမယ့် ကျွန်တော်ကြုံတွေ့ရတာ၊ တစ်ခါတစ်လေ မဟုတ်သလို၊ တစ်လနှစ်လလည်း မဟုတ်ခဲ့ဘူး။ လပေါင်း နှစ်ဆယ်ကျော်ပါ။ အဲ့ဒီကာလတွေမှာ ကျွန်တော်ဟာ ဘာကိုမှ ဖန်တီးချင်စိတ်မရှိသလို၊ ဘာကိုမှလည်း အာရုံဝင်စားလို့ မရခဲ့ပါဘူး။





အထူးသဖြင့်တော့ ကျွန်တော့်ရဲ့ စိတ်ခွန်အားတွေဟာ သိသိသာသာကို လျော့နည်းနေခဲ့တယ်။

ကျွန်တော် ဖတ်ရှုဖူးတဲ့ ဆေးပညာစာအုပ်တွေရဲ့ အဆိုအရ ဆိုရင်တော့ ဒါဟာ စိတ်ကျရောဂါလို့ အကြမ်းဖျင်း သတ်မှတ်ရမှာပါ။

အရင်က ကျွန်တော် စိတ်ဓါတ်ကျတဲ့ အခါဖြစ်စေ၊ စာမရေးနိုင်တဲ့အခါဖြစ်စေ၊ ကျွန်တော့်ရဲ့ စိတ်ဓါတ်ကို ဆေးမြီးတိုတွေနဲ့ ဖောက်ခွဲပစ် လှုရှိခဲ့တယ်။ သုံးငယ်ချင်းတွေနဲ့ လျှောက်သွားတာမျိုး၊ ရီဝေယစ်မူးပစ်လိုက်တာမျိုးပါ။

ဒါပေမယ့် အခုကာလကိုတော့ အဲ့ဒီ ဆေးမြီးတိုတွေနဲ့ ကျွန်တော်ခပ်လွယ်လွယ်မကျော်ဖြတ်နိုင်ခဲ့ဘူး။ စိတ်ကြည်ဆေးတွေသောက်ကြည့်တော့လည်း သက်သာသလိုလို ရှိပေမယ့်၊ ဟုတ်တိပတ်တိစာမရေးနိုင်ခဲ့ဘူး။

ကျွန်တော်စာရေးဖို့ နည်းမျိုးစုံနဲ့ ကြိုးစားပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ညဘက် မျက်စေ့ကြောင်ပြီး အိပ်မရတဲ့ အခါအိပ်ဖို့ကြိုးစားလေ ပိုပြီး အိပ်မပျော်လေ အဖြစ်မျိုးပါပဲ။ နောက်ဆုံးတော့ ရေးချင်စိတ်ပေါ်လာမှပဲ ရေးတော့မယ်ဆိုပြီး ကျွန်တော့်စိတ်ကိုလျော့ချပစ်ခဲ့ရတယ်။

ဒီအတောအတွင်း ကျွန်တော့်ကို စာမူတောင်းမယ့် အယ်ဒီတာမင်းတစ်ချို့နဲ့ ဝတ္ထုဇာတ်ညွှန်းလုပ်နိုင်မယ့် ဒါရိုက်တာမင်းတစ်ချို့ကို ရှောင်ပတ်ရှောင်ခဲ့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရှောင်မရလို့ စာမူနဲ့ ဇာတ်ညွှန်း အတောင်းခံရတဲ့ အခါ ကျွန်တော် စာမရေးနိုင်ကြောင်း ရှင်းပြပေမယ့် မယုံကြည်ပါဘူး။

အဲဒီတော့လည်း ကျွန်တော် ကြိုးစားပါ့မယ်လို့ ကတိတွေ အထပ်ထပ်ပေးပြီး၊ အဲဒီ ကတိတွေကို ကျွန်တော့်ဘာသာ အကြိမ်ကြိမ်ပြန်လည် ချိုးဖောက်ပစ်ရပါတယ်။

ကျွန်တော့်ဦးခေါင်းထဲမှာ စကားလုံးတွေနဲ့ ပြည့်ကြပ်နေပေမယ့် ကျွန်တော့်ရင်ဘတ်ထဲမှာတော့ ဟာလာဟင်းလင်းဖြစ်နေကြောင်း မသိသေးတဲ့ တစ်ချို့တစ်လေက အထင်အမြင်လွဲမှားကြမှာပါ။ "ဒီကောင်က . . . ကြီးကျယ်တယ်။ ရေးနိုင်းတာရေးမပေးဘူး" . . . လို့ စိတ်ဆိုးကြောင်း ပြန်ကြားရတဲ့အခါ ကျွန်တော် စိတ်မကောင်း ဖြစ်ခဲ့ရပါတယ်။

(ဒီစာကို ဖတ်မိရင်တော့ ခွင့်လွှတ်နိုင်လိမ့်မယ်လို့ မျှော်လင့်ရတာပါပဲ)

◈ ◈ ◈ ◈ ◈



အခန်း(၂)

လပေါင်းနှစ်ဆယ်ကျော်လေလွင့်စီးမြောနေခဲ့ပြီး နောက်ပိုင်းမှာတော့ ကျွန်တော့်ရင်ထဲကို စာရေးချင်စိတ်တွေ ပြန်လည်ဝင်ရောက်လာခဲ့တယ်။

ဒါပေမယ့် တကယ့်တကယ်ရေးကြည့်တော့ ကျွန်တော်ဟာ တစ်ခါမှ စာမရေးခဲ့ဖူးသူ သူတစ်ယောက်လို အစိမ်းသက်သက် ဖြစ်နေလေရဲ့။ ဒါကြောင့် ကျွန်တော်အားလုံးကို "တစ်" က ပြန်စခဲ့ရတယ်။ ဝတ္ထုတိုလေးတွေအရင်ရေးပြီးမှ လုံးချင်းကိုရေးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာရွေးရမှာလည်း လေးလေးလံလံတွေကိုဖယ်ပြီး ပေါ့ပေါ့ပါးပါးကိုပဲ ရွေးခြယ်ခဲ့တယ်။ အခုဝတ္ထုဟာ ကျွန်တော် တစ်ချိန်ကရေးဖူးတဲ့ "အကြေကောက်" ဝတ္ထုထဲက ဇာတ်ကောင်တွေအကြောင်းပါ။ ဇာတ်လမ်းတစ်ခုအနေနဲ့ အကြေကောက်ဟာ ပြီးသွားပြီဖြစ်ပေမယ့်၊ ဇာတ်ကောင်တွေကတော့ ဆက်လက်ရှင်သန်နေသေးလို့ ဆက်ရေးလိုက်ရတာပါ။ အကြေကောက် ဖတ်ဖူးသူတွေအတွက် ဇာတ်ကောင်တွေနဲ့ အလွယ်တကူ ရင်းနှီးသွားမှာဖြစ်ပြီး၊

မဖတ်ဖူးသူတွေ အတွက်တော့ သီးခြားဝတ္ထုဇာတ်လမ်းတစ်ပုဒ်လို့ ခံစားနိုင်အောင် ကြိုးစားထားပါတယ်။ တကယ်လို့များ ဒီဇာတ်လမ်းဟာ ပရိတ်သတ်နဲ့ အံဝင်ခွင်ကျဖြစ်ခဲ့မယ်ဆိုရင်၊ အကြေကောက်ဇာတ်လမ်းတွဲကို ဆက်လက်ရေးသားသွားပါ့မယ်။

နောက်ဆုံးအနေနဲ့ ပြောချင်တာကတော့ ကျေးဇူးစကားပါ။

ကျွန်တော် စာမရေးနိုင်ဘဲ စိတ်ဓါတ်တွေ ချွတ်ခြုံကျနေခဲ့တဲ့ နေ့ရက်တွေမှာရော၊ စာရေးချင်စိတ်ကို ငုတ်တုပ်ထိုင်စောင့်နေခဲ့တဲ့ ကာလတွေမှာပါ ကျွန်တော့်အပေါ်





နားလည်ပေးတဲ့ မိသားစုဝင်များ . . .။

ကျွန်တော် စိတ်ဓါတ်တွေ ဖွင့်ထုတ်ဖောက်ခွဲရင်း အဝါကဒ်တွေ ဖြစ်သွားတဲ့အခါ၊ သည်းခံဖေးမပေးကြတဲ့ မိတ်ဆွေ သူငယ်ချင်းများ . .။

ရစရာရှိတဲ့စာမူကို အတင်းအကြပ်မတောင်းဘဲ "ရေးချင်စိတ်ပေါ်မှရေးပါ။ ကောင်းအောင် သာရေး" . . . ဆိုပြီး စိတ်ရှည်စောင့်ဆိုင်းပေးတဲ့ ဉာဏ်ဝင်းစာပေက ဒေါ်ငွေးငွေးမော် . . .။

အထူးသဖြင့်ကတော့ . . .

ကျွန်တော့်ကို စာရေးဖို့ တိုက်တွန်းခဲ့ကြတဲ့ ပရိတ်သတ်များနဲ့၊ အခု " မှော်နတ်သမီးရဲ့ အကြေကောက်ပုံပြင်" စာအုပ်ကို ဖတ်ရှုအားပေးကြမယ့် ပရိတ်သတ်များ. . ။

အားလုံးကို အမှတ်တရ ကျေးဇူးတင်ရှိလှပါတယ်။

နေနော်



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

လပြည့်ညဟာ အမှုပိုတဲ့ အပျိုမလေးတစ်ယောက်လို ဆည်းဆာကန့်လန့်ကာကို လှစ်ပြီး ယိမ်းယိမ်းနွဲ့နွဲ့နဲ့ ဖြည်းဖြည်းလေး ထွက်ပြူလာတယ်။

ညဥ့်လေနုနုကတော့ ဆိပ်ဖလူးပန်းရနံ့တွေနဲ့အတူ စပယ်ပန်းနံ့တွေကိုပါ တင်ဆောင်ခေါ်ယူလာတယ်။

တစ်ချက်တစ်ချက် ကလေးတွေရဲ့ ဆော့ကစားသံက ညဥ့်လေနဲ့အတူ ပျံ့လွင့်မြောပါပြီး ကျွန်တော့်ဆီကို ရောက်ရှိလာတယ်။ အဲဒီ ကလေးတွေရဲ့ အသံထဲမှာ ကျွန်တော့်ရဲ့ ချစ်လှစွာသော ကလေးမလေးရဲ့ အသံလည်း ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖတ်လက်စ စာအုပ်ထဲကို အာရုံဝင်စားလို့ မရတော့တာနဲ့ ကျွန်တော် အိမ်ရှေ့ကို ထွက်လာခဲ့တယ်။ လရောင်ကြောင့် ဝင်းပ လင်းမြနေတဲ့ မြေသလင်းမှာ ကျွန်တော့်ရဲ့ အကြေကောက်လေးဟာ . . . ကလေး တစ်အုပ်နဲ့ "ပူဇွန်ဆီဆိတ်ဆိတ်" ကစားနေလေရဲ့။

အိမ်ရှေ့ကွပ်ပြစ်က ပက်လက်ကုလားထိုင်မှာ ထိုင်ရင်း သူတို့ကစားတာကို ကျွန်တော်ငေးကြည့်နေမိတယ်။

အရင်က ခုလိုမျိုး လထိန်ထိန်သာတဲ့ ညမျိုးဆိုရင် ထုတ်စည်းတိုးတန်းတို့ လိုက်တန်းပြေးတန်းတို့ ကစား တတ်ကြပေမယ့် ခုတော့ အဲဒီလို ကစားနည်းမျိုး မကစားကြဖို့ ကျွန်တော်တားထားရတယ်။

ကလေးတွေကို မဟုတ်ပါဘူး။ ကျွန်တော်ရဲ့ အကြေကောက်လေးကိုပါ။ အဲဒါအပြင် ကလေးတွေနဲ့ ရန်မဖြစ်ဖို့၊ ဖက်မငြင်းဖို့လည်း တိုးတိုးတိတ်တိတ် သတိပေးရ ပါသေးတယ်။

နို့မို့ဆိုရင် ဗိုက်ကလေးစူတူတူနဲ့ မကြာခင် သားကောင်း မိခင်ဖြစ်တော့မယ့်သူဟာ ကလေးတွေနဲ့ ပြိုင်ပြီး ငြင်းချင်ငြင်းနေတတ်လို့ပါ။

ပြီးခဲ့တဲ့ အပတ်ကလဲ ရွှေခြိုင့်ရဲ့ သမီးအကြီး သူနဲ့ ပြဿနာဖြစ်လို့ ကျွန်တော် ရှင်းပေးလိုက်ရပါသေးတယ်။ အရုပ်တွေထောင် ပစ်တာမှာ သူက စည်းခိုးတယ်ဆိုပြီး ငြင်းကြတာပါ။





" မမီး . . . အဲ့လို မညစ်နဲ့ကွာ"

" ဟဲ့ . . . ငါက ဘာညစ်လို့လဲ နင့်ဟာနင် မနိုင်တိုင်း သူများကို ရှုံ့မဲ မမဲနဲ့ "

" မမီးက စည်းခိုးတာကြီးကို . . . "

အဲဒီလိုနဲ့ သူတို့ပြဿနာဟာ ကျွန်တော့်ရဲ့ ခိုင်ဖုန်းတရားရုံးကို ရောက်လာတယ်။ သူစည်းခိုးမခိုး အဆုံးအဖြတ်ပေးပါပေါ့။

" မီးလည်းသူတို့ တားထားတဲ့ စည်းနောက်ကနေ ပစ်တာပဲ ကိုကို ရဲ့"

" ကဲပါလေ . . . ဘယ်လိုပစ်သလဲ ပစ်ကြည့်ကြ စမ်းပါ"

ဆိုပြီးပစ်ခိုင်းလိုက်တော့မှ

လားလား . . . ကျွန်တော့်ထက်စာရင် သေးညှက် လှပေမယ့် ဆယ်နှစ်အရွယ် ကလေးတွေထက်စာဗိုပြီး မြင့်မားထွားကျိုင်းတဲ့ သူ့ခန္ဓာကိုယ်ကို စည်းရဲ့ရှေ့ကိုငုံ့ကိုင်းပြီး ပစ်တော့တာကိုး။ အဲဒီတော့ သူပဲ ပွဲတိုင်းနိုင်တော့တာပေါ့။

" မီး . . . ကိုယ်ကို အဲဒီလိုရှေ့ကိုင်းပြီး မပစ်နဲ့လေ"

" ဟယ် . . . သူတို့လည်း အဲဒီလိုပစ်တာပဲ ဥစ္စာ၊ ကိုကို မတရားမလုပ်နဲ့နော်"

ကျွန်တော် အတင်းအကြပ်တားမြစ်ရင် ကျွန်တော့် အပေါ် စိတ်ကောက်မယ်ဆိုတဲ့လေသံမျိုးနဲ့ သူတုန့်ပြန် လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သူလည်း စိတ်မကောက်အောင်၊ ရွှေဖြိုင့်ရဲ့ကလေးတွေလည်း ကျေနပ်အောင် ကျွန်တော် ဆုံးဖြတ်ပေးလိုက်ရတယ်။ ကျွန်တော်ရဲ့ဆုံးဖြတ်ပုံက ပေါင်ချိန်လောက်နီးနီး တရားမျှတချင်မှမျှတမှာဖြစ်ပေမယ့် နှစ်ဖက်စလုံးကတော့ ကျေနပ်သွားကြတယ်။

ကလေးတွေကို နဂိုစည်းအတိုင်းပစ်ခိုင်းပြီး သူပစ်ဖို့ စည်းကိုတော့ နဂိုစည်းထက်တစ်ထွာလောက်နောက်ဆုတ်ပြီး အသစ် တားပေးလိုက်တာပါ။

စည်းတားရင်း ကျွန်တော့်အပေါ် စိတ်မကောက်အောင် သူ့ဘက်ပါတယ်ဆိုတဲ့ သဘောနဲ့ မျက်စေ့တစ်ဖက်မှိတ်ပြ လိုက်ရ ပါသေးတယ်။ ကလေးဆန်လှတဲ့ ကျွန်တော့်ရဲ့ အကြောက်လေး စိတ်မကောက်ဖို့က အရေးကြီးတယ် မဟုတ်လား။

ခုလည်းပက်လက် ကုလားထိုင်မှာ ထိုင်ရင်း သူတို့ရဲ့ ကစားပွဲကို မျက်ခြေမပြတ် အာရုံစိုက်နေရတယ်။

"ပုဇွန်ဆီဆိပ်ဆိပ် . . . ကြက်တူရွေး တံခါးပိတ် ဂျိပ်"

"ကဲ တော်ပြီ မီးရေ ကလေးတွေမနက် ကျောင်းတက် ရအုံးမယ် စကားဝိုင်း သိမ်းလိုက်ကြတော့"

ထိုင်ဆောင့်ရတာမျိုးကို ပြေးလွှားခုန်ပေါက်နေရတာလောက် သဘောမကျတဲ့ ကလေးတွေက ကျွန်တော့် စကားကို အလွယ် တကူလက်ခံပြီး လူစခွဲလိုက်ကြတယ်။





သူတို့ 'မမီးတော့တာ'လို့ လက်ပြကြပြီး ကျွန်တော့်ကိုတော့ "ဦးဦး . . . သွားမယ်" လို့ နှုတ်ဆက်ကြပါတယ်။ ဒါဟာ သူ့ရဲ့ ရင့်ရော်မှုကို ညွှန်ပြတာလည်း ဖြစ်တယ်။

တကယ်တော့ ကျွန်တော့်အသက်က နှစ်ဆယ့်ရှစ်နှစ်ပဲ ရှိသေးတာပါ။ ဒါပေမယ့် ကျွန်တော့်ထက်ခြောက်နှစ် ခုနှစ်နှစ်လောက် ငယ်တဲ့အပြင်ရှိရင်းစွဲ အသက်ထက်ပိုပြီး အရွယ်တင်တဲ့ သူ့ရဲ့နုပျိုမှုကိုတော့ ယှဉ်လို့မရတာ အမှန်ပါ။

သူ . . . ကျွန်တော့်အနားမှာ လာထိုင်ပြီး ရေနွေးကြမ်း တစ်ခွက် ငှဲ့သောက်ရင်းမေးတယ်။

"ကိုကို မနက်ဖြန်သွားမယ် မဟုတ်လား"

"ဘယ်ကိုလဲ"

"ကာတွန်း နောက်နောက် မင်္ဂလာဆောင်လေ"

"သွားတာပေါ့ မီးရော မလိုက်ဘူးလား"

"ဟင့်အင်း မလိုက်တော့ဘူး။ ဒီဗိုက်ကြီးနဲ့ လူကြားထဲမသွားချင်ဘူး"

ဗိုက်ကို ပုတ်ရင်း ပြောလာလို့ သူ့ဗိုက်ကို ကျွန်တော် လှမ်းကြည့်လိုက်တယ်။ (၅) လကျော်လို့ (၆) လထဲဝင်လာပေမယ့် သူ့ဗိုက်ကြီးက မီးပုံးပျံကြီးလို ပူဖောင်းမနေပါဘူး အပျိုဗိုက်မို့လို့ ခပ်ဆူဆူ ခပ်ပူပူအဆင့်လောက်ပါ။

အကျႌပွပွကြီးနဲ့ ဖုံးကွယ်လိုက်ရင် မသိသာပေမယ့် သူကတော့ အဲ့ဒီ မဖြစ်ညစ်ကျယ် ဗိုက်လေးကိုပဲ ဒရာမ



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထုပ်ဝန်ပိုးကြီးလို မကြာခဏ ငြီးငြူတတ်ပါတယ်။ ခုလည်း သူ့ဗိုက်ကြောင့် မင်္ဂလာဆောင်မလိုက်တော့ဘူးလို့ ငြင်းဆန်တာကို ကျွန်တော် ဘာမှ ပြန်မပြောတော့ဘဲ သဘောတူလိုက်ရတယ်။

" သူများတွေ မင်္ဂလာဆောင်ကြတာမြင်တော့ ကိုယ်တောင်မင်္ဂလာဆောင်ချင်လာပြီ"

" အံ့မာ . . . ကိုကိုနော် "

" ကိုယ်က . . . မီးနဲ့ မင်္ဂလာဆောင်ချင်တာကို ပြောတာ"

" ဩော် . . . မဆောင်ခဲ့ဖူးဘူးကိုး"

" ဘယ်မှာ ဆောင်ခဲ့ရလို့လည်း မီးရဲ့။ နယ်မှာက ဘုန်းကြီးဆွမ်းကျွေးပဲ လုပ်ခဲ့ဘူးတာလေ။ မင်္ဂလာဆောင် မင်္ဂလာညွှန့်ခံပွဲ မလုပ်ခဲ့ရပဲ။"

ကျွန်တော့်စကားကြောင့် သူက မျက်နှာလေးကို ရှုံ့မဲ့ပြီး ခပ်ငေါ့ငေါ့လေသံနဲ့ ပြန်ပြောတယ်။

" အဲ့ဒီ မင်္ဂလာဆွမ်းကျွေးတောင်ကံကောင်းလို့ အထမြောက်ခဲ့တာပါနော်. . . "

သူ့စကားကို ကျွန်တော် ရယ်မောရင်း ခေါင်းညိတ် ဝန်ခံလိုက်ရပါတယ်။ အမှန်ပါပဲ။ ကျွန်တော်တို့ရဲ့ မင်္ဂလာဆွမ်းကျွေးဟာ အတော်ကို ကသီလင်ကနိုင်ပြီး ရယ်မောစိတ်ပျက်ဖွယ်ကောင်းစွာ အထမြောက်ခဲ့ရတာပါ။





အဲဒီ့ မင်္ဂလာဆွမ်းကျွေးမတိုင်မီ သူနဲ့စတင်တွေ့ဆုံခဲ့ပုံကလည်း

တစ်ချို့မိတ်ဆွေများ သိတော်မူကြတဲ့ အတိုင်း . .

အတော့်ကိုရယ်စရာကောင်းသလို အသည်းထိတ်စရာလည်း ကောင်းလှပါတယ်။

အဲ့ဒီ အဖြစ်အပျက်တွေဟာ လွန်ခဲ့တဲ့ လပေါင်းနှစ်ဆယ်ကျော် ကာလတိမ်ပြာတဲ့နေ့တစ်နေ့မှာ စတင်ခဲ့တာပါ။ အဲ့ဒီ အကြောင်းတွေ နည်းနည်းပြန်ပြောပြချင်ပါတယ်။

◈ ◈ ◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

တစ်ချို့ တစ်ချို့တွေဟာ သူတို့တန်ဖိုးထားတဲ့ တစ်စုံတစ်ရာကို အမွှန်းတင်ချင်တဲ့အခါ . . . ဒါဟာ ဘုရားသခင်ရဲ့ လက်ဆောင်လို့ ကြွေးကြော်တတ်ကြပေမယ့် ကျွန်တော်ကတော့ . . . ကျွန်တော့်ရဲ့ အကြောကောက်လေးကို ကြီးဒေါ်ကြီးရဲ့ လက်ဆောင်လို့ပဲ ပြောရမှာပါ။

ကျွန်တော့် မိဘနှစ်ပါးစလုံးရှေ့ဆင့် နောက်ဆင့် ဆိုသလို၊ ကွယ်လွန်သွားကြတဲ့အချိန်ကစပြီး ကြီးဒေါ်ကြီးက ကျွန်တော့်ကို ကျွေးမွေးစောင့်ရှောက်ခဲ့တယ်။

ကျွန်တော့်ရဲ့ ကျေးဇူးရှင်ကြီးတော်ကြီးဟာ ထောင်ထောင်မောင်းမောင်းနဲ့ ထော်လော်ကန့်လန့် အမျိုးသမီးကြီးဖြစ်သလို၊ အပျိုကြီးလည်း ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တက္ကသိုလ် ဒုတိယနှစ်မှာ မြို့သစ်က အိမ်နဲ့ ခြံလေးကို ကျွန်တော့်အတွက် အမွေပေးခဲ့ပြီး၊ သူတို့မောင်နှစ်ယောက် ရှိရာ ကျိုက်ထိုကို ဒူးရင်းခြံစိုက်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကြီးတော်ကြီး ပြောင်းရွှေ့သွားတယ်။

ကျွန်တော် ကျောင်းပြီးတော့ စာတိုပေစလေးတွေ ရေးရင်း စာပေလောကထဲကို ခြေရောလက်ပါပစ်ပြီး ကျွမ်းထိုး ခုန်ဝင်လိုက်ပါတယ်။ ကြီးတော်ကြီးပေးခဲ့တဲ့ အိမ်မှာနေ ကြီးတော်ကြီးထောက်ပံ့တဲ့အသုံးစရိတ်နဲ့စားပြီးအေးအေးလူလူ စာတွေရေးနေတဲ့ ကျွန်တော့်ကို ကြီးတော်ကြီးက ကြာရှည် ကြည့်ရဟန် မတူဘူး။

စာရေးဆရာယောင်ယောင် အယ်ဒီတာ ယောင်ယောင် ဟိုမရောက် ဒီမရောက် ကျွန်တော့်ကို မျက်စေ့ စပါးမွေး စူးတာလည်း ပါမယ်ထင်ပါရဲ့။ ဒါကြောင့် ကျွန်တော်နဲ့ တွေ့တိုင်း အိမ်ထောင်ပြုဖို့ နားချတိုက်တွန်းလာတော့တာပါ။

“ အေးအေးနေပါရစေကြီးတော်ရယ် ကျွန်တော် ကြီးတော်လိုပဲ တစ်ယောက်တည်းနေချင်တယ်”

“ ငါက တစ်ယောက်တည်းနေတာ မဟုတ်ဘူး ဟဲ့ကောင်ရဲ့ ငါ့မောင်နှစ် ယောက်နဲ့နေတာ။ နင်သာ ရန်ကုန်မှာ တစ်ယောက်တည်း ဥတစ်လုံး တစ်ကောင်ကြွက် ဖြစ်နေတာ”





“ ကျွန်တော်ဆိုလိုတာ အဲ့ဒါမဟုတ်ဘူးကြီးတော်ရဲ့။ ကျွန်တော်လည်းကြီးတော်လို အပျိုကြီး . . .။ အဲ . . . လူပျိုကြီးလုပ်မယ်လို့ပြောတာ”

ကြီးတော်တိုက်တွန်းတိုင်းတွင်တွင်ငြင်းခဲ့လို့လား မသိဘူး။ ကြာတော့ ကြီးတော်ကြီးဘက်ကလေသံ ပျော့လာတယ်။ ကြည့်ရတာဖြင့် . . . ကြီးတော်ကြီးစိတ်လျှော့ သွားပုံပါပဲ ဒါပေမယ့် တကယ်စိတ်လျှော့တာမဟုတ်ဘဲ တစ်ခုခုကို ကြိတ်ပြီး . . . ကြံစည်နေခဲ့တာဖြစ်ကြောင်း တော်တော် နောက်ကျမှ ကျွန်တော်သိခွင့် ရခဲ့ပါတယ်။

အဲ့ဒီနေ့က ကျိုက်ထိုမှာ တိမ်တွေက ပြာလဲ့နေတယ်။

ကြီးတော်ကို သီတင်းကျွတ်မကန်တော့ဖြစ်တာ နှစ်နှစ်လောက်ရှိခဲ့တာမို့၊ ဒီနှစ်တော့ ကန်တော့မယ်ဆိုပြီး၊ အဲ့ဒီနေ့က ကျွန်တော် ကျိုက်ထိုကို ရောက်သွားတယ်။

လောကကြီးမှာ ကြီးကြီးကျယ်ကျယ် အဖြစ်အပျက်တွေဖြစ်တော့မယ်ဆိုရင်၊ ထူးထူးဆန်းဆန်း နိမိတ်တွေ ပြတတ်တယ်။ ဒါပေမယ့် . . . အဲ့ဒီနေ့ကတော့ တိမ်တွေ ကြည်လင်ပြာလဲ့နေတာကလွဲပြီး ကျွန်တော့်အတွက် ဘာနိမိတ်မှ မပြခဲ့ဘူး။

ရန်ကုန်ကျိုက်ထိုကားပေါ်ကဆင်းပြီး၊ ကြီးတော်ရဲ့ ဒူးရင်းခြံကြီးဆီလျှောက်လာတဲ့ လမ်းတစ်လျှောက်မှာလည်း ခလုပ်တိုက်တာမျိုး ကျွန်တော်ရှေ့က မြွေဖြတ်သွားတာမျိုး မကြုံခဲ့ရသလို၊ မျက်ခုန်းတွေလည်း လှုပ်မနေခဲ့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ပြောမယ်ဆိုရင် သိပ်မကြာခင် အချိန်ကာလမှာ ကျွန်တော့်ဘဝအတွက် ကြီးကျယ်တဲ့အပြောင်းအလဲတစ်ခုနဲ့ ကြုံကြိုက်ရလိမ့်မယ်လို့ ထင်မြင်လောက်စရာဘာအကြောင်း အချက်မှ မရှိခဲ့ဘူး။

ဒါကြောင့် စိတ်လက်ပေါ့ပါးစွာပဲ ခရီးဆောင်အိတ်ကို လွယ်ရင်းကြီးတော်ရဲ့ ဒူးရင်းခြံကြီးထဲကို ဝင်လာခဲ့တယ်။

မြေနီလမ်းလေးအတိုင်းလျှောက်လာပြီး ရေနံချေးဝ နေတဲ့ နှစ်ထပ် ပျဉ်ထောင်အိမ်ကြီးပေါ် လှမ်းအတက်မှာတော့။

" မလှုပ်နဲ့ ပစ်ထည့်လိုက်မယ် လက်နှစ်ဖက်ကို ခေါင်းပေါ်တင်ထားစမ်း"

မြတ်စွာဘုရား . . .

အသံက ကျွန်တော့်နောက်က ထွက်ပေါ်လာတာ ဖြစ်ပြီး ကျွန်တော့်ကို ရည်ရွယ်ပြောနေတာပါ။ အံ့သြစရာ ကောင်းတာက အသံရှင်ဟာ ယောကျ်ားမဟုတ်ဘဲ မိန်းမ ဖြစ်နေတဲ့ အချက်ပါ။

ကျွန်တော်နောက်ကို လှည့်ကြည့်ဖို့လုပ်တော့ . . .

" ဟေ့လူကြီးမလှုပ်နဲ့နော်။ ခင်ဗျားကို သေနတ်နဲ့ ချိန်ထားတာ။ တကယ်ပစ်ထည့်လိုက်မှာ ဘာအောင့်မေ့လည်း။ ပြောတဲ့အတိုင်းလုပ်စမ်း"

သေနတ်နဲ့ချိန်ထားတာဆိုတော့လည်း၊ သူပြောတဲ့ အတိုင်း လိုက်နာရတော့တာပေါ့။ လက်နှစ်ဖက်ကို မြှောက်ပြီး





ခေါင်းပေါ် တင်ခိုင်းရုံတင်မကဘူး၊ ကြမ်းပြင်မှာပါဆောင့် ကြောင့်ထိုင်ခိုင်းလိုက်ပါသေးတယ်။

" ခြံထဲမှာအသီးတွေပျောက်လွန်းလို့ သူခိုးဖမ်းချင် နေတာကြာပြီခုမှပဲ မိတော့တယ်"

" ဒီမှာ အမျိုးသမီး။ ခင်ဗျား ကျုပ်ထပ်ကြီးလား ငယ်လားတော့ မသိဘူး။ ဒါပေမယ့် ကျုပ် ဒူးရင်းသီးသူခိုး မဟုတ်ဘူး"

" ထင်သားပဲ အိမ်ပေါ်တန်းတက်လာကတည်းက အိမ်ထဲက ပစ္စည်းတွေခိုးမယ်ဆိုတာ အခုဘာတွေ ခိုးပြီးပြီလဲ။ ဒီအိတ် ကြီးကရော၊ ဘယ်ကခိုးလာတာလဲ"

" ဘယ်ကမှ ခိုးလာတာ မဟုတ်ဘူး ကျုပ်အဝတ် အစားတွေထည့်လာတာ။ ကျုပ်ဒီကိုလာတာက . . ."

" ဟေ့လူ . . . တော်ဗျာ။ ဘာမှ ဆင်ခြင်ပေးမနေနဲ့။ ပါးစပ်ပိတ်ထား ဒီတစ်ခါအသံထွက်လာရင် နောက်ကနေ တကယ်ပစ်လိုက်တော့မယ်။ ကျောမပွင့်ချင်ရင် အသံ မထွက်ဘဲ ဒီတိုင်း ထိုင်နေ"

အမှန်တော့ သူ ကျွန်တော့်ကိုလေသေနတ်နဲ့ ချိန်းထားတာပါ။ ဒါပေမယ့် . . . သေနတ် အကြောင်း နားမလည်တဲ့ ကျွန်တော်ဟာ မှန်ဘီဒိုက တစ်ဆင့် ခပ်ဝါးဝါး လှမ်းမြင်နေရတဲ့ သူ့သေနတ်ကြီးကိုကြောက်နေ မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



အမဲလိုက်တဲ့ရိုင်ဖယ်သေနတ်ကြီးများလားပေါ့

ကျောက်တောင်ပွင့်နိုင်တယ်ဆိုတော့ အဲ့လို သေနတ်မျိုးဖြစ်မှာပဲ။

ဒီလိုနဲ့ တစ်ယောက်က သေနတ်ကြီးကို ကိုင်သတိအနေအထားနဲ့၊ တစ်ယောက်က ဆောင့်ကြောင့်ထိုင်သတိအနေအထားနဲ့ ပါပဲ ... အချိန်ဆယ့်ငါးမိနစ်လောက်ကို ပင်ပန်းတကြီး ဖြတ်သန်းပြီးချိန်မှာတော့ ကြီးတော်ကြီးတို့ ရောက်လာပါတယ်။

ကံကြီးပေလို့သာပဲ။

ကြီးတော်တို့သာနောက်ကျခဲ့ရင်၊ ကျွန်တော် ကျောပွင့် ရင်ပွင့်၊ မပွင့်ရင် လူစင်စစ်က ကျောက်ရုပ်ဖြစ်တော့မှာပါ။ လှုပ်တာနဲ့ ပစ်မယ်ဆိုလို့ ကျွန်တော် တစက်ကလေးတောင်မလှုပ်ရဲခဲ့ဘူးမဟုတ်လား။

သူဟာစတွေ့ကတည်းက ကျွန်တော့်အပေါ် အဲ့ဒီလိုအနိုင်ယူနိုင်ခဲ့တာပါ။

ကြီးတော်ကြီးတို့ရောက်လာတော့ ကျွန်တော် ဘာမှမပြောရသေးခင် သူက ဦးအောင်ဝင်ပြောပါတယ်။ သူငှက်ပစ်မလို့လုပ်နေတုန်း၊ ခြံထဲကို သူခိုးဝင်လာကြောင်း၊ သူအသံမပေးဘဲ သူခိုးအိမ်ပေါ်တက်တော့မှ နောက်ကနေသေနတ်နဲ့ ချိန်ပြီးအမိဖမ်းခဲ့ကြောင်း၊





သူခိုးကထွက်ပြေးမလို့လုပ်လို့၊ အတင်း ထိုင်ခိုင်းထားရကြောင်း၊ ထွက်ပြေးရင်ဖြင့် သေနတ် မောင်းခလုပ်ကို တကယ်ဆွဲလိုက်မှာ ဖြစ်ကြောင်း စသဖြင့် ပိုပိုသာသာ ဝေဝေဆာဆာလေး၊ အကျယ်တဝင့် ရှင်းပြသွားပါတယ်။

ခုချိန်ထိ ဆောင့်ကြောင့်ထိုင်ရာက မထရရှာသေးတဲ့ကျွန်တော်ကတော့ သူ့အသံအက်ရှရှလေးကိုပဲ နားထောင် ကောင်းကောင်းနဲ့ နားထောင်နေမိတယ်။

" ဟဲ့ ... သူခိုးဆိုတဲ့အကောင် ဒီဘက်လှည့်စမ်း"

ကြီးတော်ရဲ့အသံပါ။

ဒီတော့မှ ကျွန်တော် စိတ်လက်ပေါ့ပါးစွာ သက်ပြင်းချရင်း စလိုးမိုးရှင်းနဲ့ ကြီးတော်ကြီးဘက်ကို လှည့်လိုက်တယ်။ ကျွန်တော့်ကိုမြင်တော့ ကြီးတော်က သူ့ရင်ဘတ်ကို သူဖိပြီး ဘုရားတတယ်။ အဲ့ဒီနောက်မှာတော့ ကောင်မလေးကို လှည့်ပြီး ကြိမ်းတော့တာပါပဲ။

ကျွန်တော်ဟာ သူ့တူဖြစ်တယ်ဆိုတာရော၊ ရန်ကုန်က စာရေးဆရာဖြစ်တယ်ဆိုတာတွေရောစုံလို့ပါပဲ။ အဲ့ဒီလိုဆူတော့လည်း ကောင်မလေးခမြာ မျက်နှာငယ်လေးနဲ့ သနားစရာပါ။

အခုတော့ သူဟာ အမျိုးသမီးကြီးတစ်ယောက် မဟုတ်ဘဲ၊ အသားဖြူဖြူ ပိန်သွယ်သွယ်နဲ့ လှပတ



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး တစ်ယောက်သာ ဖြစ်ကြောင်း ကျွန်တော် သိခွင့်ရခဲ့ပြီဖြစ်သလို၊ သူ့ရဲ့ပုံသဏ္ဍာန်ကိုလည်း အကဲခတ်ခွင့်ရခဲ့ပြီ။

ကျောလယ်လောက် ဆံပင်ရှည်တွေကို ကျစ်ဆံမြီးကျစ်ထားပြီး အဲ့ဒီအပေါ်က လျှာထိုးဦးထုပ်တစ်လုံး ဆောင်းထားတယ်။ ယောကျ်ားဝတ် ရှပ်အင်္ကျီလက်တိုပွပွကြီးနဲ့ ဒူးဆစ်လောက်ခေါက်တင်ထားတဲ့ ဖြူရော်ရော် ဂျင်းဘောင်းဘီကို ဝတ်ထားပြီး လွယ်အိတ် တစ်လုံးကို စလွယ်သိုင်းလွယ်ထားတယ်။

ကြည့်ရတာဖြင့် အဲ့ဒီလွယ်အိတ်ထဲမှာ သူ့ရဲ့ အမဲလိုက်ပစ္စည်းတွေဖြစ်တဲ့ လေသေနတ် ကျည်ဆံတို့၊ လေးခွနဲ့လောက်စလုံးတို့ ထည့်ထားပုံပါပဲ။

ကြီးတော်က ကြိမ်းမောင်းလို့ဝတော့ ကျွန်တော့်ကို တောင်းပန်လိုက်ဆိုပြီး ကောင်မလေးကို တောင်းပန်ခိုင်းတယ်။

" နေပါစေကြီးတော်ရာ " ... လို့ ကျွန်တော် ဝင်ပြောတော့ကြီးတော်က ...

" ဘာနေပါစေလဲ။ နင်မသိပါဘူး အသာနေစမ်းပါ"

ကြီးတော်ရှေ့မှာတုန်းက မျက်စေ့မျက်နှာပျက်နေတဲ့ ကောင်မလေးဟာ ကျွန်တော့်ရှေ့ကိုတော့ ခပ်တည်တည်





မျက်နှာနဲ့ လျှောက်လာတယ်။ ပိုပြီး တိတိကျကျပြောရရင် ဆူပုတ်ပုတ် မျက်နှာနဲ့ပါ.

ကျွန်တော့်ရှေ့ရောက်တော့ တင်းထင်းစေ့ထားတဲ့ နီစွေးစွေးနှုတ်ခမ်းပါးလေးတွေကို ဖွင့်အာပြီး ခုလိုပြောလာပါတယ်။

" ဟေ့လူကြီး။ စိတ်မရှိနဲ့ဗျာ။ ဆောရီး ... " တဲ့။

◈ ◈ ◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

ရင်ထိတ်ဖွယ်တွေဆုံခန်းပြီးချိန်မှာတော့ ရင်ဖိုဖွယ်နောက်ဆက်တွဲကို ကြီးတော်ကြီးက အဖွဲ့အနွဲ့မပါဘဲ တဲ့တိုးကြီးပြောချ လာပါတယ်။

" အဲ့ဒါမနှစ်တုန်းက ငါမွေးစားထားတဲ့ ငါ့ရဲ့ မွေးစားသမီးပဲကောင်းလေး။ စာနဲ့ရေးသင်တဲ့ တက္ကသိုလ်မှာ တက်နေတာ နှစ်တန်းရောက်နေပြီ။ နင်နဲ့ မီးငယ်ကို ပေးစားမလို့"

" ဗျာ "

" မဗျာနဲ့ နင်ဒီကနေ ရန်ကုန်မပြန်ခင် ငါ နင်တို့နှစ်ယောက်ကို လက်ထပ်ပေးလိုက်မယ်။ နင်က သိပ်ကြာကြာ နေမှာ မဟုတ်တော့ သန်ဘက်ခါ ဘုန်းကြီးတွေပင့်ပြီး မင်္ဂလာဆွမ်းကျွေးမယ်။ ကဲ . . . ရေလေးဘာလေး သွားချိုးပြီးနားလိုက်အုံး"



www.burmeseclassic.com

www.burmeseclassic.com



ကြီးတော်ကြီးပုံက ဘယ်သူ့မျက်နှာမှ မထောက်ဘဲ ဆုံးဖြတ်ထားတဲ့အတိုင်း အပီအပြင် လုပ်မယ့်ပုံပါပဲ။

ကျွန်တော့် တစ်ကိုယ်လုံး ထူပူပြီး အဖျားတက်ချင်သလိုလိုတောင် ဖြစ်လာတယ်။ အိမ်ပေါက်ဝနားမှာထိုင်ပြီး စပါးလုံးရွေးနေတဲ့ ကောင်မလေးတော့ ဘယ်လိုနေမယ် မသိဘူး။ အကွာအဝေးက ကြီးတော်ကြီးအသံကို သူကောင်းကောင်း ကြားနိုင်တဲ့ အကွာအဝေးပါ။

တကယ်တော့ ကျွန်တော်ကသာ စိုးရိမ်နေတာပါ။

သူက ကြီးတော်ရဲ့ အစီအစဉ်အားလုံးကို သိပြီးတဲ့အပြင်၊ အဲဒီအစီအစဉ်အတိုင်း လိုက်နာပါ့မယ့် အကြောင်းတောင် ကြီးတော်ကို သဘောတူညီချက် ပေးထားပြီးဖြစ်ပါသတဲ့။

ကျွန်တော်က သူ့ကို အခုမှတွေ့ဖူးတာဖြစ်ပေမယ့် သူကတော့ . . . ကြီးတော်ပြလို့ ကျွန်တော့်ဓါတ်ပုံကို မြင်ဖူးထားပြီးပါပြီ။

အပြင်မှာ ရုပ်ဆိုးပေမယ့်၊ ဓါတ်ပုံထဲမှာ ကြည့်ကောင်းတဲ့ ကျွန်တော်ဟာ အချစ်စာရေးဆရာဖြစ်နေတဲ့ အချက်ကလည်း သူ့ကို ခေါင်းညိတ်ဖြစ်စေဖို့ အထောက်အကူ ပြုခဲ့ပုံပါပဲ။

တကယ်တော့ ကောင်မလေးက ဆွေကြီးမျိုးကြီးထဲကပါ။ သူ့မိဘတွေဆုံးတော့ အမွေလေး အတော်အသင့်





ကျန်ခဲ့ပေမယ့် ဆွေမျိုးတစ်စုက မွေးနေ့ကိတ်မုန့်လှီးသလို တစ်ယောက်တစ်စိတ်စီလှီးယူလိုက်ကြတာ ကုန်လုနီးပါးပဲ လို့ဆိုပါတယ်။

မိဘတွေမရှိတော့တဲ့ နောက်ပိုင်း ဘားအံက ဦးလေး တစ်ယောက်အိမ်မှာ သွားနေပေမယ့် ဦးလေးသမီးတွေနဲ့ မတည့်လို့ စိတ်ညစ်ရပါသတဲ့။

အဲဒီအချိန်မှာ ကြီးတော်နဲ့တွေ့ပြီး ကြီးတော်ရဲ့ မွေးစားသမီး ဖြစ်လာတာပါ။

အကြံနဲ့ မွေးစားထားတဲ့ကြီးတော်ဟာ၊ ကျွန်တော့် ဓါတ်ပုံတွေပြ ကျွန်တော့်အကြောင်းတွေပြောပြီး တစ်နေ့ နည်းနည်းချင်း စည်းရုံးလာခဲ့ပုံပါပဲ။

သူ့ဆီက သဘောတူညီတဲ့ အချက်ပြ မီးစိမ်းရပြီးတာနဲ့ ဝါကျွတ်မှာ ကျွန်တော့်ကို လှမ်းခေါ်မလို့လုပ်နေတုန်း ကျွန်တော်က ကြီးတော်ကြီးဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့တာပါ။

အရင်တုန်းက ကျွန်တော့်ကို အိမ်ထောင်ပြုဖို့ ကြီးတော်ကြီးတိုက်တွန်းတာဟာ စကားသက်သက်နဲ့ တိုက်တွန်းတာဖြစ်လို့ ကျွန်တော် အလွယ်တကူ ငြင်းဆန် နိုင်ခဲ့တယ်။

ခုတစ်ကြိမ်တော့ စကားသက်သက်နဲ့ မဟုတ်ဘဲ၊ မယားလို့ နောင်တစ်ချိန်မှာ ကျွန်တော် ခေါ်ခွင့်ရမယ့်



www.burmeseclassic.com

www.burmeseclassic.com


လှတပတ ကောင်မလေးကိုပြပြီး အတင်းအကြပ်စီစဉ်တဲ့ သဘောဖြစ်နေလို့ ကျွန်တော်ငြင်းဆန်ဖို့ အတော့်ကို အကြပ်ရိုက်သွားတယ်။

တကယ်လို့ ကျွန်တော် အတင်းအကြပ်ငြင်းဆန်ရင်လည်း ရှုံ့ရှုံ့ရှဲ့ရှဲ့နဲ့ ကြီးတော်ကြီးစိတ်တွေဆိုးမှာ သေချာတာမို့ မလာလောဆယ် အသာလေးငြိမ်နေဖို့ ကျွန်တော် ဆုံးဖြတ်လိုက်ပါတယ်။

◈ ◈ ◈ ◈ ◈

နောက်တစ်နေ့ မနက်မှာတော့ ကျွန်တော် အိပ်ရာက အစောကြီးထပြီး ရန်ကုန်ကို ပြန်လစ်ဖို့ပြင်တော့တာပါပဲ။

ကျွန်တော်ပြောရင်ယုံပါ

ကျွန်တော် အဝတ်အစားတွေသိမ်းပြီး ခရီးဆောင်အိတ်ကလေးလွယ်လို့ အဝေးပြေးကားဂိတ်ကို သွားလို့ ကြီးတော်ကြီး အိမ်ပေါ်က တကယ့်ကိုဆင်းလာခဲ့တာပါ။

ဒါပေမယ့် သူနဲ့ ကျွန်တော့်ကြားမှာ ဖူးစာလို့ပဲ ခေါ်ရမလား။ ဝဋ်ကြွေးလို့ပဲသတ်မှတ်ရမလား မသိတဲ့ ဆက်သွယ်မှုက အသေအချာကို ရှိနေခဲ့ပုံပါပဲ။

အိမ်မကြီးနဲ့ အတော်လှမ်းတဲ့ ခြံတံခါးဝဆီကို ကျွန်တော်ဟာ ခေါင်းငိုက်စိုက်နဲ့ လျှောက်လာခဲ့တာမဟုတ်ဘဲ၊ လင်းပြူစ အာရုဏ်ဦး ရှခင်း ဘေးဘီဝဲယာကို ငေးမောပြီး လျှောက်လာခဲ့မိတယ်။

အဲ့ဒါ ကျွန်တော့်အမှားပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်လမ်းကိုယ်မကြည့်ဘဲ ဟိုငေးဒီငေး လုပ်လာခဲ့မိတဲ့အတွက် မြေကွက်လပ်တစ်ခုမှာ လေ့ကျင့်ခန်းလုပ်နေတဲ့ သူ့ကို မမျှော်လင့်ဘဲ ကျွန်တော်တွေ့လိုက်ရတော့တာပဲ။

ဒီတစ်ခါ ရှပ်အင်္ကျီပွပွကြီးနဲ့ ဂျင်းဘောင်းဘီကို မဝတ်ဘဲ တီရှပ်အဖြူနဲ့ ဘောင်းဘီတိုအဖြူလေးကို ဝတ်ထားပြီး ကင်းဗတ် ဖိနပ်အဖြူလေးကိုပါ စီးထားတယ်။ ကြည့်ရတာဖြင့် ခြံကိုတစ်ပတ်နှစ်ပတ်ပတ်ပြေးပြီးခဲ့ပုံပဲ။

သူ့ရဲ့ တီရှပ် အဖြူလေးဟာ ချွေးတွေနဲ့ ရွှဲနစ်နေပြီး လက်နှစ်ဖက်ခြေသလုံး ပိန်ပိန်လေးနဲ့ ပေါင်တံ သွယ်လျလျမှာတော့ ချွေးတွေကြောင့် စိုလက်နေကြတယ်။

သူဟာ ကျွန်တော့်ပို ကျောခိုင်းအနေအထားနဲ့ အကြောလျှော့လေ့ကျင့်ခန်းလုပ်နေတာပါ။ ကတယ်ဆို ပိန်သွယ်တဲ့ သူ့ခန္ဓာကိုယ်မှ အဆီပိုဆိုလို့ တစ်စက်ကလေးမှ မရှိတာ သိပ်ကို သေချာပါတယ်။

ဒါပေမယ့် . . . ဘာကြောင့်မှန်းမသိဘူး။ 'အဆီ' နဲ့ပတ်သက်တဲ့ စကားပုံတစ်ခုက ကျွန်တော့် ခေါင်းထဲကို ဝုန်းခနဲ ထိုးခွဲပြီးဝင်လာတယ်။

ပစ်လိုက်ရမှာလည်း အဆီနဲ့တဝင်းဝင်း . . . ဆိုတဲ့ စကားပုံပါ။ တကယ့်ကို အဆက်မရှိ အစပ်မရှိပါပဲ။

ကျွန်တော် နှစ်ကြိမ်လောက် ပင့်သက်တွေရှိုက်သွင်းလိုက်ပြီး ငေးမောနေမိရာကနေ အသာပဲ လှည့်ထွက်





လိုက်တယ်။ အဲ့ဒီ အချိန်မှာ သစ်ကိုင်းခြောက်တစ်ခုကို မတော်တဆ တက်နင်းလိုက်မိတယ်။ သစ်ကိုင်းခြောက်ခမြာ ဘယ်အချိန်ကတည်းက အောင့်ထားတယ်မသိဘူး။

ကျွန်တော်နင်းလိုက်တယ်ဆိုရင်ပဲ ဖြောင်းခနဲ အသံကျယ်ကြီး ထမြည်တော့တာပဲ။ သစ်ကိုင်းကျိုးသံနဲ့ ခရေးမနှောင်းမှာ တစ်စုံတစ်ရာက ကျွန်တော့်ကျောကို ဘုန်းဖုန်းခနဲ လာမှန်ပါတယ် ကြိုးခုန်တဲ့ကြိုးနဲ့ သူကျွန်တော့်ကို လှမ်းပစ်လိုက်တာပါ.

ကြိုးရဲ့ သစ်သားလက်ကိုင်နှစ်ခုကြောင့် ကျွန်တော် တော်တော်ပဲ အီသွားတယ်။ ကျောကုန်းကို ပွတ်နေတုန်း သူကျွန်တော့် နားကိုလှစ်ခနဲရောက်လာတယ်။ ကျွန်တော့်ကို မြင်တော့ သူ့ရဲ့ မျက်လုံးတောက်တောက်လေး တစ်စုံကို ပြူးပြီး အံ့တသြ ရေရွတ်တယ်။

"ဟော့တော့ . . ခင်ဗျားကြီးကိုး"

"ဟုတ်တယ်။ ကျုပ်ကြီးပဲ။ နေပါအုံး ခင်ဗျားလေးက ဘာဖြစ်လို့ ကျုပ်ကို ကြိုးနဲ့ လှမ်းပေါက်ရတာလဲ"

" ခင်ဗျားကြီးက အသံမပေး ဘာမပေးနဲ့ဆိုတော့ ခွေးတရက်သရဲများလားလို့ လန့်ပြီး ပစ်ပေါက်လိုက်မိတာပါ။ အမေနဲ့တော့ ပြန်မတိုင်နဲ့နော် အမေသိရင် ကျွန်တော့်ကို ဆူနေအုံးမယ်"



www.burmeseclassic.com

www.burmeseclassic.com



စောစောက ကြိုးကို ပြန်ကောက်ရင်း သူလှမ်းပြောတယ်။ ပြီးတော့ ကျွန်တော်ခရီးဆောင်အိတ်ကို သတိပြုမိသွားပုံနဲ့ . . "ဘာလဲ ခင်ဗျားပြန်တော့မလို့လား" လို့မေးတယ်။

အဲဒီအချိန်မှာပဲ ကျွန်တော့်ရင်ထဲမှာ လင်းခနဲဖြစ်သွားပြီး တစ်စုံတစ်ရာကို ဆုံးဖြတ်ပြီးသားဖြစ်သွားပါတယ်။

ကျွန်တော်ဆုံးဖြတ်လိုက်တာက ရန်ကုန်မပြန်တော့တဲ့ ကြီးတော်ကြီးစီမံတဲ့အတိုင်း လက်ခံလိုက်ဖို့ပါပဲ။

ရင်ထဲမှာ လင်းခနဲဖြစ်သွားရတဲ့အကြောင်းကတော့ သူ့ကိုချစ်နေမိမှန်း ကျွန်တော့်ကိုယ်ကျွန်တော် သေချာသွားလို့ပါ။ ဘယ်တုန်းကစချစ်သွားတာလဲလို့ မေးရင် စောစောလေးကပဲလို့ ဖြေရမှာပါ။

◈ ◈ ◈ ◈ ◈



## အခန်း(၄)

နောက်တစ်နေ့မှာ ကြီးတော်ကြီးက ကြိုတင်စီစဉ်ထားတဲ့အတိုင်း ဘုန်းကြီးငါးပါးပင့်ပြီး ကျွန်တော်တို့အတွက် မင်္ဂလာ ဆွမ်းကျွေးလုပ်ပေးပါတယ်။

ညှော်ပရိတ်သတ်အဖြစ်ကြီးတော်ကြီးရဲ့မောင်လူပျိုကြီးနှစ်ယောက်။ ဖားအံက ကောင်မလေးရဲ့ ဦးလေးနဲ့ ရပ်မိရပ်ဘလူကြီး အချို့တက်ရောက်ကြတဲ့ အတွက် သိပ်စည်စည်ကားကားကြီး မဟုတ်တောင် ခြောက်ခြောက်သွေ့သွေ့တော့ မဖြစ်ခဲ့ဘူး။

အဲဒီနေ့က ဘုန်းကြီးဆွမ်းကျွေးလုပ်နေရင်း သူထဖောက်လို့ ကျွန်တော့်မှာ ရင်တုန်ပန်းတုန် ဖြစ်ခဲ့ရပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပုံကတော့ . . . ဘုန်းဘုန်းက ကျွန်တော်တို့နဲ့ လိုက်ဖက်မယ့် တရားတော်ကို ချီးမြှင့်နေတုန်း ဘုန်းဘုန်းကို ဦးချပြီး ဘာမပြော ညာမပြောနဲ့ သူကျွန်တော့်ဘေးက ထထွက်သွားတာပါ။ ကျွန်တော့်ကို တစ်ချက်မှ ငဲ့မကြည့်သလို ကြီးတော်ကိုလည်း မကြည့်ဘဲ ခပ်တည်တည်နဲ့ ထသွားတယ်။

ကြီးတော်ကို ကြည့်မိရင်း မျက်နှာရိပ် မျက်နှာကဲနဲ့ ပြန်ထိုင်ခိုင်းမှာ စိုးလို့ ထင်ပါရဲ့။ ကြီးတော်ရော ကျွန်တော်ပါ ခပ်ကြောင်ကြောင်နဲ့ ကျန်ခဲ့ကြတယ်။

ငါးမိနစ်လောက်နေတော့၊ ကြီးတော်က မျက်နှာ အမူအရာနဲ့ သူ့နောက်လိုက်သွားအုံးဆိုတဲ့ သဘောလှမ်းပြလို့ ဘုန်းကြီးကို ဦးချပြီး ကျွန်တော်ထထွက်လာခဲ့ရတယ်။

တစ်အိမ်လုံး လိုက်ကြည့်ပေမယ့် သူ့ကိုဘယ်မှာမှ မတွေ့ဘူး။ အိမ်ပေါ်မှာ မရှိရင် ခြံထဲတစ်နေရာရာ မှာတော့ရှိမှာပဲဆိုပြီး၊ လိုက်ရှာတော့လည်းမတွေ့ပြန်ဘူး။ ဒီတော့မှ ကျွန်တော်နည်းနည်း ထိတ်လန့်လာတယ်။

ခြံအကျယ်ကြီးကို တစ်ခြံလုံးအနှံ့ ဒေါင်းတောက်အောင် ရှာပြီးတဲ့ အချိန်မှာတော့ ကျွန်တော် ခြေကုန်လက်ပန်းကျပြီး ရင်တုန်ပန်းတုန်ဖြစ်လာပါတော့တယ်။

လူကလည်း ဗိုက်ထဲက နာသလိုလို၊ အပေါ့ပဲသွားချင် သလိုလို သရိုးသရီဖြစ်လာတယ်။ ဒါကြောင့် ခဏအပေါ့အပါး ဖြေပြီးခြံထောင့်က အိမ်သာကို ထွက်လာခဲ့တယ်။





အိမ်သာနားခြေနှစ်လှမ်းသုံးလှမ်းလောက်အကွာကို ရောက်ချိန်မှာတော့ အိမ်သာထဲက ချောင်းဟန့်သံတစ်ခု ခပ်တိုးတိုး ထွက်ပေါ်လာတယ်။ အဲ့ဒီအသံကို ကြားတော့မှ ကျွန်တော်ရင်ထဲက အလုံးကြီးဝုန်းခနဲပြုတ်ကျသွားပါတယ်။

ဒါဟာ . . . တစ်ခြံလုံးအနှံ့ ဖတ်ဖတ်မောအောင် ကျွန်တော်လိုက်ရှာနေတဲ့ သူ့ရဲ့ ချောင်းဟန့်သံပါပဲ။

" ဟေ့ . . . မင်းအိမ်သာထဲမှာ ဘာလုပ်နေတာလဲ"

" ဟာ . . . အိမ်သာတက်နေတာပေါ့ဗျ"

" ဘုန်းကြီးတရားဟောနေတုန်းများကွာ . . . "

" သူဟာသူ ဗိုက်နာလာတာ ဘာတတ်နိုင်မှာလဲ။ ခင်ဗျားကြီးတော် အခုဗိုက်နာလို့ လာတက်တာမဟုတ်လား . . . "

" အေးပါအဲဒီလိုပဲထားလိုက်ပါတော့။ မင်းသာ အခုလောလောဆယ်မြန်မြန်ပြီးအောင် လုပ်ပါ။ တော်ကြာ ကြီးတော်လိုက်ချလာလိမ့်မယ်"

ကြီးတော်ဆိုတဲ့ အသံကြားလိုက်ရင်ပဲ ချက်ချင်း ဆိုသလို သူ အိမ်သာထဲက ထွက်လာပါတယ်။ ကြီးတော် ဆိုတော့ တော်တော် ကြောက်ပုံပါပဲ။ သူ့ရဲ့ မြန်ဆန်မှုကြောင့် ရေတွေ ဘာတွေမှသုံးရဲ့လားလို့ ကျွန်တော် ဇဝေဇဝါ ဖြစ်သွားရပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူအိမ်သာထဲရောက်နေတာဟာ ဗိုက်နာလို့ မဟုတ်သလို၊ အပေါ့အပါး သွားချင်လို့လည်း မဟုတ်မှန်း နောင်အခါမှ ကျွန်တော် သိခဲ့ရတယ်။

အဲ့ဒီနေ့က ကျွန်တော်နဲ့ အတူတူ လက်အုပ်လေးချီပြီး ဘုန်းကြီးဟောတဲ့တရားကို နာနေနေရင်းမှာပဲ သူကျွန်တော့်ကို လက်ထပ်ဖို့ ရုတ်တရက် ကြောက်လာတယ်လို့ဆိုတယ်။ ဒါကြောင့် သူကျွန်တော့်ဘေးကထထွက်သွားခဲ့တာပါတဲ့။

ဒါပေမယ့် ,. အိမ်ပြင်ရောက်တော့လည်း ဘယ်သွားပြီးဘာလုပ်ရမှန်းမသိတာနဲ့ အိမ်သာထဲမှာ သွားထိုင်နေခဲ့ပါသတဲ့။တကယ်လို့ ကျွန်တော် (ဒါမှမဟုတ်) တစ်ယောက်ယောက်သာ လာမခေါ်ရင်၊ မခေါ်မချင်း ဆက်ထိုင်နေအုံးမှာဆိုပဲ။

ကံကောင်းထောက်မစွာ ကျွန်တော် အိမ်သာနားကို ရောက်သွားပေလို့သာပဲ။ ကျွန်တော်သာ မရောက်ခဲ့ရင် ဘာတွေ ဆက်ဖြစ်မလဲဆိုတာ မတွေးဝံ့စရာပါ။

ကျွန်တော်တို့နှစ်ယောက် အိမ်ပေါ်ပြန်ရောက်တော့ ဘုန်းကြီးက တရားဟောတာကို စိတ်ချလက်ချရပ်ပြီး ကျွန်တော်တို့ နှစ်ယောက်ကို စောင့်ဆိုင်းနေလေရဲ့။

ပရိသတ်က ကျွန်တော်တို့ နှစ်ယောက်ကို အံ့ဩ နားမလည်တဲ့ အကြည့်မျိုးနဲ့ ဝိုင်းကြည့်ပြီး ကြီးတော် ကတော့





နှစ်ယောက်စလုံးကို အမှုန့်ခြေပစ်ချင်တယ် ဆိုတဲ့အကြည့်မျိုးနဲ့ လှမ်းကြည့်ပါတယ်။ အံတွေ ဘာတွေတောင်ကြိတ်လို့။

ဘာပဲဖြစ်ဖြစ်အဲ့ဒီနေ့က ကျွန်တော်တို့နှစ်ယောက်ရဲ့ မင်္ဂလာဆွမ်းကျွေးကတော့ အဲ့ဒီပုံစံနဲ့ပဲ ပြီးဆုံးသွားခဲ့တယ်။ ညကျတော့ ကြီးတော်က ကျွန်တော်တို့နှစ်ယောက်ကို အိမ်အပေါ်ထပ်မှာ တက်အိပ်ခိုင်းတယ်။

အဲ့ဒီအချိန်အထိ ကျွန်တော်တို့နှစ်ယောက်က စကားစမြည်ဆိုလို့ ထွေလီကာလီရော ထွေရာလေးပါးပါ ဟုတ်တိပတ်တိ မပြောဖြစ်ကြသေးဘူး။ သူက ကျွန်တော့်ကို ဘုရားစင်ရှေ့မှာ အိပ်ရာပြင်ပေးပြီး အဲ့ဒီမှာ အိပ် ..." လို့ ပြောတဲ့အတွက် သူပြတဲ့ နေရာမှာပဲ ကျွန်တော် အိပ်လိုက်ပါတယ်။

သူကတော့ သူ့ရဲ့အခန်းထဲမှာ တံခါးဂျက်ထိုးပြီး ဟောက်များတောင်ဟောက်လို့ စိတ်ချလက်ချအိပ်လေရဲ့။ နောက်နေ့ မနက်ဘုရားရှိခိုးဖို့ တက်လာတဲ့ ကြီးတော်က ကျွန်တော်တို့ အဖြစ်ကို တွေ့ပြီး ဩဝါဒကထာတွေ ချွေတော့တာပါပဲ။

လင်နဲ့မယားဆိုတာ အတူတူအိပ်ကြရတယ်ဆိုတာ စပြီး လင့်ဝတ္တရား၊ မယားဝတ္တရား၊ မောင်တထမ်း မယ်တရွက်ဆိုတာတွေ အထိအစုံပါပဲ။

" ရန်ကုန်ရောက်ရင်ကော ညီးခုလို အိပ်ရာ ခွဲအိပ်နေအုံးမှာပဲလား မီးငယ်"



www.burmeseclassic.com

www.burmeseclassic.com



" အို . . . အမေကလည်း မီး အဲ့ဒီလူကြီး လွတ်လွတ် လပ်လပ် အိပ်ပါစေဆိုပြီး ဘုရားစင်ရှေ့မှာပြင်ပေးထားတာပါ။ ရန်ကုန်ရောက်ရင်တော့ သူက အိမ်ရှင်ပဲ။ သူပြင်ပေးတဲ့ နေရာမှာ အိပ်ရမှာပေါ့"

" ဟုတ်ပါ့"

ကြီးတော်က ရင်ဘတ်ကိုလက်နဲ့ ဖိလို့ ဘုရားတရင်း ကျွန်တော့်ကို "မင်းကကော ဘယ်လိုလဲ" ဆိုတဲ့ သဘောနဲ့ လှမ်းကြည့်တယ်။ ကျွန်တော်က ကြီးတော်ကြီး စိတ်မဆိုးခင် လင့်ဝတ်မယားဝတ်နဲ့အညီ နေထိုင်မှာပါဆိုတဲ့ အကြောင်း ကတိပေးလိုက်တော့မှ ကြီးတော်ကျေနပ် သွားပါတယ်။

ဒါပေမယ့် သူကတော့ ကျွန်တော့်စကားကို သိပ်ကျေနပ်ပုံမရဘူး။ ကြီးတော်တစ်ဘက်အလှည့်မှာ မသိမသာ အံကြိတ်ပြလေရဲ့။

ကျွန်တော်တို့ရဲ့ မင်္ဂလာဦးနံနက်ခင်းဟာ အဲ့ဒီပုံစံနဲ့ စတင်ခဲ့တာပါ။ အဲ့ဒီနေ့ နေ့လည်လောက်မှာတော့ ကျွန်တော်တို့နှစ်ယောက်ဟာ ကြီးတော်ကို ကန်တော့ပြီး အထုပ်အပိုးကိုယ်စီနဲ့ ရန်ကုန်မြို့တော်ကြီးကို ထွက်ခွာလာခဲ့ကြပါတယ်။

◈ ◈ ◈ ◈ ◈



အဲ့ဒီလိုနဲ့
ငါ့ရင်ဘတ်ဟောင်းဟောင်းထဲ
ပန်းတွေ ကောင်းကောင်းပွင့်ခဲ့ကြပေါ့ . . .။
တစ်ချို့ကဝါ
တစ်ချို့ကပြာလို့ . . .။

ဓဒင်ဥယျာဉ်ကြီး
ပြောင်းရွှေ့ရောက်ရှိလာသလိုမျိုး
ပန်းရနံ့တွေ သင်းထုံလိုက်ပုံများ၊
ကောင်းကင်ထက်က
နတ်သမီးလေးတောင်
မနေနိုင်ရှာဘူး ထင်ရဲ့ . . .။

သူ့ခမြာ
အခု . . . ငါ့ရင်ဘတ်ထဲ
ပျော်ဝဲနေရှာပေါ့ . . .။

◈ ◈ ◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

ကြီးတော်ပေးစားလိုက်တဲ့ ဇနီးမယားအသစ်ချပ်ချွတ်ကလေးနဲ့ ကျွန်တော် ရန်ကုန်ရောက်ခါစနေ့ရက်တွေအကြောင်း နည်းနည်းပြောချင်ပါတယ်။

မြို့သစ်မှာရှိတဲ့ ကျွန်တော့်ရဲ့ ခပ်စုတ်စုတ်အိမ်ကလေးကို သူနဲ့ ကျွန်တော် စရောက်တဲ့နေ့ညနေမှာပဲ သူ့အတွက် ညည့်စာရင်း တိုင်ဖို့ ရပ်ကွက်ရုံးလေးဆီကို ကျွန်တော် ထွက်လာခဲ့တယ်။ ရုံးရောက်လို့ ညည့်စာရင်းပုံစံစာရွက်မှာ ဖြည့်စရာရှိတာတွေ ဖြည့်တော့မှ ကျွန်တော့်ရဲ့ ရယ်စရာကောင်းတဲ့ အဖြစ်ကို ကိုယ့်ဘာသာ သဘောပေါက်လာတယ်။

ညည့်သည်အမည်ဆိုတဲ့နေရာမှာ 'မိးငယ်" ကိုဖြည့်မယ်လုပ်ပြီးမှ သူ့နာမည်ဟာ အဲဒီ နှစ်လုံးထဲဘတ်ရဲ့လားလို့ ကိုယ့်ဘာသာ ဇဝေဇဝါဖြစ်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



မီးမီးငယ်သော်လည်းကောင်း၊ မီးငယ်သော်လည်းကောင်း ဖြတ်ကောင်းဖြစ်နေနိုင်တယ် မဟုတ်လား။

မှတ်ပုံတင်နံပါတ်ဆိုတာကိုတော့ လုံးဝမသိတာမို့ ခပ်တည်တည်ကျော်လိုက်ပေမယ့် .... အသက်ဆိုတဲ့နေရာမှာ ဝါးတားတား ဖြစ်ရပြန်ရော . . .။

သည်တော့မှ ကျွန်တော်ဟာ သူနဲ့ ပါတ်သက်ပြီး ဘာမှ ပြည့်ပြည့်စုံစုံ မသိသေးမှန်း သဘောပေါက်လာတယ်။ ဒါကြောင့် ညွှန်စာရင်းစာရွက်လေးကို အိပ်ထဲကောက်ထည့်ပြီး ကျွန်တော် အိမ်တစ်ခေါက်ပြန်လာခဲ့ရတယ်။

အိမ်ရောက်လို့ သူ့နာမည် အပြည့်အစုံကိုမေးတော့ ကျွန်တော်ထင်သလို မီးငယ်ငယ်မဟုတ်သလို မီးမီးငယ်လည်း မဟုတ်ဘူး။

" ငယ်ငယ်ထူး ". . . ပါတဲ့။

" ဆွေမျိုးတွေကတော့ မီးငယ်လို့ခေါ်ကြတာပဲ။ တစ်ချို့ကတော့ မီးလို့ခေါ်တယ်။ ဒါနဲ့နေပါအုံး။ အဲ့ဒီလူကြီးနာမည်ကရော ဘယ်သူတဲ့လဲ"

မြတ်စွာဘုရား . . . ကျွနတော်တင်လား အောင့်မေ့တယ်။ လက်စသတ်တော့ သူကပါ ကျွန်တော့်နာမည်ကို မသိသေးပဲကိုး။

" မင်းကိုယ့်နာမည်ကို မသိသေးဘူးလား"





" စာရေးဆရာနာမည်ကိုတော့ သိတာပေါ့ လူနာမည်ကို အမေတစ်ခါ ပြောဖူးပေမယ့် မေ့တော့တော့ ဖြစ်နေတယ်။ မမှတ်မိတော့ဘူး"

ကျွန်တော့်နာမည်ဟာ ကိုရဲဖြစ်ကြောင်း ပြောပြရသလို ကျွန်တော့် မွေးသက္ကရာဇ်နဲ့ မှတ်ပုံတင်နံပါတ်ကိုပြောပြရတယ်။

ပြီးတော့ သူ့အသက်၊ သူ့မွေးသက္ကရာဇ်နဲ့ မှတ်ပုံတင်နံပါတ်ကိုမေးရပြန်တယ်။ နောက် သူ့မိဘ အမည် ကျွန်တော့် မိဘအမည် သူ့မွေးရာဇာတိ ကျွန်တော့် မွေးရာဇာတိ. . .။

အပြန်အလှန် မေးမြန်းကြ။ စူးစမ်းကြနဲ့။ အတော့်တော့ ရယ်စရာကောင်းလှပါတယ်။ လင်မယားအဖြစ် ထိလာဆွမ်းကျွေးခဲ့ပြီးမှ တစ်ယောက်အကြောင်းတစ်ယောက် မေးမြန်းကြရတဲ့ အဖြစ်ဟာ ကျွန်တော်တို့ နှစ်ယောက်မှာပဲ ရှိလိမ့်မယ်ထင်ပါရဲ့။

အဲ့ဒီည အိပ်ရာဝင်တော့ ကျွန်တော့်ရဲ့ အိပ်ခန်း ကျဉ်းကျဉ်းလေးထဲက ကုတင်သေးသေးလေးပေါ်မှာ သူနဲ့ ကျွန်တော် သုံးနဲ့လေးလို ကျောခိုင်းပြီး အိပ်ကြရတယ်။

" ဟေ့ လူကြီး ဒီဘက် မတိုးနဲ့နော်"

" အင်းပါ။ ဒါပေမယ့် . . . ကြီးတော်မှာလိုက်တာက"

" အို . . . ကြီးတော်တွေ ဘာတွေလုပ်မနေနဲ့။ အမေမှာလိုက်တာကျွန်တော်သိတယ်။ ဒါပေမယ့် . . . အဲ့ဒီမှာပဲ အိပ်။ ဒီဘက်လည်း လှည့်မလာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် ကုတင်က ကျဉ်းရတဲ့ကြားထဲအစွန်မှာ အိပ်ကြရတာမို့ ဘယ်လိုမှ အဆင်မပြေပါဘူး။ ဒါကြောင့် သူအိပ်ပျော်လောက်တဲ့ အချိန်မှာ ခေါင်းအုံးကို ယူပြီး ကျွန်တော်ဧည့်ခန်းထဲမှာ သွားအိပ်လိုက်ပါတယ်။

မနက်မိုးလင်းတော့ ကျွန်တော့် ကိုယ်ပေါ်မှာ စောင်ပါးလေးတစ်ထည် ရောက်နေပြီး၊ ကျွန်တော့် ဘေးမှာတော့ ထွန်းလက်စ ခြင်ဆေးခွေလေးတစ်ခွေ တွေ့လိုက်ရလို့ သူ့ရဲ့ အလိုက်သိတတ်မှုအတွက် ကျွန်တော် ကျေနပ်သွားရပါတယ်။

ဒါပေမယ့် စိတ်အနှောင့်အယှက်ဖြစ်ရတာ တစ်ခုက အဲ့ဒီညကစပြီး ညတိုင်း အလိုက်သိတတ်လွန်းတဲ့ ကိစ္စပါ။ နောက်တစ်နေ့ . . .

ညနေနေဝင်လို့ မှောင်စပျိုးတာနဲ့ ဧည့်ခန်း ဘုရားစင်ရှေ့မှာ ကြမ်းကိုပြောင်အောင် လှဲကျင်းပြီး ခြင်ဆေးခွေလေးထွန်းပေးတယ်။

" ဟော့ အဲ့ဒါ ဘာလုပ်တာလဲ"

" ခြင်ဆေးထွန်းပေးတာလေ။ အဲ့ဒီလူကြီး ဒီမှာအိပ်မှာမဟုတ်လား။ ညကျခြင်ကိုက်နေမှာစိုးလို့"

ဒါဟာ . . . သူ့ရဲ့ ရိုးသားစွာ အလိုက်သိမှု ဖြစ်နိုင်သလို၊ ဆန်းပြားစွာ လှုလည်ကျမှုလည်းဖြစ်နိုင်တယ်။





ကျွန်တော် ငြင်းလိုက်ရင်ဖြစ်ပေမယ့် မကောင်း ဘတ်တာမို့၊ အောင့်သက်သက်နဲ့ပဲ အိမ်ရှေ့ဧည့်ခန်းမှာ အိပ်လိုက်ရတယ်။

ဒီလိုနဲ့ တစ်ည၊ နှစ်ညကနေ သုံးလေးညတိုင်ခဲ့တယ်။ …မညမှာတော့ ဖူးစာရေးနတ်က ကျွန်တော့်ကို သနားလို့နဲ့ …ပါရဲ့ အပြောင်းအလဲ တစ်ခုကို ဖန်တီးပေးခဲ့တယ်.

တစ်ခြား မဟုတ်ပါဘူး ကျွန်တော်တို့မြို့သစ် အပါအဝင် ရန်ကုန်တစ်မြို့လုံးနီးပါး ငလျင်လှုပ်သွားတဲ့အဖြစ် အပျက်ပါ။

ညသန်းခေါင်လောက်မှာ အော်လဲ သံကြီးနဲ့အတူ ကျွန်တော်တို့ အိမ်ကလေးသိမ့်သိမ့်တုန်သွားတယ်။ သူ့အခန်းထဲက စိုးရိမ်တကြီးပြေးထွက်လာပြီး၊ အမောတကော …တယ်။

" ဘာဖြစ်တာလဲဟင်၊ ဘာဖြစ်တာလဲ"

ကြောက်ရှာလွန်းလို့ထင်ပါရဲ့ သူ့ခမြာအသံတွေ …တွေတောင်တုန်လို့၊ ကျွန်တော်အားပေးတဲ့ အနေနဲ့ …လက်လေးကို ဆုပ်ကိုင်ထားလိုက်တယ်။

" ဘာမှမဟုတ်ပါဘူး မိန်းရဲ့။ ငလျင်လှုပ်တာပါ"

" အို . . . ကြောက်စရာကြီးနော်"



www.burmeseclassic.com

www.burmeseclassic.com

ချောင်လှစ်ဖြီးသွားလို့ အတော်ကြာတဲ့ အထိ ချွန်းတော် မျက်စေ့ကြောင်ပြီး ပြန်အိပ်လို့မရတော့ဘူး။ သူ့ကို သွားအိပ်ခိုင်းတော့လည်း မအိပ်ရဲဘူး . . . တဲ့။

" တော်ကြာ ပြန်လှုပ်ချင်လှုပ်နေအုံးမှာ မအိပ်တော့ဘူး။ ဒီနားမှာပဲထိုင်နေမယ်လေ"

" မလှုပ်တော့ပါဘူးမီးရဲ့ သွားအိပ်ပါ"

" ဟင့်အင်း ကြောက်တယ်"

" ဒါဖြင့် ကိုယ်ပါ အထဲမှာလာအိပ်ပေးရမလား"

သူဖြတ်ခနဲ ကျွန်တော့်ကို တစ်ချက်ကြည့်တယ်။ နောက်တော့ မျက်နှာလေးရဲပြီး ခေါင်းငုံ့သွားတယ်။ အတော်ကြီးကြာမှ အသံတိုးတိုးလေးနဲ့ ပြောတယ်။

" အဲ့ဒီလူကြီး သဘောပဲ " . . . တဲ့။

◈ ◈ ◈ ◈ ◈



အခန်း (၆)

ကျွန်တော်တို့ရဲ့ အိမ်ထောင်ဦးကာလဟာ ရွေးချယ်ထားတဲ့နေ့တွေချည်းမဟုတ်ခဲ့ပေမယ့် များသောအားဖြင့် စိတ်ချမ်းသာခဲ့ရပါတယ်။ သူ ကျွန်တော့်အပေါ် စိတ်ကောက်တဲ့နေ့တွေကိုတော့ ခြွင်းချက် အဖြစ်သတ်မှတ်မှာပါ။ သူစိတ်ကောက်ပြီ ဆိုရင် ကျွန်တော့်မှာ စိတ်ရှုတ်စိတ်ပျက်ရတော့တာပါပဲ။

အဲ့ဒီလိုနေ့တွေကလွဲရင် ကျွန်တော်တို့ရဲ့ အိမ်ထောင်ဦးကာလ ရာသီဥတုဟာ အတော့်ကို ကြည်လင်သာယာခဲ့တယ်လို့ ဆိုရမှာပါ။

မနက်မိုးလင်းလို့ ထမင်းကြော်စား ကော်ဖီ သောက်ပြီးတဲ့အချိန်မှာကျွန်တော်က စာရေးစားပွဲထိုင်ပြီး သူကတော့ ဈေးခြင်းတောင်းလေးဆွဲလို့ ရပ်ကွက် ဈေးလေးဆီကို ကော့ကော့၊ ကော့ကော့နဲ့ ထွက်သွား တော့တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ ဈေးသွားဖော်တွေအဖြစ် မရွှေမြိုင့်တို့လို အိမ်နားနီးချင်းမိန်းမတွေက တစ်လှည့်စီ အသုံးတော်ခံကြလေရဲ့။ သူက အဖော်အပေါင်းမင်တဲ့ အပြင်၊ အသိအကျွမ်းကလည်း စိတ်ပျက်စရာကောင်းလောက်အောင် များပြားလွန်းလှပါတယ်။

တစ်ခါတစ်လေ သူနဲ့ ကျွန်တော် အရပ်ထဲကို အတူတူတွဲပြီး လမ်းလျှောက်တဲ့အခါ၊ သူ့ခမြာ ပါးစပ်ကိုပိတ်ရတယ် မရှိသလို ညာဘက်လက်ကိုလည်း ချရတယ် မရှိပါဘူး။

ဘယ့်နှယ် . . . ဟိုလူ့ လက်ပြလိုက် ဒီလူ့ နှုတ်ဆက်လိုက်နဲ့ သူ့ကိုကြည့်ပြီး ဘေးနားက ကျွန်တော်တောင် မောပါရဲ့။ သူကတော့ အဲဒီလို အပေါင်းအသင်းများတာကိုပဲ ဂုဏ်ယူနေတယ်နဲ့ တူပါတယ်။

ဒီနေရာမှာ သူနဲ့ ကျွန်တော်ကတော့ ဆန့်ကျင်ဘက်ပါပဲ။ ကျွန်တော်က လူမှုရေးဆိုတဲ့ စကားလုံးကို အပြည့်အဝနားလည်ပေမယ့် လမ်းသွားတဲ့အခါ ကိုယ့်အာရုံနဲ့ကိုယ်မို့လို့ ဘယ်သူ့ကိုမှ တကူးတက နှုတ်မဆက်ဖြစ်ဘူး။

သိပ်ရင်းနှီးလွန်းတဲ့ တစ်ယောက်တစ်လေကိုသာ ပြုံးပြ ခေါင်းညိတ်ရုံလောက်လုပ်ပြီး တော်ရုံ မျက်မှန်းတန်းမိသူကိုတော့ ဖာသိဖာသာပဲ။ ကျွန်တော့်ကို ဖာသိဖာသာနဲ့ မျက်နှာလွှဲသွားရင်လည်း စိတ်မဆိုးဘူး။





သူကတော့ အသိမြင်ရင် နှုတ်ဆက်လိုက်ရမှ၊ နည်းနည်းရင်းနှီးသူဆိုရင် စကားလေးရပ်ပြောလိုက်ရမှ။ သာကြောင်း မာကြောင်း အပြင် အနည်းဆုံး "ဒီနေ့ဘာကောင်းလဲ" ဆိုတာလေးဖြစ်ဖြစ်မေးလိုက်ရမှ။

အစက ဒီရပ်ကွက်ထဲမှာ ကျွန်တော့်ကို လူတွေက ရှိတယ်လို့တောင် မသိကြပါဘူး။ ကျွန်တော် ကိုယ်တိုင်ကလည်း ဘယ်သူမှ မသိအောင် တိုးတိုးတိတ်တိတ်လေး နေတတ်တဲ့သူပါ။

ဒါပေမယ့် . . . သူကျွန်တော့်အိမ်ပေါ် ရောက်လာပြီး နောက်ပိုင်းမှာတော့ . . . သူ့ကြောင့်ပဲ ကျွန်တော့်မှာ (သူ့ခင်ပွန်းသည်အဖြစ်) လူသိများလာရတော့တာပဲ။

ဈေးများသူနဲ့ အတူတူတွဲသွားမိလို့ကတော့ ကျွန်တော့်မှာ သေချင်စော်နံတော့တာပါပဲ။ ရပ်ကွက်ဈေးလေးကို ကျွန်တော် တစ်ယောက်ကတည်းသွားရင် တစ်ဈေးလုံးအနှံ့ပတ်ပြီး ကိုယ်လိုချင်တာဝယ်တာ ဆယ်မိနစ်ပဲကြာတယ်။

သူနဲ့သွားရင်တော့ နာရီဝက်မက တစ်နာရီလောက်ကြာချင်ကြာတတ်ပါတယ်။ ရပ်ကွက်ဈေးတန်းတိုတိုလေး ဒီဘက်ထိပ်ကနေ ဟိုဘက်ထိပ်အထိ သူလျှောက်တာတင် မိနစ်နှစ်ဆယ်တိတိကြာပါတယ်။ တွေ့ရာမြင်ရာ အသိမှန်သမျှရပ်ပြီး နှုတ်ဆက်နေလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အိမ်ထောင်ဦးစီး အစပိုင်း
ရက်တွေလောက်သာ ကျွန်တော်ဈေးလိုက်ပြီး နောက်ပိုင်
သူဈေးခေါ်ရင် လိမ္မာပါးနပ်စွာ ရှောင်ရှားတတ်လာတယ်။ သူ
ကျွန်တော့်ကို ခေါ်မရတဲ့နောက်မှာတော့ အိမ်နား
နီးချင်းအမျိုးသမီးတွေကို အဖော်လုပ်ပြီး သူ့ဘာသာ
သွားပါတော့တယ်။

သူဈေးက ပြန်လာလို့ ချက်ပြုတ်ပြီးတဲ့အခါမှာတော့
ကျွန်တော်တို့နှစ်ယောက် ထမင်းလက်ဆုံစားကြတယ်
ထမင်းစားပြီးတဲ့ အခါ သူကတစ်ရေးတစ်မောအိပ်
ကျွန်တော်ကတော့ စာရေးရင်ရေး၊ မရေးရင်စာဖတ်။

သူအိပ်ရာက နိုးတဲ့အခါ အိမ်မှုကိစ္စ
တာရီယလုပ်တယ်။ လျှော်စရာရှိတာလျှော်တယ်။ အဲ့ဒီအချိန်
ကျွန်တော်က အညောင်းပြေသဘောနဲ့ လက်ဘက်ရည်ဆိုင်
ဖြစ်ဖြစ်၊ တစ်ဘက်ရပ်ကွက်က သူငယ်ချင်းပန်းချီဆရာ
ဖြစ်ဖြစ်အလည်သွားပြီး၊ ညနေပြန်လာတဲ့အခါ ခြံရှင်းပန်း
ရေလောင်း။ သူကတော့ ညနေစာအတွက် ဟင်းတွေနွှ
ငါးပိကျို . . . ။

ကျွန်တော်တို့ရဲ့ အိမ်ထောင်ဦးကာလဖြတ်သန်းမှု
များသောအားဖြင့်တော့ အဲ့ဒီအတိုင်းပါပဲ။

သူရော ကျွန်တော်ပါတစ်ပတ်နှစ်ရက် အပြင်ထွက်
တာတော့ရှိတာပေါ့။ ကျွန်တော်က စာပေတိုက်





မဂ္ဂဇင်းတိုက်တွေ သွားတာဖြစ်ပြီး သူက အဝေးသင်အတွက်
အနီးကပ် သွားတက်တာပါ။

အဲ့ဒီရက်တွေကလွဲရင် ကျန်တဲ့ရက်တွေမှာတော့
စောစောက ပြောခဲ့သလိုပဲ ဖြတ်သန်းခဲ့ကြတယ်။

ကျွန်တော်တို့ရဲ့ ဖြတ်သန်းမှုကို အေးချမ်းတယ်လို့
ဆိုကောင်းဆိုနိုင်ပေမယ့် ကြာလာတဲ့အခါမှာတော့
ထူးမခြားနားနေ့ရက်တွေကြောင့် ပျင်းရိလာကြတယ်။

ပျင်းရိငြီးငွေ့တဲ့ဒဏ်ကို ကျွန်တော်ကခံနိုင်ပေမယ့်
သူကတော့ ခံနိုင်ပုံမရဘူး။ ဒါကြောင့်လည်း သူများဆီက
ကလေးကို အတင်းသွားတောင်းခဲ့တာဖြစ်မှာပဲ။

တစ်ညနေ ဆေးလိပ်ထွက်ဝယ်ရင်း မရွှေခြိုင့်နဲ့တွေ့လို့
အဲ့ဒီကိစ္စကို ကျွန်တော်သိခဲ့ရတာပါ။ မရွှေခြိုင့်က ကျွန်တော်တို့
လမ်းထဲမှာ ကလေးအများဆုံး မိခင်မို့ တစ်ချို့က ကွယ်ရာမှာ
ရှင်မွေးလွန်းလို့တောင် နောက်ပြောင်ကြပါတယ်။

တစ်ရက် ကျွန်တော့်ရဲ့ မဟေသီလေးက
မရွှေခြိုင့်ဆီမှာ "ကလေးတစ်ယောက်လောက်ပေးပါ" ဆိုပြီး
တောင်းပါသတဲ့။ "ဘာလုပ်ဖို့လဲ မီးငယ်ရယ်" ဆိုတော့
အိမ်မှာမွေးဖို့ပေါ့လို့ သူက ပြန်ဖြေတယ်လို့ ဆိုပါတယ်။

" အဲ့ဒါပါပဲ ကိုရဲရယ် ကျွန်မက
ပေးဖို့မဖြစ်နိုင်တဲ့အကြောင်း ပြောတော့ သူကျွန်မကို
စိတ်ကောက်သွားလေရဲ့။ သူ့ကို အကျိုးအကြောင်း နည်းနည်း
ရှင်းပြပေးပါအုံး"



www.burmeseclassic.com

www.burmeseclassic.com



" စိတ်ချ မရွှေမြိုင့်။ ကျွန်တော် နားလည်အော ရှင်းပြလိုက်ပါ့မယ်။ မရွှေမြိုင့်လည်း သူ့ကို ဗွေမယူပါနဲ့"

အိမ်ရောက်တော့ ကျွန်တော်သူ့ ဖြောင်းဖျပြရတယ်။ သူမျှားကလေး ခွေးကလေးကြောင်ကလေးတွေ တောင်းသလ တောင်းလို့မရကြောင်းလည်းရှင်းပြရတယ်။

အဲ့ဒီတော့ . . . သူက ကျွန်တော့်ကို ငိုသံလေး အခုလို ပြန်ပြောပါတယ်။

" အဲ့ဒါ ကိုကိုကြောင့်သိလား။ ကိုကိုညံ့လို့ မီး သူမျှားကလေးကို အောက်ကျချိုပြီး သွားတောင်းရတ မီးမှာသာ ကိုယ်ပိုင် ကလေးတစ်ယောက်ရှိ ဘယ်သွားတောင်းစရာလိုမှာလဲ"

သူ့စကားကြောင့် ကျွန်တေ ဟက်ဟက်ပက်ပက် ရယ်မောလိုက်မိတယ်။ ဘယ့်နှ . . . သူနဲ့ ကျွန်တော် အိမ်ထောင်ကျတာဖြ လပိုင်းပဲရှိသေးတဲ့ဥစ္စာ။ " စောင့်ပါအုံးကျောင်းအစ်မရ တဖြည်းဖြည်းတော့ ဖြစ်လာမှာပေါ့" လို့ ကျွန်တေ ကတိပေးလိုက်ရတယ်။

◈ ◈ ◈ ◈ ◈



အခန်း (၇)

တကယ့်တကယ်မှာတော့ သူမျှော်လင့်စောင့်စား နေတဲ့ အရာဟာ အိမ်ထောင်သက် တစ်နှစ်ကျော်ကြာမှ ကျွန်တော်တို့ဆီကို တန်းတန်းမတ်မတ်ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့ပါတယ်။

ကလေးလိုချင်လှပါတယ်ဆိုတဲ့ သူဟာ တကယ့် တကယ်ကိုယ်ဝန်ရှိမှန်းသိချိန်မှာတော့ ဝမ်းပန်း တနည်းငိုကြွေးလေရဲ့။

" ဘယ်လိုဖြစ်တာလဲ မီးရယ် "

" ဗိုက်ကြီးတယ်ဆိုတာ ဘယ်လောက်ရှက်စရာ ကောင်းလဲ ကိုကိုရဲ့၊ ပြီးတော့ ကလေးမွေးရင်လည်း နာအုံးမှာ ဟီး"

" မီးပဲ ကလေးလိုချင်လှချီရဲ့ဆို . . . "



www.burmeseclassic.com

www.burmeseclassic.com



" မီးက ကလေးသာ လိုချင်တာ၊ ဗိုက်ကြီးချင်တာ မဟုတ်ဘူး"

" ဗိုက်မကြီးဘဲ ကလေးလိုချင်လို့တော့ ဘယ်ရပါ့မလဲမီးရဲ့။ တစ်ခုတော့ရှိတယ်။ ကိုကိုရဲ့သွေးဖြစ်ရင် ပြီးရော၊ မီးနဲ့တူချင်တူ မတူချင်နေဆိုရင်တော့ . . . "

" အောင်မာကိုကိုနော်"

သူခပ်စူးစူးအော်ပြီး ကျွန်တော့် လက်မောင်းကို ဖြောင်းခနဲ လှမ်းရိုက်တယ်။ ကျွန်တော့်အပေါ် စိတ်ရှိလက်ရှိ စိတ်ဆိုးလိုက်တော့မှပဲ၊ သူ့ရဲ့ငိုလက်စမျက်ရည်တွေ ရပ်ဆိုင်းသွားပါတော့တယ်။

ကလေးလိုချင်ပြီး ဗိုက်မကြီးချင်တဲ့ သူဟာ နောက်ပိုင်းတော့လည်း၊ မိခင်စိတ်တွေ တဖြည်းဖြည်း ပြည့်ဝလာတယ်။

အငန်အစပ်ကို အလွန်ကြိုက်လှတဲ့ သူဟာ နောက်ပိုင်းကလေးနဲ့မတည့်မှာ စိုးလို့ဆိုပြီး ရှောင်စပြုလာသလို ကလေးအသား ဖြူအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ နေ့တိုင်း နွားနို့ငါးဆယ်သားစီ သောက်ရတာလည်း အမော့ပါပဲ။

ပြီးတော့ . . . မွေးလာတဲ့ကလေး ချောအောင် လှအောင်ဆိုပြီး တစ်အိမ်လုံးအနှံ့ ကမ္ဘာတလွှားက မင်းသားမင်းသမီး ပုံတွေ ကပ်ထားလိုက်တာကလည်း အိမ်သာနံရံတောင် မကျန်လောက်အောင်ပါပဲ။





ကလေးကိုချစ်တဲ့စိတ်နဲ့ ဆောင်သင့်တာဆောင် ရှောင်သင့်တာရှောင်လို့ ကျွန်တော်သူ့အပေါ် အမှတ်ပေးမိပေမယ့်၊ "ချဉ်ခြင်း" ဆိုတဲ့ အကြောင်းပြချက်နဲ့ ဟိုဟာစားချင် ဒီဟာစားချင်ဖြစ်တာကိုတော့ အတော်ပဲ စိတ်ပျက်မိပါရဲ့။

ရွှေခြိုင့် ယောကျ်ားကို ရွှေဖုန်းကတော့ အတွေ့အကြုံများသူပီပီ ကျွန်တော့်ကိုဖြောင်းဖျတယ်။

" ကိုယ်ဝန်ဆောင်ဆိုတာ ဒီလိုပဲကွ။ ဟိုဟာ ဒီဟာ ချဉ်ခြင်းတပ်တာထုံးစံပဲ။ ရွှေခြိုင့် ပထမဆုံး ကိုယ်ဝန်တုန်းကဆိုရင် မင်းမိန်းမထက်ဆိုးတာပေါ့။ သူက ဘာကို ချဉ်ခြင်းတပ်တယ်အောင့်မေ့လဲ။ "ပြာ" . . . ကွ။ ပြာတောင်မှ စီးကရက်ပြာကို ချဉ်ခြင်းဖြစ်တာ။ ပြာကိုလက်ညှိုးလေးနဲ့တို့တို့ပြီး၊ လျှက်ဆားလျှက်သလို၊ တစ်နေကုန် လျှက်နေချင်တာတဲ့ကွ"

" သူ့ဦးစွာက အဆန်းပါလားကိုရွှေဖုန်း"

" ဆန်းတာကတော့ ပြောမနေနဲ့။ ငါကလည်း အဲဒီတုန်းက ဆေးလိပ်မသောက်တတ်သေးတော့၊ ဆေးလိပ်သောက်တဲ့ သူငယ်ချင်းတွေကို မနက်ဆို လက်ဘက်ရည်ဆိုင်ခေါ်ပြီး လက်ဘက်ရည်နဲ့ ဆေးလိပ်တိုက်ရတယ်။ သူတို့ စီးကရက် မီးညှိပြီဆိုတာနဲ့ အိမ်ကယူလာတဲ့ ပလပ်စတစ်ဗူးလေးကိုဖွင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူတို့သောက်တဲ့ စီးကရက်ပြာကို အဲ့ဒီဗူးထဲမှာ ခြွေခိုင်းရတယ် နောက်တော့ မဖြစ်သေးပါဘူးဆိုပြီး ဒူးယားတစ်ဗူးဝယ် သူ့အတွက် ဆေးလိပ်ပြာရအောင် ကိုယ့်ဟာကိုယ်တိုင်ဖွာရ ငါလည်း စီးကရက်စွဲသွားလိုက်တာ ဒီနေ့အထိပဲ"

"တော်သေးတာပေါ့၊ မရွှေခြိုင့်က အရက်ေ ဘာတွေချဉ်ခြင်းမဖြစ်လို့"

"အောင်မာ . . . မထင်နဲ့မောင် တတိ ကောင့်တုန်းက အိုးဘရန်ဒီဆိုပြီးဖြစ်ပါရောလာ အဲ့ဒီတုန်းကများဆို နှစ်ရက်ကို တစ်လုံးပဲ"

"မရွှေခြိုင့်တစ်ယောက်ထဲ သောက်တာလား"

'ဘယ်ဟုတ်မလဲကွ။ သူနဲ့ ငါတစ်ယော တစ်ဝက်ပေါ့"

ကိုရွှေဖုန်းရဲ့ အတွေ့အကြုံနဲ့ယှဉ်လိုက် ကျွန်တော့်အဖြစ်ကတော်သေးတယ်လို့ဆိုရမယ်။ ကျွန်တော် မယ်မင်းကြီးမက ကိုရွှေဖုန်းမိန်းမလို တခြားထွေလီကာလီ မတောင့်တဘဲ အစားအသောက်တစ်ခုထဲကို ဇီဇာကြောင်တာပါ။

သူဇီဇာကြောင်ပုံက ကိုယ့်အိမ်က ထမင်းဟင်း မစားချင်ဘဲ တစ်ခြားအိမ်ကချက်တဲ့ဟင်းကိုမှ စားချင်တာ ဆိုင်က ဝယ်ပေးမယ်ဆိုတော့လည်း မရပြန်ဘူး အိမ်ရှင်မတစ်ယောက်ရဲ့ လက်ရာကိုမှ စားချင်ပါသတဲ့။





ဒါနဲ့ပဲ ကျွန်တော်လည်း နီးစပ်ရာ မရွှေခြိုင့်တို့ စန္ဒာဝင်းထွန်းတို့ကို အကူအညီတောင်းတော့ သူတို့ကလိုလိုလားလားပဲ ကူညီကြတယ်။

"ကျွန်မတို့တုန်းကလည်း ဒီလိုပဲကိုရဲ့ရဲ့။ ကိုယ်ဝန်ဆောင်တိုင်း တခြားလူလာပို့တဲ့ ဟင်းနဲ့မှ ထမင်းမြိန်တာထုံးစံပဲ။ "

ထမင်းစားခါနီးတိုင်း ဟိုအိမ်ဒီအိမ်က ပို့တဲ့ တင်းခွက်လေးတွေနဲ့ သူ့အတွက် အဆင်ပြေနေပေမယ့် ကျွန်တော့်အဖို့တော့ အဆင်မပြေလှပါဘူး။

ကိုယ်ဝန်ရှိပြီဆိုကတည်းက မရှိမယ့် ရှိမယ့် ကိုယ်ဝန်လေးကို အကြောင်းပြပြီး ဟင်းချက်ဖို့ပျင်းနေတဲ့ မရွှေချောဟာ တခြားက ဟင်းတွေလာပို့တဲ့ အချိန်ကစပြီး အိမ်မှာ သီးသန့်ဟင်းထက်မချက်တော့လို့ပါပဲ။

ကျွန်တော်လည်း သူ့လိုမျိုးလာပို့တဲ့ ဟင်းလေးတွေနဲ့ အုပ်ဖို့ ကြိုးစားကြည့်ပေမယ့် မအောင်မြင်ခဲ့ဘူး။ စန္ဒာဝင်းထွန်းက အသုံးစရိတ် ခြွေတာတဲ့ အနေနဲ့ သူ့အိမ်က ချက်တဲ့ဟင်းမှန်သမျှ ရာသက်ပန်သတ်သတ်လွတ်လို့ ကြွေးကြော်ထားတဲ့သူဖြစ်ပြီး မရွှေခြိုင့်ကတော့ ကုန်းသတ္တဝါဘုရားလှူထားတဲ့ အတိုင်းပါပဲ။

မနက်ငါးညှင်း၊ နှစ်နပ်ပေါင်းရင်တစ်ဆယ်ဆိုသလို ငါးချဉ်းပဲ ချက်ပြီး ပို့တတ်တာမို့ ငါးမကြိုက်သလို



www.burmeseclassic.com

www.burmeseclassic.com



သက်သက်လွတ်လည်း မစားနိုင်သေးတဲ့ ကျွန်တော်ဟာ ဆိုင်က ဟင်းကိုပဲ အားကိုးရပါတော့တယ်။

ဆိုင်ထမင်းဟင်းဆိုတာကလည်း တစ်ဆိုင်ထဲစွဲစားရင် ငြီးငွေ့တတ်တာမို့ ရပ်ကွက်ထဲမှာရှိတဲ့ ဆိုင်သုံးဆိုင်စလုံးကို အလှည့်ကျ စနစ်နဲ့ ကျွန်တော်ဝယ်စားပါတယ်။ အဲဒီသုံးဆိုင်ထဲက တစ်ဆိုင်ဟာ မာလာဆိုတဲ့ကောင်မလေးတို့ အိမ်က ဖွင့်တဲ့ဆိုင်ပါ။

သူက မာလာဆိုတဲ့ ပိန်ကပ်ကပ်ကောင်မလေးကို အကြောင်းမဲ့ ကြည့်လို့မရဘူးဖြစ်နေတယ်။

လူတစ်ကိုယ်လုံးပဲချည်းပဲ . . . တဲ့ ။ စကားပြောတဲ့အသံက အီကြာသံတဲ့။ လမ်းလျှောက်ရင် ဆံပင်တိုခါသွားတာဟာ ပလာတာရိုက်တာ. . . တဲ့။ ဘာတွေမှန်းမသိပါဘူး။

ကျွန်တော်က ပဲတွေ အီကြာကွေးတွေ ကြိုက်လှလို့ မဟုတ်ပေမယ့် သူတို့ဆိုင်က ဝက်သားဟင်းက စားရတာအဆင်ပြေလို့ မကြာမကြာဝယ်စားဖြစ်တာပါ။ တစ်ခြားဆိုင်က ဟင်းဆိုရင် သူတစ်ဖက် နှစ်ဖတ်ယူစားတတ်ပေမယ့် မာလာတို့ဆိုင်က ဆိုရင်တော့ လက်ဖျားနဲ့တောင် မတို့ဘူး။

တစ်ခါတစ်ခါ မျက်နှာကို ရှုံ့မဲ့ပြီး ပြောတတ်သေးတယ်။





" ကြွပ်ကြွပ်စား ဟိုက ကိုကို့ကိုဆေးခတ် လိုက်လိမ့်မယ်"

တကယ်တော့ မာလာဆိုတဲ့ ကောင်မလေးက ကျွန်တော်နဲ့ဆိုတိုင်း ဆရာ ဆရာဆိုပြီး လေးစားသမှုနဲ့ နှုတ်ဆက်တာကို သူက သဝန်တိုနေတာပါ။

သူ့ရဲ့ သဝန်တိုတတ်တဲ့ စရိုက်နဲ့ စိတ်ကောက်တတ်တဲ့ အကျင့်ကို တက်နိုင်သမျှ ခွင့်လွှတ်နားလည်နိုင်အောင် ကျွန်တော် ကြိုးစားထားခဲ့ပါတယ်။ ဒါပေမယ့် ကိုယ်ဝန်ရှိတဲ့ အချိန်ကစပြီး ပိုပိုဆိုးလာသလိုပါပဲ။

သူကိုယ်ဝန်ရှိကာစက ကျွန်တော့်ရဲ့ စာမူတစ်ပုဒ်ကို ဖြပ်စ်ခဲ့ဘူးတယ်။ အကြောင်းပြချက်ကတော့ ဝတ္ထုထဲက မင်းသမီးဟာ သူနဲ့မတူဘဲ (သူလည်းမြင်ဖူးတာ မဟုတ်တဲ့) ကျွန်တော့်ရဲ့ ဝယ်ရည်းစားနဲ့ ခပ်ဆင်ဆင်တူနေလို့ပါတဲ့ ။

အဲဒီတုန်းက သူနဲ့ကျွန်တော် တော်တော်လေး အထောက်ကဆဖြစ်ခဲ့ကြတယ်။

ဒုတိယတစ်ခါကတော့ . . . ကျွန်တော့် သူငယ်ချင်းနဲ့ ရုတ်ဝေသူ တစ်ယောက် အိမ်မှာ ဘီယာလာသောက်တုန်း အိပ်ခန်းထဲကနေ တဝုန်းဝုန်း တဒိုင်းဒိုင်း လုပ်လို့ အားများကြတာပါ။

အဲ့ဒီ ညကဆို ကျွန်တော် စိတ်တိုလွန်းလို့ အိမ်မှာ မအိပ်ဘဲ ကိုရွှေဖုန်းတို့အိမ်မှာ သွားအိပ်ပစ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့ ကြီးတော်ကြီး နယ်ကရောက်လာပြီး လိုက်ခေါ်လို့ ကျွန်တော် အိမ်ပြန်ပါလာရတာ။ နို့မို့ဆိုကျွန်တော်တို့ နှစ်ယောက် ဘာတွေများ ဆက်ဖြစ်ကြအုံးမလဲ မသိဘူး။

အဲ့ဒီနောက်ပိုင်း စိတ်ကောက်တဲ့ကိစ္စကို သူတော်တော်ဆင်ခြင်သွားပေမယ့် ... တစ်ချီတစ်ချီ ထဖောက်ပြီဆိုရင် ကျွန်တော့်မှာ မစားသာလှပါဘူး။

ခက်တာက တစ်ခုခုကို မကျေနပ်ရင်ဖြစ်ဖြစ် မယုံသင်္ကာထင်ရင်ဖြစ်ဖြစ် ပွင့်ပွင့်လင်းလင်းဖွင့်မပြောဘဲ သူ့ဟာသူ မြုံပြီး စိတ်ဆိုး စိတ်ကောက်နေတတ်တဲ့ ကိစ္စပါ။

ဘာမှ မဟုတ်တာလေးကိုလည်း သူ့ဘာသာသူ ဟိုဟိုသာသာတွေးထင်ပြီး သံသယဝင်ချင်ဝင်နေတတ်တယ်။ သူ . . . များ စိတ်ကောက်ပြီဆိုရင်မစဉ်းစားမဆင်ခြင်ကို ကောက်တော့တာပါ။

◈ ◈ ◈ ◈ ◈



## အခန်း (၈)

" ဒါပါနဲ့ဆို သုံးစောင်ရှိပြီ မလွန်လွန်းဘူးလား"

အိမ်ရှေ့ဆီက ခပ်စူးစူးထွက်ပေါ်လာတဲ့ သူ့အသံကြောင့် ဘာများဖြစ်ပါလိမ့်ဆိုပြီး ကမန်းကတန်း ပြေးထွက်ကြည့်လိုက်တော့ လက်ထဲမှာစာအိတ် တစ်အိတ် ကိုကိုင်ပြီး တစ်ယောက်တည်းဒေါကန်နေတဲ့ သူ့ကို တွေ့လိုက်ရတယ်။

စောစောကစာပို့သမားရဲ့ စက်ဘီးသံရယ် သူ့လက်ထဲက စာအိတ်ရယ်ကိုဆက်စပ်ပြီး ကျွန်တော် ရေးတေးတေး သဘောပေါက်သွားတယ်။

ခုတလော ကျွန်တော့်ဆီကို မိတ်ဆက်စာတွေ ကြိုကြားကြိုကြား ရောက်လာတတ်တယ်။ ကြည့်ရတာဖြင့် ကျွန်တော့်ဆီ ရောက်လာတဲ့မိတ်ဆက်စာအပေါ် သူမကျေနပ်ဖြစ်နေပုံပါပဲ။


www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေများဖြစ်နေတာလဲ မီးရဲ့"

"ဘာဖြစ်ရမှာလဲ . . ဟော့ဒီ မိန်းမပေါ့။ ဆယ်ရက်အတွင်းမှာ မိတ်ဆက်စာသုံးစောင်တောင်ပို့တယ်။ တစ်ခါတစ်ခါ ပို့လိုက်ရင်လည်း စာအိတ်အထူကြီးနဲ့။ တရားကိုလွန်တယ်"

"ကိုယ်က စာရေးဆရာမို့လို့ မိတ်ဆက်စာပို့တာ ဘာဖြစ်လဲ မီးရယ် အဆန်းမှ မဟုတ်တာ"

"သုံးရက်ကို တစ်စောင်နှုန်းပို့တာတော့ ဆန်းတာပေါ့ ကိုကိုရဲ့။ ဒါ . . . တမင်ဇာတ်လမ်းရှာတာပဲဖြစ်မှာ . . ."

"ကဲပါ မီးရာ . . စာအိတ်ကိုလည်း ပြစမ်းပါအုံး ဘယ်သူကများ ပို့လိုက်လို့လဲ"

"ဘယ်သူရှိအုံးမှာလဲ။ ဟော့ဒီမှာ "လှလွန်းကြွယ်" ဆိုတဲ့ ကောင်မပေါ့"

မြတ်စွာဘုရား။

လှလွန်းကြွယ် . . . ဆိုတဲ့ နာမည်ကြောင့် ကျွန်တော် ငယ်ထိပ်တည့်တည့်ကို မိုးကြိုးပစ်ချလိုက်သလို ခေါင်းနပန်းကြီးသွားတယ်။ ချက်ချင်းမဲ့ သူ့လက်ထဲက စာကိုယူပြီး ကမန်းကတန်း ဖောက်လိုက်တယ်။

သူက ကျွန်တော် မကြိုက်မှန်းသိလို့ ကျွန်တော် စာတွေကို ဖောက်ဖတ်လေ့မရှိဘူး။ ဒါပေမယ့် စာတစ်စောင် ရောက်လာရင် ဘယ်မြို့ကပို့တာလဲ





ပို့တဲ့လူနာမည်က ဘယ်သူလည်းဆိုတာကိုတော့ အမြဲ စပ်စုလေ့ရှိတယ်။ အခုလည်း လှလွန်းကြွယ်ဆိုတဲ့ နာမည်ကို ဂရုတစိုက်မှတ်ထားခဲ့တဲ့ပုံပါပဲ။

"ကိုကိုတို့များ လှလွန်းကြွယ်နာမည်ကြားလိုက်တာနဲ့ ဣန္ဒြေတောင် မဆယ်နိုင်တော့ဘူး။ ချက်ချင်းကို ဖောက်ဖတ်တော့တာပဲ။ ဟင်းဟင်း"

အောက်ကလိအာအသံနဲ့ မဲ့ကာရွဲ့ကာပြောလာတဲ့ သူ့ကို ကျွန်တော် တော်တော်ပဲအမြင်ကပ်သွားတယ်။

"မင်းဘာတွေ လျှောက်ပြောနေတာလဲ။ လှလွန်းကြွယ်ဆိုတာ ဘယ်သူမှများမင်းထင်နေလို့လဲ"

"သိနိုင်ဘူးလေ"

"အဲ့ဒါ ဘုန်းကြီးကွ။ မန္တလေးက တိုက်အုပ်ဘုန်းကြီး ကဗျာရေးချင်လို့ ကိုယ့်ဆီကို စာရေးပြီး အကြံဉာဏ် လှမ်းတောင်းနေတာ"

"ရှင် . . ."

"ဟော့ဒီမှာ သေချာနားထောင် . . . သို့ ဒကာကြီး ကိုရဲ . . . ဒကာကြီး ပို့လိုက်တဲ့စာကို လဆန်းသုံးရက်နေ့က လက်ခံ ရရှိပါတယ်။ ဦးပဇ္ဇင်းရဲ့ ကဗျာကို ပြင်ပေး လိုက်တဲ့အတွက်လည်း အထူးကျေးဇူးတင်ပါတယ် . . . ကဲ . . . သဘောပေါက်ပြီလား မပေါက်သေးရင် ကိုယ့်ဘာသာကိုယ်ဖတ်ကြည့် . . ."



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲက စာကိုစားပွဲပေါ် ပစ်တင်ပေးလိုက်တော့ သူ ကျွန်တော့်ကို မငဲ့မရဲကြည့်ရင်း တုန်တုန်ရီရီနဲ့ လှမ်းယူတယ်။ ပြီးတော့ စာကိုဖတ်ကြည့်ပြီး "ဟောတော့ . . . ကန်တော့ . . . ကန်တော့" နဲ့ တစ်ယောက်တည်း ကန်တော့နေလေရဲ့။

မယ်မင်းကြီးမရဲ့ လုပ်ပေါက်က တစ်ခါတစ်ခါအဲ့ဒီလိုမျိုးပါ။

တစ်ရက် ကျွန်တော့်ဆီလာတဲ့ဖုန်းကို မဆီမဆိုင် ထပြီး ပြဿနာရှာလို့ ကျွန်တော့်မှာ တော်တော်ရှင်းလိုက်ရပါသေးတယ်။ ဖြစ်ပုံက ကွာလတီမဂ္ဂဇင်းကြီးတစ်စောင်ရဲ့ အယ်ဒီတာမလေးတစ်ယောက် ကျွန်တော့်ဆီ ဖုန်းဆက်ရာက နေစတာပါ။

ကျွန်တော့်ဆီမှာ ဖုန်းမရှိလို့ ဘေးအိမ်ဖုန်းနံပါတ်ကို ပေးထားတဲ့အတွက် အယ်ဒီတာမလေးက အဲ့ဒီနံပါတ်ကို လှမ်းဆက်တယ်။ ဘေးအိမ်ကလည်း အိမ်နီးနားချင်းကောင်းပီသစွာ "ကိုရဲဖုန်းလာတယ်ဆိုပြီး" ခေါ်ပေးပါရဲ့။ အလုပ်ကိစ္စတစ်ခုအတွက် နှစ်ရက် သုံးရက်ဆက်တိုက်ဆက်တာကို မညီးမညူခေါ်ပေးပါတယ်။

ကျွန်တော့်ကို ခေါ်ပေးရုံတင်မကဘူး။ သူ့ကိုပါ . . . "အခုတစ်လော ကိုရဲဆီကို ကောင်မလေးတစ်ယောက် ဖုန်းဆက်ဆက် နေတယ်" လို့ တာဝန်ကျေစွာ အသိပေးလိုက်သေးတယ်။





အဲ့ဒီမှာ မရွှေချောက ဖောက်တော့တာပဲ။

သူ့စိတ်ထဲမှာ အယ်ဒီတာဆိုတာ မျက်မှန်ကြီးနဲ့ မုတ်ဆိတ်ကြီးနဲ့လို့ပဲ ထင်ထားပုံရပါတယ်။ အခုခေတ်လို နှုတ်ခမ်းနီပါးနီနဲ့ ယူနီဖောင်းစကပ်အကွဲနဲ့ အယ်ဒီတာ မချောချောလှလှလေးတွေကို မြင်ဖူးပုံမရဘူး။

ဆိုလိုတာက . . . မိန်းကလေးတစ်ယောက် ဖုန်းဆက်တာဟာ၊ အလုပ်ကိစ္စဖြစ်နိုင်တယ်လို့ နည်းနည်းလေးမှ ဆက်စပ် မစဉ်းစားခဲ့ဘူး သူ့စိတ်ထဲမှာ အီစီကလီကဏ္ဍလို့ပဲ ထင်နေတယ်နဲ့ တူပါရဲ့။

တစ်ရက်သား ဘေးအိမ်က "ကိုရဲ ဖုန်းလာတယ်" လည်းဆိုရော၊ မယ်မင်းကြီးမက ဘာမပြော ညာမပြောနဲ့ ငေါက်ခနဲ ထပြီး၊ တယ်လီဖုန်းရှိရာကို ထွက်သွားပါလေရော။ အဲ့ဒီအချိန်ကျွန်တော်က အိမ်သာထဲမှာမို့ အချိန်မီမတားလိုက်နိုင်ဘူး။

မီးပေါင်ပြည့်နေတဲ့ စက်ခေါင်းတွဲကြီးလို ရှူးရှူးရှဲရှဲနဲ့ တယ်လီဖုန်းနားရောက်သွားတဲ့ မရွှေချောကတော့ ဖုန်းကိုင်ပြီးခဲ့တော့တာ ပါပဲ။

" ဟဲ့ . . . ကိုရဲမှာ မိန်းမရှိတယ်ဆိုတာ နင်မသိဘူးလား ကောင်မရဲ့"

ကျွန်တော့်စိတ်ထင် သူအဲ့ဒီလိုမျိုး စဖေါက်ခဲ့ခဲ့လိမ့်မယ်။ တစ်ဘက်ကအယ်ဒီတာမလေးကလည်း . . " သိပါတယ် "ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"သိရင် နင်ဘာဖြစ်လို့ဖုန်းဆက်နေသေးလဲ"

"ကျွန်မ နှလုံးသားကိစ္စ အတွက်ဆက်တာပါ"

အဲဒီလို ယဉ်ယဉ်ကျေးကျေးပြန်ဖြေမှာပါပဲ။ ဒါပေမယ့် . . . ကျွန်တော့်ရဲ့ မဟေသီက လေပေါင်ပြည့်နေပြီလေ။

"အောင်မာ . . . မိန်းမရှိပါတယ်ဆိုတာတောင် နှလုံးသားကိစ္စလုပ်ချင်သေးလား"

"သူ့ဘက်ကလည်း ဆန္ဒရှိလို့ပါ။ သူဒီနေ့ ကျွန်မကို အဖြေပေးမယ်ပြောထားလို့ လှမ်းဆက်တာ. . ."

"ဟဲ့ . . . ငါတစ်ယောက်လုံးရှိနေရက်နဲ့ နင့်ကို အဖြေပေးမှာတဲ့လား။ မီးငယ်တဲ့။ တငယ်ထဲရှိတယ်။ ပါးရှစ်စိတ်ကွဲသွားမယ် ဘာမှတ်လဲ။ သူများကံစမ်းမဲ ပေါက်ပြီးသားကို ဝင်ပြီး စရံရိုက်ဖို့မကြိုးစားနဲ့"

ကျွန်တော်ရောက်သွားတော့ အခြေအနေက ရေဆူမှတ်ကိုရောက်နေကြပြီ။ ဟိန်းလိုက် ဟောက်လိုက်တာများ မိုးကို မွှန်နေတာပါပဲ။

သူဖုန်းချပြီး ကျွန်တော့်ကိုလည်းမြင်ရော သူများအိမ်ပေါ်မှာတင် ဘာမပြော ညာမပြောနဲ့ တအုံးအုံးထုတော့တာပဲ မျက်ရည်တွေ ဘာတွေကျပြီး အသံတွေတောင်တုန်လို့။

"ရှင်ကြီးက သူ့ကို ဒီနေ့ အဖြေပေးမလို့ဆို"





"ဟုတ်တယ် . . . နှလုံးသားကိစ္စ အတွက် အဖြေပေးဖို့ ပြောထားတယ်"

"ကဲ ပေးချင်အုံးဟာ"

ခွပ်ခနဲမြည်ပြီး ကျွန်တော် ကြယ်တွေ လတွေတောင် မြင်သွားတယ်။ သူကျွန်တော့်မျက်နှာတည့်တည့်ကို လက်သီးနဲ့ ပိတ်ထိုးလိုက်တာပါ။

ဘေးအိမ်ကလူတွေက သူ့ကိုဝိုင်းဆွဲကြသလို၊ ကျွန်တော့်ကိုလည်း အိမ်ထောင်ရေးဖောက်ပြန်ရသလားဆိုတဲ့ အကြည့်မျိုးနဲ့ ဝိုင်းကြည့်ကြလို့ ကျွန်တော့်မှာ မျက်နှာတစ်ခြမ်းနာနေတဲ့ကြားက ပြုံးလိုက်မိပါသေးတယ်။

ဖြစ်ပုံများပြောပါတယ်။

သူနဲ့ကျမှ တိုက်တိုက်ဆိုင်ဆိုင်ဆိုသလိုပါပဲ။ နှစ်ဖက်စလုံး ဘယ်သူမှမမှားပဲ ကံကြမ္မာကိုက ထိပ်စည်းလွဲသွားတာပါ။

ကြည့်ပါအုံး . . . အဲဒီ မဂ္ဂဇင်းက အဲဒီလကျမှ နှလုံးသားကိစ္စဆိုတဲ့ကဏ္ဍသစ်တစ်ခုဖွင့်တယ်။ ကျွန်တော့်ဆီကို တယ်လီဖုန်းဆက်ပြီး ဖုန်းထဲကနေ မေးခွန်းတွေဖတ်ပြပြီး ဖြေခိုင်းခဲ့တယ်။

ကျွန်တော်ကလည်း လိုလိုချင်ချင်နဲ့ပဲ အချိန်မီ ပြီးစီးအောင် ဖြေပေးပါမယ်လို့ ကတိပေးခဲ့တဲ့အတွက် အယ်ဒီတာမလေးက ဖုန်းဆက်လာခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



(နောက်တစ်နေ့ မဂ္ဂဇင်းကို အဖြေတွေသွားပေးတော့ အက်ဒီတာမလေးက ကျွန်တော့်ကို မျက်နှာချင်းတောင် မဆိုင်တော့သလို ကျွန်တော့်အဖြေတွေကိုလည်း အသုံးမပြုတော့ပါဘူး။ )

ကျွန်တော် မရွှေချောကို အကျိုးအကြောင်းရှင်းပြဖို့ လုပ်ပါသေးတယ်။ ဒါပေမယ့် . . . ဒေါမန်ကြီးလှတဲ့ မဟာဝါက ကျွန်တော့်စကားကို နားမထောင်တဲ့အပြင် "ခင်ဗျားကြီး မျက်နှာကို မတွေ့ချင်ဘူး" ဆိုလို့ ဖုန်းရှိတဲ့ အိမ်ပေါ်ကနေ ကျွန်တော် ပြန်ဆင်းလာခဲ့ရတယ်။

◈ ◈ ◈ ◈ ◈

အခန်း (၉)

" မိန်းမဆိုတာမျိုးက ဒီလိုပဲဗျ။ ကိုယ်ဝန်ရှိလာပြီဆိုရင် စိတ်ပိုင်းဆိုင်ရာအပြောင်းအလဲတွေအများကြီးဖြစ်တတ်တယ်"

မိန်းမအကြောင်းကျမ်းကြေလှတဲ့ လူပျိုကြီး စိုင်းလားရှိုးက ကျွန်တော့်ကိုရှင်းပြပါတယ်။ ကျွန်တော်တို့ အုပ်စုထဲမှာ မိန်းမကိစ္စနဲ့ ပတ်သက်ရင်၊ အတွေ့အကြုံများလှတဲ့ စိုင်းလားရှိုးနဲ့ ကာတွန်းနောက်နောက်ဆီမှာ အဆုံးအဖြတ် ခံယူကြရတယ်။ အခုလည်း ကိုစိုင်းက ဖြစ်တတ်တဲ့ သဘောတွေကို ရှင်းပြတယ်။

" အပျိုတုံးက သရဲမကြောက်တဲ့ မိန်းမက ကိုယ်ဝန်ဆောင်တဲ့ အခါ သရဲကို ကြောက်ချင်ကြောက်လာ တတ်တယ်။ ယောကျ်ားကို မချစ်တဲ့ မိန်းမကလည်း၊ အဲဒီအချိန်ကျမှ တအားချစ်ချင်ချစ်လာတတ်တယ်။ သွေးသားအပြောင်းအလဲကြောင့် စိတ်တွေပါ ပြောင်းလာတဲ့ သဘောပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် . . သူက အရင်တုန်းကလည်း ကောက်တယ်။ အခုလည်း ကောက်တယ်ကိုစိုင်းရဲ့။ အဲ့ဒါကျတော့ကော . . ."

" အရင်ကလို စိတ်ကောက်တုန်းပဲဆိုရင်တောင် အရင်လိုမကောက်တော့မှာတော့ သေချာတယ်။ အရင်ထက်ပိုကောက်ရင်ကောက်မယ်။ မပိုရင်လျှော့ကောက်လိမ့်မယ်"

ဘုရားသိကြားမလို့။ လျှော့ကောက်တာမျိုးပဲ ဖြစ်ပါစေလို့ ကျွန်တော် ဆုတောင်းလိုက်မိတယ်။

မိန်းမရဲ့ လက်သီးနုနုနဲ့ အထိုးခံရလို့ မျက်နှာတစ်ခြမ်း ယောင်နေတဲ့ ကျွန်တော့်ကို ပန်းချီကျော်အောင်မော်က သနားဟန်နဲ့ . . . ခင်ဗျားက ကျွန်တော့်လို မီးသေအောင်မှ လုပ်မထားဘဲလို့ ဂရုဏာဒေါသ လှမ်းပြောတယ်။

ကျော်အောင်မော်ရဲ့ မီးသေပုံက သူ့မိန်းမဟာ မော်တောင်မကြည့်ဝံ့ဘူးလို့ဆိုပါတယ်။ သူတို့လင်မယား နှစ်ယောက်ရဲ့ အရပ်အမောင်းချင်းကလည်း မတိမ်းမယိမ်းမို့ ထင်ပါရဲ့။

" ကျွန်တော်ဆို မွေးမွေးကိုစိတ်ဆိုးရင် ပါးစပ်ကမပြောဘူး။ မျက်လုံးနဲ့ တစ်ချက် ကြည့်လိုက်တာပဲ။ ခင်ဗျားလည်း အဲ့လို လုပ်ထားဗျ"

ကိုအောင်ကျော်မော်က မာန်ပါပါအသံနဲ့လှမ်းပြောလို့ ကျွန်တော်ခေါင်းညိတ်ပြလိုက်ရသလို၊ သူ့ကိုလည်း အထင်ကြီးသွားပါတယ်။





ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကို ဝိုင်းဝန်းအကြံပေးကြတဲ့ အတွက်တော့ ကျေးဇူးတင် လိုက်မိတယ်။

" မိန်းမတစ်ယောက် ကိုယ်ဝန်ဆောင်ပြီဆိုရင် ဂရုစိုက်ဖို့ လိုသလို သတိလည်းထားဖို့လိုတယ်။ တစ်ခုခု အပြောင်းအလဲလုပ်လာရင် ဒါဟာ ကိုယ်ဝန်ကြောင့် ပြောင်းလဲတာပဲလို့ နားလည်ဖို့လိုတယ်"

" သည်းခံခွင့်လွှတ်ပေးရမယ်ဆိုတဲ့ သဘောလား"

" မဟုတ်ဘူးဗျ။ အဲ့ဒါက နောက်ဆက်တွဲပြဿနာပါ။ အဓိကက ကိုယ်ဝန်ကြောင့်ဆိုပြီး နားလည်ပေးရမယ်။ ကိုယ်ဝန်ရှိလာရင် သရိုးသရီနဲ့ ဖောက်လွဲဖောက်ပြန် ဖြစ်လာတတ်ကြတယ်။ မူမမှန်တဲ့သဘောပေါ့။ မွေးမွေး ကိုယ်ဝန်ရှိတုံးကဆိုရင် . . ."

" ဘာလဲ ဖောက်ပြန်ရောလား"

ကိုစိုင်းက လွတ်ခနဲဝင်မေးလို့ ဇာတ်လမ်း ကောင်းလေးနားထောင်ရပြီလို့ တွေးနေတုန်းမှာပဲ ကျွန်တော်တို့ ဝိုင်းနားကို မရွှေခြိုင့်ရောက်လာတယ်။ ကလေးတစ်ယောက်ကိုလက်ကဆွဲ တစ်ယောက်ကို ခါးထစ်ခွင်ချီပြီး ရောက်လာတာပါ။

" ကိုရဲ့ ရှင်မီးငယ်ကို ဘာလုပ်လိုက်တာလဲ"

" ဘာလုပ်လို့လဲ မရွှေခြိုင့်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



" မပြောတတ်ဘူးလေ။ လက်ကြီးတစ်ဖက် ယောင်ကိုင်းပြီး နာတယ် နာတယ်နဲ့ အော်နေလို့ ကျွန်မ တရုတ်ဆေးသွားစည်းပေးလိုက်ရတယ်။ သူပြောတာတော့ . . . ကိုရဲကြောင့်ဖြစ်တာတဲ့"

ဖြစ်မှ ဖြစ်ရလေ အရပ်ကတို့ရယ်လို့သာ ကျွန်တော်ငြီးလိုက်ချင်ပါတော့တယ်။

ကျွန်တော် ခပ်တည်တည်နဲ့ "ဘာရယ် မဟုတ်ပါဘူး။ ကျွန်တော့်မျက်နှာနဲ့ မတော်တဆခိုက်မိတာပါ" . . . လို့ပြောလိုက်တော့ မရွှေခြိုင်က မျက်နှာကို ချိုရင်း " သူများ သားသမီးနုနုထွတ်ထွတ်လေးကိုများ ကိုရဲရယ်" . . လို့ အပြစ်တင်သံနဲ့ရေရွတ်တယ်။

"အိမ်ပြန်ပြီး သွားချော့လိုက်အုံး။ ဟိုမယ် လက်ကကိုက်လို့တဲ့ ငိုပြီး ကျန်ခဲ့လေရဲ့။ ကျွန်မကို ရွှေဖုန်းကို ကားဂိတ်မှာ သွားကြိုလိုက်အုံးမယ်"

အစကတော့ . . . မသွားဘဲ နေမလို့ပါဘဲ။ ကိုစိုင်းလားရှိုးနဲ့ ကိုကျော်အောင်မော်က "သွားလိုက်ပါအုံး ဗျာ"လို့ ဝိုင်းပြောတာနဲ့ သူတို့ကို အားနာလို့ အိမ်ပြန်လာခဲ့ရတယ်။ အိမ်မှာ ငိုနေတယ်လို့ မရွှေခြိုင် ပြောသွားတာဟာ ပိုပြောတာလို့ ထင်ခဲ့မိပေမယ့် အိမ်ရောက်တော့ တကယ်ငိုနေတဲ့ မရွှေချောကို တွေ့ရတယ်။

အိမ်ပေါ်တက်လာတဲ့ ကျွန်တော့်ကို သူ မျက်လုံးတစ်ချက်လှန်ကြည့်ပြီး ရှုံ့ဗွက်ထဲနစ်နေတဲ့





ရေစည်လှည်းကို အတင်းတွန်းတင်သလိုမျိုး တအီအီအသံနဲ့ မျက်ရည်မထွက်ဘဲ ဆက်ငိုတယ်။

" ဘာဖြစ်လို့ ငိုနေတာလဲ"

ခပ်ဆတ်ဆတ်အသံနဲ့ ကျွန်တော်မေးလိုက်တော့ ပတ်တီးဖြူဖြူစည်းထားတဲ့ လက်ကို မြှောက်ပြရင်း၊ ခပ်သဲသဲအသံနဲ့တုန့်ပြန်တယ်။

" လက်ကနာနေတာကြီးကို . . . ငိုမှာပေါ့ . . . အီး"

" ဩော် . . . ကျုပ်ကတော့ မနာတော့ဘူးလား"

" ခင်ဗျားကြီးကတော့ ယောက်ျားပဲ။ ဘယ်နာမှာလဲ။ အခုကော . . . ဘယ်ကပြန်လာတာလဲ။ ဟိုကောင်မကို အဖြေသွားပေးခဲ့တာမဟုတ်လား"

ခုချိန်မှာ ရှင်းမပြရင်၊ ဆက်ပြီး ကျွန်တော့်ကို ရန်လုပ်နေမှာစိုးတာနဲ့ သူ့ရှေ့မှာ ထိုင်ပြီး အဖြစ်အပျက်ကို ခပ်သွက်သွက် ရှင်းပြလိုက်ရတယ်။

ကျွန်တော် ရှင်းပြတာကို မျက်နှာအမူအရာ အမျိုးမျိုးပြောင်းပြီး နားထောင်ရင်း ကျွန်တော့်စကားဆုံး ချိန်မှာတော့

" မီးမှမသိဘဲ၊ အဲ့ဒီအကြောင်းတွေ အစောကြီးထဲက ကြိုပြောထားရင် ခုလိုဘယ်ဖြစ်မှာလဲ"

သူကပဲ ကျွန်တော့်ကို အပြစ်တင်သံနဲ့လှမ်းပြော လာတာမို့ စိတ်ပျက်လက်ပျက် သက်ပြင်းချလိုက်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့မှ ဖျောင်းဖျောင်းဖျဖျလေသံနဲ့ နောက်ကိုမဆင်မခြင် ရမ်းပြီးစိတ်နဲ့မလုပ်ဖို့ နားချရတယ်။

" စိတ်ချပါ နောက်ကို မီးဆင်ခြင်မှာပါ။ ခုဟာက . . . မဂ္ဂဇင်းအင်တာဗျူးအတွက်လို့ မပြောဘဲ၊ အသည်းတွေ နှလုံးတွေလုပ်နေတော့ ရုတ်တရက်မီးလည်း ထူပူသွားတာပေါ့။ ပြီးတော့ . . . အခုတစ်လော . . . မီးက ကိုယ်ဝန်ကြီးနဲ့ဆိုတော့ . . . "

မျက်နှာလေးရဲခနဲဖြစ်သွားပြီး စကားရပ်သွားလို့ . . .

" ကိုယ်ဝန်ကြီးနဲ့ဆိုတော့ ဘာဖြစ်လဲမီးရဲ့" လို့ စကားထောက်ပေးလိုက်ရတယ်။ သူအကြာကြီး ငြိမ်နေပြီးတော့မှ

" ကိုယ်ဝန်နဲ့ဆိုတော့ ကိုကို့ကို ကောင်းကောင်း မပြုစုနိုင်ဘူးလေ။ အဲ့ဒီတော့ . . . တစ်ခြားမိန်းမ တစ်ယောက်ယောက်ဆီကို ကိုကိုစိတ်ပါသွားမှာစိုးရိမ်တာပေါ့"

" အောင်မလေး . . . ဖြစ်မှဖြစ်ရလေ မီးရယ် ကိုယ့်ကို အဲ့ဒီလောက်လည်း အထင်မသေးစမ်းပါနဲ့"

ကျွန်တော့် သူ့လက်နှစ်ဖက်ကို အားမလိုအားမရ ဆုပ်ကိုင်လိုက်မိတယ်။ ကံဆိုးစွာ ပတ်တီးစည်းထားတဲ့ နေရာကိုမှ ကွက်တိကိုင်လိုက်မိလို့ သူစွေ့စွေ့ခုန်ပြီး ထအော်ပါတော့တယ်။

" အားလားလား . . . နာတယ် ကိုကိုရဲ့။ ကိုကို . . . မီးကို တမင်လက်စားခြေတာမဟုတ်လားဟင် "





" ဟာ . . . မဟုတ်ပါဘူး မီးရဲ့ မတော်တဆပါ ။ ဆောရီးကွာ ဆောရီး"

" ကျွတ် . . . ကျွတ် . . . ဟုတ်မှာပါ သူ့ကို လက်သီးနဲ့ ထိုးမိလို့ တမင်ပြန်လုပ်တာနေမှာပါ"

ပြောရင်းနဲ့ စိတ်ကောက်သံပါလာလို့ ကျွန်တော်ကမန်းကတန်းပြန်ချော့လိုက်ရသလို၊ တရုတ်ဆေးပုလင်းကို ပြေးယူပြီး သူ့လက်ကလေးကို လိမ်းပေးလိုက်ရပါသေးတယ်။

တကယ်တော့ အဲ့ဒီလက်ကလေးဟာ ကျွန်တော့်မျက်နှာကိုနာအောင် လုပ်ခဲ့တဲ့ လက်ကလေးပါ။ အဲ့ဒီ လက်ကလေးကိုပဲ နာကျင်သွားမှာစိုးရိမ်တဲ့စိတ်နဲ့ စုတ်သပ်ပြီး တယုတယဆေးလိမ်းပေးနေမိတာဟာ တွေးကြည့်ရင် ရယ်စရာကောင်းလှသလို အတော်လည်းတရားကျစရာကောင်းလှပါတယ်။

ဒါပေမယ့် . . . ကျွန်တော်တို့အားလုံးဟာ အချစ်နဲ့ပါတ်သက်ရင် တရားမရနိုင်သလို တရားလည်း မကျနိုင်ခဲ့ကြပါဘူး။

ညအိပ်ရာဝင်တော့ ကျွန်တော့်မျက်နှာရဲ့ ယောင်နေတဲ့ ပါးတစ်ဖက်ကို ကိုင်ကြည့်ရင်း၊ ဂရုဏာသံလေးနဲ့ သူတိုးတိုးလေးမေးတယ်။ "သိပ်နာနေသလား . . . ဟင် . . . တဲ့။ ဒီလိုနဲ့ ကျွန်တော် အရှည်ပျော်သွားပြန်ပါတယ်။

◈ ◈ ◈ ◈ ◈


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

တစ်ခါတုန်းက ပြောခဲ့ဖူးသလိုပါပဲ။

ကျွန်တော့်အဖြစ်က လက်ဆော့တတ်တဲ့ ကလေးလေးလက်ထဲရောက်သွားတဲ့ သားရေပင်လိုမျိုး ရှုံ့ချီ ဆုပ်ချီနဲ့ . . .။

မာကြောလိုက်၊ ပျော့ပျောင်းလိုက်။ ကြည်နူးလိုက်၊ ပေါက်ကွဲလိုက်နဲ့ တကယ့်ကို မအီမလည်ကြီး။ သူလုပ်သမျှ သည်းခံနေရတော့တာပါ။

သူဟာ ကိုယ်လိုချင်တဲ့အတိုင်း ရုပ်လုံးပေါ်လာအောင်၊ ပုံဖော်တတ်တဲ့ ဝါရင့်ပန်းပဲဆရာလိုပဲ။ တူနဲ့ ထုပေမယ့် . . . အက်ကွဲကြေမွသွားတဲ့အထိ မထုဘူး။ မီးနဲ့အပူပေးပေမယ့်လည်း အရည်ပျော်ပုံပျက်သွားတဲ့ အထိ မပေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



လိမ္မာပါးနပ်စွာ မီးတိုက်လိုက် တူထုလိုက် ရေစိမ်လိုက်နဲ့ စိတ်ရှည် လက်ရှည်ကိုလုပ်နေတော့တာပါ။

ဒီကြားထဲ မရှိမယ့် ရှိမယ့် ဗိုက်လေး ရှေ့တန်းတင်တင်လာတတ်လို့ ကျွန်တော့်မှာ စိတ်ဆိုးရ ခွင့်လွှတ်ရခက်နဲ့ ဖြစ်ခဲ့ရတာလည်း အကြိမ်ကြိမ်ပါပဲ။

သူကျွန်တော့်အပေါ် ဗိုက်ကိုပြပြီး အနိုင်ယူ လုပ်စားခဲ့တဲ့ကိစ္စတွေအတော့်ကိုများပါတယ်။ အဲ့ဒီထဲ အလွယ်ဆုံး ဥပမာတစ်ခုကိုပြရရင် . . .

ဆိုကြပါစို့ ညကြီးသန်းခေါင် သူဗိုက်ဆာ ကော်ဖီသောက် မုန့်စားချင်ပြီဆိုရင် . . . သူက ကျွန်တော့် ဟော့ဒီလိုပြောတတ်ပါတယ်။

" ကိုကိုရေ . . . ဗိုက်ထဲက ကိုကို့သားလေး ကော်ဖီသောက်ချင်လို့တဲ့ကွယ် . . . "

သူများအဲ့ဒီလိုပြောလာပြီဆိုရင် ကျွန်တော်က "သေပြီဆရာ" . . . . ပဲ။ ညကြီးသန်းခေါင် မီးထ ရေနွေးတည်၊ ကော်ဖီဖျော်နဲ့ အလုပ်ကိုရှုပ်သွားတော့တာ အားလုံးပြီးလို့ ကော်ဖီချည်းပဲယူသွားပြန်ရင်လည်း . . .

" ဒီအချိန်ကော်ဖီချည်းပဲသောက်လို့ဖြစ်ပါ့မလား ကလေးများ မျက်စေ့ကြောင်နေမလား "

အဲ့ဒီအခါဆို ကျွန်တော် အလိုက်သိတတ် ခုလိုပြန်ပြောရတယ်။





" ဘယ်ဖြစ်မလဲ မီးရဲ့။ မုန့်ကလေးစားပြီးသောက်မှ ဖြစ်မှာပေါ့။ နေအုံး ကိုယ် ကိတ်မုန့်ခြောက်သွားယူလိုက် အုံးမယ်"

တစ်ခါတစ်ခါတော့လည်း ရေးလက်စဝတ္ထု အကြောင်းတွေးချင်တဲ့အခါဖြစ်စေ၊ ကိုယ့်အာရုံနဲ့ကိုယ် နေချင်တဲ့အခါဖြစ်စေ၊ ထလုပ်မပေးချင်တဲ့အခါ ငြင်းဆန်တဲ့စကားမျိုးမပါဘဲ လိမ္မာပါးနပ်စွာ ကျွန်တော် ရှောင်ထွက်ရပါတယ်။

သူက ကော်ဖီဖျော်ခိုင်းဖို့စကားစလာတဲ့ အခါမျိုးမှာ " . . . သားလေးက ကော်ဖီသောက်ချင်လို့တဲ့လား။ အေးအေး . . . တိုက်မယ် သားရေ . . . အခုတော့ ရေနွေး ကုန်နေတယ်။ မနက်မှပဲ သောက်နော်။ ဟော . . မီးကြားလား။ ကလေးက လိမ္မာတယ်။ မနက်မှပဲ သောက်တော့မယ် . . . တဲ့"

သူ့ဗိုက်လေးကိုပွတ်ရင်း ပြောရတာပါ။ အဲ့လိုများပြောလိုက်လို့ကတော့ မျက်နှာကို ရှုံ့မဲ့ပြီး တစ်ဘက်ကိုလှည့်သွားတော့တာပဲ။

သူ့ကိုယ်ဝန်ကိုအကြောင်းပြုပြီး၊ ကျွန်တော့် အပေါ်အနိုင်ယူလေ့ရှိတဲ့သူဟာ တစ်ခါတစ်လေ၊ ကျွန်တော်သဘောမကျတဲ့သူရဲ့ လုပ်ရပ်အချို့ကို ကိုယ်ဝန်နဲ့အကာအကွယ်ယူပြီး ဖုံးကွယ်ဖြစ်တတ်ပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

အဲ့ဒီလိုသူဖုံးကွယ်ပေမယ့် ကျွန်တော်သိသိနေတဲ့ကိစ္စတစ်ခုကတော့၊ အခုတစ်လော သူထိထိုးပြီး ကံစမ်းနေတဲ့ကိစ္စပါ။

◈ ◈ ◈ ◈ ◈

" ကိုကိုရေ. . မီးစန္ဒာဝင်းထွန်းတို့ အသုပ်ဆိုင်ဘက် သွားလိုက်ဦးမယ်။ ကိုကိုဘာမှာအုံးမလဲ။ အသုပ်ဝယ်ခဲ့ရမလား။"

ခြံထဲကမြက်ပင်တွေကိုရှင်းပြီး၊ အမှိုက်တွေမီးရှို့ဖို့လုပ်နေတဲ့ကျွန်တော်နားမှာ လာရပ်ရင်း၊ သူလှမ်းမေးတယ်။

" မဝယ်ခဲ့နဲ့မီး ၊ ကိုယ်အသုပ်မစားချင်ဘူး "

" ဒါဖြင့်ရတနာထွန်းဘိန်းမုန့်ဝယ်လာခဲ့မယ် နေလည်ကိုကိုကော်ဖီနဲ့သောက်လို့ရတာပေ့ါ "

လမ်းထွက်ချင်လို့ သူ့ကျွန်တော်ကိုဖားနေတာပါ။

ဘာမှပြန်မပြောဘဲငြိမ်နေလိုက်တော့မှ ၊ ကျွန်တော်သဘောတူတယ်လို့သူဘာသာသတ်မှတ်ပြီး သွားအုံးမယ်လို့နှုတ်ဆက်ကာထွက်သွားတယ်။

ပိုက်ကလေးကိုမနိုင့်တနိုင်သယ်ရင်း ခြံထဲကထွက်သွားတဲ့သူ့နောက်ကျောကိုကြည့်ပြီး ကျွန်တော်ပြုံးလိုက်မိတယ်။


www.burmeseclassic.com

www.burmeseclassic.com



သူစန္ဒာဝင်းထွန်းတို့ အသုပ်ဆိုင်ကိုသွားတာဟာ အသုပ်စားချင်လို့မဟုတ်သလို၊ အသုပ်ဝယ်ဖို့လည်းမဟုတ်ဘူး၊ အသုပ်ဆိုင်မှာ ဒီတိုင်းထိုင်ပြီး၊ ဟိုလူဒီလူနဲ့သူတော်အချင်းချင်း သတင်းလွှ လွှ လုပ်ဖို့ပါ။

သူတို့ဂိုဏ်းဝင်အချင်းချင်းတွေ့ ရင် နှုတ်ဆက်နေကျ စကားဖြစ်တဲ့ ' ဘာကောင်းလဲ " . . . ဆိုတာနဲ့ အစချီပြီး သူ့အမြင်၊ ကိုယ့်အမြင်ဖလှယ်ကြဖို့ဆွေးနွေးကြဖို့ပါ။

အစကသူထိအကြောင်းပြောလေ့မရှိသလို ထိထိုးတာကိုလည်း ဝါသနာပါပုံမရပါဘူး ။ နောက်ပိုင်း. . . စန္ဒာဝင်းထွန်းတို့ မရွှေမြိုင့်တို့နဲ့ ပေါင်းမိတော့မှ ၊ တံငါနားနီး တံငါဖြစ်လာ ခဲ့ပုံပါပဲ။

သူဘယ်အချိန်ကတည်းကစထိုးနေမှန်း ကျွန်တော် မသိပေမဲ့ သူ့ဆီကထီလက်မှတ်တွေ့ တာကတော့ လွန်ခဲ့တဲ့ နှစ်လလောက်ကပါ ။ ကျွန်တော်ထီလက်မှတ်တွေ့ သွားတယ် ဆိုရင်ပဲ သူကမျက်နှာချိုသွေးပါတော့တယ်။

" မီးလည်းပျင်းတာနဲ့ အခုမှစထိုးကြည့်တာပါ။ပြီးတော့ ညကကလေးကိုအိမ်မက်မက်တာနဲ့ "

" ဘယ်ကလေးလဲ "

" ဘယ်ကလေးရှိဦးမှာလဲကိုကိုရဲ့။မီးဗိုက် ထဲက ကလေးပေါ့။ သူအိမ်မက်ပေးတာနဲ့ကံစမ်းကြည့်လိုက်တာ တစ်လုံးပဲလွဲတယ်။ တွေ့လား "





ကျွန်တော်စိတ်မဆိုးအောင် ဗိုက်ထဲကကလေးကို ခေါ်မဆိုင်ဆွဲထည့်လိုက်တာပါ။

ဗိုက်ကြီးသည်သူနဲ့ အတိုက်အခံမဖြစ်ချင်တာနဲ့ ကျွန်တော်လည်း ' ခဏခဏတော့မထိုးနဲ့ကွာ ' လို့ခပ်ဟန့်ဟန့် ပြောပြီးဘာသိဘာသာနေလိုက်တယ်။

သူကလည်းကျွန်တော့်စကားကို မြေဝယ် မကျနားထောင်ရှာသား ကျွန်တော်အဲလို ဟန့်ခဲ့တဲ့အချိန်က စပြီး ခဏခဏမထိုးတော့ ဘဲ၊ မကြာခဏပဲထိုးပါတော့တယ်။ ငွေကြေးပမာဏလည်းသိပ်မများလှတာမို့ ၊ ကျွန်တော် ထွေထွေထူးထူးပြဿနာလုပ်နေတော့ပါဘူး။

ဒီလိုနဲ့ လိုင်စင်ရနီးပါးဖြစ်သွားတဲ့သူဟာ. . နေ့လည် နေခင်းဆိုစာအုပ်တစ်အုပ်နဲ့ တကုတ်ကုတ်ပါပဲ။ လှမ်းကြည့် လိုက်ရင် မဟာဘုတ်တိုင်လိုလို၊ ရာဇမတ်ကွက်တွေလိုလိုနဲ့ သူစာအုပ်ထဲရှုတ်ရှက်ခတ်နေတော့တာပါ။

မနက်မနက်အိပ်ရာကနိုးလို့ကော်ဖီသောက်ချိန်ဆို ရင် သူတစ်ယောက်တည်းနှုတ်ခမ်းလေးလှုပ်ပြီး တတွတ်တွတ်နဲ့ ရွတ်နေတတ်ပါသေးတယ်။

' လိပ်ပြာ. . ကလေးငါး ။ မြွေဟောက်ဆိုတော့ . . . မြွေက. . . ငါး။ ငှဟောက်က. . ကိုကို. . (ဟ)ကဘာနံလဲဟင်'

'သောကြာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



' သောကြာဆိုတော့ . . ခြောက်။ ငါးနဲ့ခြောက်နဲ့ပေါင်းတော့. . '

ဘာတွေမှန်းကိုမသိဘူး။

သူတစ်ယောက်တည်းတတွတ်တွတ်နဲ့ရွတ်နေတော့တာပါ။ ဘာပဲဖြစ်ဖြစ်အဲ့ဒီနောက်ပိုင်း သူသင်္ချာပိုတော်လာတာတော့ အမှန်ပဲ။ နေ့နံတွေဘာတွေကောက်တဲ့နေရာကျတော့လည်း ဗေဒင်ဆရာလောက်နီးနီးကို ကျွမ်းကျင်လာတယ်။

သူနဲ့စကားပြောတဲ့အခါ ပုံမှန်ပြောနေကျအကြောင်းအရာမဟုတ်ဘဲ၊ နည်းနည်းထူးဆန်းတာများပြောလိုက်မိလို့ကတော့ ဒိုးခနဲဒေါက်ခနဲအမိပ္ပါယ်ဖော်တော့တာပဲ။

တစ်ခါကကိုစိုးမြင့်ဆိုတဲ့လူတစ်ယောက် အိမ်လာလည်လို့ထိုင်စကားပြောနေရင်း၊ ကိုစိုးမြင့်က သူတို့ရွှေပေါက်ကံမှာလေနီကြမ်းတိုက်တဲ့အကြောင်းစကားစတယ်။လေက ပြင်းလို့တချို့ အိမ်တွေဆို ဘွပ်တွေဘာတွေတောင်လန့်သွားတယ်လို့ဆိုတယ်။

အဲ့ဒီမှာတင် . . အိမ်ခန်းထဲကအချိန်ကိုက်ထွက်လာတဲ့ မယ်မင်းကြီးမက . .

' လေနီကြမ်းဆိုတော့. . '

လို့အစချီပြီး ဒုက်ခနဲဒုက်ခနဲ အမိပ္ပါယ်ဖော်တော့တာပဲ။ ကိုစိုးမြင့်ဆိုတဲ့လူကလည်းသူနဲ့တဂိုက်တည်း





သားတွေမို့ စိတ်ဝင်တစားနားထောင်နေလိုက်တာ ၊ မျက်မှန်နောက်က မျက်လုံးတွေတောင် အရောင်တွေဘာတွေလက်လို့။

" အေးဗျ။ မမီးငယ်ပြောတာဖြစ်နိုင်တယ် ကျွန်တော်အချိန်မီအိမ်ပြန်ပြေးလိုက်ဦးမယ် "

နာရီကိုတချက်ကြည့်လို့ ကိုစိုးမြင့်ထလစ်တော့တာပဲ။

နောက်နေ့ တွေ့လို့အခြေအနေဘယ်လိုလဲမေးတော့ ကိုစိုးမြင့်ပြုံးဖြီးဖြီးနဲ့ ခေါင်းကုတ်ပါတယ်။ ပြီးမှ မချင့်မရဲလေသံနဲ့. . .

" မမီးငယ်တွက်ပြတုန်းကဟုတ်နေသားပဲ ဘယ်နေရာမှာက များလွဲသွားတယ်မသိပါဘူး " . . တဲ့။

ကျွန်တော်ရဲ့မဟေသီလေးကအဲလိုတော်တာပါ။

ဒါနဲ့တောင်သူ့ အပေါ်အထင်တကြီးနဲ့လေးစားတဲ့လူတွေရှိနေသေးလို့ အံ့များတောင်သြမိပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ ရပ်ကွက်ထဲကိုမနက်မနက်ဆိုဈေးသည်တွေတော်တော်များများရောက်လာတတ်ကြတယ်။

အစောဆုံးရောက်လာတတ်တာကတော့ပဲပြုတ်သည်ပါ။ 'ပဲ' ဆိုတဲ့အသံကို ရှည်ရှည်ဆွဲပြီး 'ပြုတ်' ကိုတော့ 'ပြို' လို့ခပ်ပြတ်ပြတ်အော်တတ်တဲ့ အဲ့ဒီအသည်ရောက်လာပြီဆိုရင် မကြာခင် ခုနစ်နာရီထိုးတော့မယ်ဆိုတဲ့ အဓိပ္ပါယ်ပါ။

အဲ့ဒီအသည်လာပြီးသွားလိုတော်တော်လေးကြာ ရင်တော့ 'ပဲပင်ပေါက်၊ ပဲပြား၊ ဘဲသွေး' တို့ 'ကြက်သား'၊ 'ဝက်သား' တို့ဈေးသည်တွေဆက်တိုက်ဆိုသလို လာတတ်ကြတယ်။ နောက်ဆုံးမှာရောက်လာတတ်တာကတော့ ငါးသည်ပါ။



www.burmeseclassic.com

www.burmeseclassic.com



'ငါးမြစ်ချင်း၊ ငါးကျဉ်း၊ ငါးခူ၊ ငါးရံ့' ဆိုတဲ့အသံ ဟာဆယ်နာရီကိုတော်တော်ကျော်မှကြားရတက်တာပါ။

ကျွန်တော့်ရဲ့ အိမ်သူသက်ထားဟာ အစောဆုံးပဲ ပြုတ်သည်ကစလို့ နောက်အကျဆုံးငါးသည်အထိ ဈေးသည်မှန်သမျှကို မလွတ်တမ်းလှမ်းပြီး နှုတ်ဆက်လေ့ရှိ တယ်။ နှုတ်ဆက်ပုံနှုတ်ဆက်နည်းကတော့ သူတို့ရဲ့ ဘာသာ ဗေဒနဲ့ ဘာကောင်းလဲဆိုပြီးနှုတ်ဆက်တာပါ။

အစပိုင်းတော့ဒင်းဟာ နှုတ်ဆက်သူသက်သက် မေးမြန်း သူသက်သက်ပါပဲ။ နောက်ပိုင်းတော့အနှုတ်ဆက်ခံ အမေး မြန်းခံ၊ အနေအထားကို ရောက်မှန်းမသိရောက်လာ တော့တာပဲ။

ဈေးသည်တွေက သူ့များအိမ်ရှေ့မှာအလွယ်တကူ မတွေ့ခဲ့ရင် 'အစ်မရေ ဘာယူဦးမလဲ' လို့ ခြံဝကလှမ်းအ သံပြုတက်ကြတယ်။ ဈေးရောင်းချင်တာကနည်းနည်း ဒင်းဆီက ဩဝါဒကထာခံချင်တာ များများဖြစ်မှာပါ။

ဒင်းကလေးကလည်း သူ့ကိုများအဲ့ဒီလိုနေရာပေးရင် ကွေးနေအောင် ကတော့တယ်ဆိုတဲ့အစားထဲကပါ။ ဈေးသည် တွေများမလာရင် သူ့ ခမြာမျှော်ရတာအမောပါပဲ။

" ဒီနေ့ငါးသည်မိန်းမကြီးမလာပါလား နေများ မကောင်းလို့လားမသိပါဘူး "

သူကအဲဒီလို့ တစ်ယောက်ထဲရေရွတ်ရင်း မျှော်တော် ဇောနဲ့မောချင်မောနေတက်တယ်။





" ဟော့ . . ငါးသည်မလာရင်ဘဲဥကြော်ကွာ ရှိတာနဲ့ စားမယ် . . "

တစ်ခါတစ်လေကျွန်တော်ကနားကြားပြင်းကပ်ကပ် နဲ့အဲ့ဒီလိုပိတ်ဟောက်လိုက်တော့မှ ငြိမ်သွားပါတယ်။

လမ်းလျှောက်ဈေးသည်တွေလိုမျိုး မရွှေခြင်္ငံနဲ့ စန္ဒာ ဝင်းထွန်းကလည်း သူ့ကိုဆရာတင်ထားကြပုံပါပဲ။

မနက်၊မနက် ဘုန်ကြီးဆွမ်းခံပြန်ချိန်ဆိုရင် သူကအဲ့ဒီ နှစ်ယောက်ဆီကိုသွားချင်သွား၊ ဒါမှမဟုတ်ဟိုနှစ်ယောက် ထဲကတစ်ယောက်ယောက်ကသူ့ ဆီလာလေ့ရှိတယ်။

သူတို့ချင်း ကြိတ်ကြိတ် ကြိတ်ကြိတ်နဲ့ ခေါင်းချင်းဆိုင် နေကြတာကိုတွေ့တွေ့နေသားပဲ ။ ဒါပေမဲ့ . . အစပိုင်းမှာ ကိုယ့်မိန်းမဆရာမကြီးဖြစ်နေမှန်းမှကျွန်တော်ကမသိခဲ့တာ။ အဲ့ဒါကြောင့်ကျွန်တော်လုပ်လို့ သူတို့ တွေဂျောက်ကျမလိုသီသီ လေးဖြစ်ခဲ့ကြသေးတယ်။

တစ်ရက်ကျွန်တော်ကငါးရေချိုစားချင်စိတ် ပေါ်လာတာနဲ့သူ့ကိုပြောလိုက်မိတယ်။ငါးမကြိုက်တဲ့ကျွန်တော် ကထူးထူးဆန်းဆန်းငါးရေချိုစားချင်တယ်ဆိုတော့ မရွှေချော ကအံ့တွေဩပြီး ခြင်းတောင်လေးယူလို့ဈေးကိုအပြေးသွား တော့တာပဲ ။

သူ့ဘော်ဒါငါးသည်မိန်းမကြီးကိုတောင်မစောင့်ပို ထောက်ရင် ကျွန်တော်ခံတွင်းတွေ့ အောင်စိတ်ကိုင်းကျ



www.burmeseclassic.com

www.burmeseclassic.com



လက်စွမ်းပြတော့မယ်ထင်ပါရဲ့။ ဈေးကပြန်တော့ သူငါးရံ့တွေဝယ်ချလာတယ်။

" ငါးရံ့ ဆန်လှော်ဟင်းချက်မယ် ကိုကိုကြိုက်တယ် မဟုတ်လား "

" ကောင်းသားပဲ။အထူးအဆန်းလေးစားရတာပေါ့ "

" ဒါဖြင့် မီးသွားချက်လိုက်ဦးမယ် "

သူနောက်ဖေးမှာငါးကိုင်နေတုန်း ၊ ကျွန်တော် ခြံထဲဆင်းပြီးပန်းပင်တွေရေလောင်း ၊ တဲမြက်စည်းလှဲနေလိုက်တယ်။

" ဟော စောစောစီးစီးတံမြက်စည်းတွေဘာတွေ လှဲလို့ပါလား"

အသံကြားလို့လှမ်းကြည့်လိုက်တော့ ခြံတခါးဖွင့်ပြီး ဝင်လာတဲ့စန္ဒာဝင်းထွန်းကိုတွေ့လိုက်ရတယ်။

" ဟုတ်တယ် မစန္ဒာရေ ခြံထဲမှာ အမှိုက်တွေရှုတ်နေတာနဲ့ ရပ်ကွက်ကလဲခြံထဲမှာ အမှိုက်ရှုတ်ရင် ဒဏ်ငွေရိုက်မယ်လို့တဂျီဂျီ အော်နေလို့လှဲနေရတာ ။ ခင်ဗျားဘော်ဒါတော့နောက်ဖေးမှာဟင်းချက်ဖို့လုပ်နေလေရဲ့။ ကျွန်တော်သွားခေါ်ပေးရမလား "

အရင်ကဒီအချိန်ဆိုကျွန်တော့်မဟောသီကအိမ်ရှေ့ကကွပ်ပျစ်မှာ ထွက်ထိုင်နေကျမို့ ကျွန်တော်နဲ့ တွေ့စရာမလိုဘဲ သူတို့အချင်းချင်းတန်းတွေ့နေကြပါ။





ဒီနေ့ ကျမှသာကျွန်တော်နဲ့ အရင်တွေ့ပြီး ကျွန်တော်ကခေါ်ပေးမယ်ဆိုတော့ စန္ဒာဝင်းထွန်းကြည့်ရတာအားနာသွားပုံနဲ့ ချိုတုံချတုံဖြစ်သွားတယ်။

ကျွန်တော်ကလည်းအမှိုက်လှဲလက်စကိုချက်ချင်းမရပ်ဘဲ၊မီးရှို့လို့ကောင်းအောင် စုပုံနေသေးတာမို့စိတ်လျှော့လိုက်ပုံပဲ။

" နေပါစေတော့ကိုရဲ ။ မခေါ်ပါနဲ့တော့ အရေးမကြီးပါဘူး ။ မီးငယ်ဒီနေ့ဘာရသလဲလို့ လာမေးတာပါ "

အားတုံ့အားနာဖြစ်နေတဲ့ စန္ဒာဝင်းထွန်းကို ကျွန်တော်မဆိုင်းမတွဘဲအဖြေပေးလိုက်တယ်။

" သူ ငါးရံ့ ရလာတယ်မစန္ဒာ "

" ရှင် ငါးရံ့ ဟုတ်လား "

" ဟုတ်ကဲ့ "

" မီးငယ် အဲလိုပဲပြောသလား ကိုရဲ "

" ဟုတ်တယ်။ ငါးရံ့ လို့ ပြောတယ် "

စန္ဒာဝင်းထွန်းကျွန်တော့်ကို ဇဝေဇဝါကြည့်ရင်းခေါင်းပေါ်ကဆံပင်တွန့်တွန့် လိမ်လိမ်တွေကို တစ်ချက်ကုတ်လိုက်တယ်။ ပြီးမှ . . .

" ကျေးဇူးပဲ ကိုရဲ . ကျွန်မသွားလိုက်အုံးမယ်။ "

ပါးစပ်က ' ငါးရံ့ ' လို့ခပ်တိုးတိုးရွတ်ရင်းစန္ဒာဝင်းထွန်းလှည့်ထွက်သွားတယ်။ ခြံဝရောက်တော့ နောက်ကလိုက်လာတဲ့ မရွှေခြိုင်နဲ့ဆုံကြတယ်။

" ငါးရံ့ တဲ့ မရွှေခြိုင် "

" ဟင်း ငါးရံ့ ဟုတ်လား "

" ဟုတ်တယ် ငါးရံ့ တဲ့ "



www.burmeseclassic.com

www.burmeseclassic.com



သူတို့ အချင်းချင်းခေါင်းချင်းဆိုင်လို့ တီးတိုးတိုးတိုး လုပ်ပြီး တစ်ယောက်တစ်လမ်းစီပြန်ထွက်သွားကြတယ်။ ကျွန်တော်ကတော့တံမြက်စည်းကိုကိုင်ရင်း သူတို့နှစ်ယောက် ကို ခပ်ကြောင်ကြောင်ရပ်ကြည့်နေမိတယ်။

ဘယ်နှယ့် ဈေးက ငါးရံ့ရလာတာကိုပဲ ၊ အထူး အဆန်းလုပ်ပြီး အံ့သြနေကြပါလားပေါ့။

အဲ့ဒီနောက် တံမြက်စည်းလှဲတဲ့ ကိစ္စကို ကျွန်တော်ခပ် မြန်မြန်အပြီးသတ်ပြီး ရေဝင်ချိုးလိုက်တယ်။ ကျွန်တော် ရေချိုးပြီးတဲ့အချိန်သူ့ရဲ့ ငါးရေချိုလည်း ကျက်သွားတာမို့ နှစ်ယောက်သား ထမင်းစားလိုက်ကြတယ်။

စားသောက်ပြီးလို့ ပက်လက်ကုလားထိုင်မှာ ထိုင်ပြီး ဆေးလိပ်ဖွာတော့မှပဲ စောစောကအကြောင်းကို သတိရပြီး ကျွန်တော်သူ့ကို ပြန်ပြောပြလိုက်တယ်။ ကျွန်တော့်စကား ဆုံးတယ် ဆိုရင်ပဲ မယ်မင်းကြီးမက ခွေ့ခွေ့ခုန်ပါတော့တယ်။

" ဟယ် . . . ဒီနေ့ . . . ငါးရော ရံ့ရော သေတယ် ကိုကိုရဲ့"

" အေးလေ . . . ငါးရံ့သေလို့ ကိုယ်တို့တောင် ဟင်းချက်စားပြီးမှပဲ . . . "

သူက . . . တကျွတ်ကျွတ်နဲ့ စုတ်သတ်ရင်း ခေါင်းကုတ်တယ် ။





"ကိုကိုနဲ့တော့ ခက်တော့တာပါပဲ။ မီးလည်း စောစောကခြေထောက်လေဝင်သွားလို့ သူတို့ဆီ မလိုက်နိုင်တော့ဘူး။ ဒုက္ခပဲ"

သူ မလိုက်နိုင်ပေမယ့် ဟိုနှစ်ယောက်ကတော့ ညနေစောင်းမှာ ပြုံးပြုံး ပြုံးပြုံးနဲ့ရောက်ချလာပါတယ်။ သူတို့ရဲ့ ဆရာမကြီးကို ကျေးဇူးတင်စကားလာပြောကြတာပါ။

အလိုက်သိတတ်တဲ့စန္ဒာဝင်းထွန်းက ကျွန်တော့် အတွက်ဆိုပြီး ကျွန်တော်ကြိုက်တတ်တဲ့ ဘီယာ ပုလင်းတွေ တောင်ဝယ်ချလာပါသေးတယ်။ သူတို့ပြန်သွား တော့မှ မဟာဝါ တကျွန်တော့်နဖူးကို နမ်းပြီး ခုလိုပြောပါတယ်။

" ရှင်ကြီးက . . . တော်သားပဲ " . . . တဲ့။

ကျွန်တော်ကြောင့်သူတို့ ဂျောက်မကျဘဲ စင်ပေါ် ရောက်သွားတဲ့အတွက် ကံကြမ္မာကို ကျေးဇူးတင်လိုက်ရပါ သေးတယ်။

◈ ◈ ◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

" အား . . . နာတယ် ကိုကိုရေ။ ဗိုက်ထဲက အရမ်းနာတာပဲ။ လုပ်ပါအုံး"

" ခဏလေးပါ မီးရယ်။ ကိုရွှေဖုန်းတို့ ကိုကျော်မော်တို့ ကားသွားငှားတယ်။ ခုပဲရောက်လာတော့မှာပါ။"

" ဗိုက်ထဲက နာလွန်းလို့ပါ ကိုကိုရယ်။ ကားကိုမြန်မြန်ရောက်လာအောင် လုပ်ပေးပါလားဟင် . . .။ ဘုရား . . . ဘုရား အမေကလည်း မမွေးခင်ကြိုလာမယ် ဆိုပြီး ဘာဖြစ်လို့ ရောက်မလာသေးလဲ မသိဘူးနော် . . ."

" ခဏလေးသည်းခံပါမီးရယ်။ ကားအခုရောက်လာတော့မှာပါ။ ကြီးတော်လည်း ခုဆို . . . ကျိုက်ထိုကနေလာနေ လောက်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



" မီးငယ် . . . အားမငယ်နဲ့နော် တို့တွေရှိတယ် သိလား စန္ဒာဝင်းထွန်းရော တို့ရော အနားမှာရှိတယ်"

ဗိုက်ကိုနှိပ်ပြီး တအီးအီးအော်နေတဲ့ သူ့ကိုကြည့်ရင်း ကျွန်တော်တို့ အားလုံးခြေမကိုင်မိ လက်မကိုင်မိဖြစ်နေကြတယ်။

တကယ်တော့ ဆရာဝန်တွက်ချက်ပေးထားတဲ့ အတိုင်းဆိုရင် သူမွေးဖို့က ဆယ်ရက်ကျော်ကျော် လောက်လိုသေးတာမို့ သူရောကျွန်တော်ပါ ခပ်အေးအေး နေခဲ့မိတယ်။ ဒီညနေ ထမင်းစားပြီး ချိန်လောက်မှ မထင်မှတ်ဘဲ ဗိုက်ကစနာလာတာပါ။

သူ့နားမှာ မရွှေခြိုင့်တို့ အားပေးနေတုန်း ကျွန်တော်က ဆေးရုံမှာ လိုမယ်ထင်တဲ့ပစ္စည်းတွေကို အမြန်ထုပ်ပိုး နေမိတယ်။ ခဏနေတော့ . . . ကားရောက်လာလို့ ကျွန်တော်တို့အားလုံး ဗဟိုအမျိုးသမီးဆေးရုံကို ချီတက်ကြတယ်။ သူကတော့ တစ်လမ်းလုံး အမေကြီးရော အမေလေးပါ တနေတော့တာပဲ။

သူ့အစား ကျွန်တော်ဝင်ပြီးဗိုက်နာပေး ချင်ပေမယ့်. . . မဖြစ်နိုင်တာမို့ ကားသမားကိုပဲ မြန်မြန် မောင်းဖို့တိုက်တွန်းရပါတယ်။ ဆေးရုံ ရောက်တော့ ကျွန်တော်က ပျာယာခပ်သလောက် ဆေးရုံဝန်ထမ်း တွေကတော့ အေးဆေးပဲ။





လှည်းတွန်းတာများ ရုပ်ရှင်တွေထဲကလို တမင်စလိုးမိုးရှင်းတွန်းနေသလားလို့တောင် ထင်ရပါတယ်။

အေးလေ . . . အခု ဗိုက်နာတာက သူတို့မိန်းမမှ မဟုတ်ဘဲ။

ဆရာဝန်ရောက်လာတော့ ခွဲမွေးရမယ်လို့ဆိုတယ်။ ဒါပေမယ့် အခုချက်ချင်းခွဲလို့မရဘူး။ သူက အစာ စားထားတာမို့ မေ့ဆေးပေးလို့ ရအောင်ခြောက်နာရီ လောက်စောင့်ရမတဲ့။

ဒီအတောအတွင်းမှာတော့ ကျွန်တော်တို့ အားလုံးသူ့သိပ်မနာအောင်ဝိုင်းပြီး အားပေးကြ ဖို့ပဲရှိတော့တာပေါ့။

ကျွန်တော်သူ့ကုတင်ဘေးမှာထိုင်ပြီး ဘာလုပ်ရမှန်းမသိတာနဲ့၊ ဆံပင်လေးသပ်တင်ပေးလိုက် လက်ကလေးဆုပ်လိုက်လုပ်နေတုန်းမှာပဲ၊ တဖက်ကုတင်ကို မွေးလူနာတစ်ယောက် ထပ်ရောက်လာတယ်။

အဲ့ဒီလူနာက ရှီးရှီးမွေးမှာဖြစ်ပေမယ့် မွေးချိန် လိုသေးလို့ စောင့်ရအုံးမယ်လို့ဆိုတယ်။

သူလည်း ကျွန်တော့် မဟေသီလေးလို နာလွန်းလို့ အံ့ကြိတ်ပြီးအော်နေလေရဲ့။ သူ့အသံက ကျွန်တော့်မိန်းမထက် ကျယ်တဲ့အပြင် အော်ပုံအော်နည်းကလည်း တစ်မျိုးပါပဲ။

" အောင်မလေး . . . နင့်ကြောင့် ငါဗိုက်နာနေရပြီ



www.burmeseclassic.com

www.burmeseclassic.com



မိုးအိမ်သစ်ရဲ့ . . . ဟီး . . . ငါနင့်ကို အလိုလိုက်မိတာ . . . သိပ်မှားတယ်ဟဲ့ . . . ဟီး . . . ”

ဘယ့်နှယ့် . . . ဒီမိန်းမအော်ပုံအော်နည်းက အဆန်းပါလားဆိုပြီး ကျွန်တော် ဂရုတစိုက် နားထောင်နေမိတယ်။

သူများလို . . . အမေကိုမတဘဲ . . . “မိုးအိမ်သစ်” ဆိုတဲ့ လူတစ်ယောက်ကို တ,တပြီးအော်ငိုတာ ကျွန်တော်ဖြင့် နားကို မလည်နိုင်ဘူး။

အဲ့ဒီအချိန်မှာ တာဝန်ကျဆရာဝန်ကြီးတွေ အခန်းလှည့်လာလို့ ကျွန်တော်တို့ အဆောင်ဝကို ခဏထွက်ပေးရတယ်။ ပါးစပ်ထဲမှာ ခံတွင်းချဉ်လာလို့ ဆေးလိပ်သောက်ချင်တာနဲ့၊ စီးကရက်တစ်လိပ်ထုတ်ပြီး ဘေးနားကလူတစ်ယောက်ဆီမှာ မီးညှိလိုက်တယ်။

အဲ့ဒီအချိန်မှာပဲ၊ စောစောက မိန်းမရဲ့ငိုသံက ပြခနဲထွက်လာပြန်တယ်။

“ အောင်မလေး . . . ဆရာဝန်တွေက အမြှာပူးလို့ ခန့်မှန်းကြသတဲ့ မိုးအိမ်သစ်ရဲ့ . . . ဟီး . . . ။ နင်ငါ့အပေါ် စေတနာပိုလိုက်တာတဲ့လားဟဲ့ . . . ဟီး . . . ”

ကျွန်တော်မီးကူးယူတဲ့ ဆေးလိပ်ကို ဘေးနားကပုဂ္ဂိုလ်ကိုပြန်ပေးရင်း . . . “ဒီမိန်းမကြည့်ရတာ တော်တော်နာနေပုံပဲ”လို့ စကားစလိုက်တော့၊





အသားမဲမဲဆံပင်ရှည်ရှည်နဲ့ အဲ့ဒီပုဂ္ဂိုလ်က “ဖြစ်နိုင်တယ်ဗျ” လို့ တုန့်ပြန်တယ်။

“ မိုးအိမ်သစ်ဆိုတာ သူ့ယောက်ျားလားမသိဘူး”

“ ဟုတ်လိမ့်မယ်”

“ သူ့ယောက်ျားဆိုရင်တော့ ဟိုလူက သူ့ကိုပစ်သွားတဲ့ပုံပဲ။ ဒါကြောင့် နာနာကျည်းကျည်း အော်နေတာဖြစ်မယ်”

“ ဒါတော့ မဟုတ်လောက်ဘူးနဲ့တူတယ်”

“ ဟုတ်မှာပါ။ အော်သံကို နားထောင်ကြည့်ပါလား။ ယောက်ျားကို တော်တော်မုန်းနေပုံပဲ။ ယောက်ျားကလည်း နာကျည်းစရာ ဘာတွေလုပ်ခဲ့လည်းမှမသိတာ”

“ မဖြစ်နိုင်လောက်ဘူး ထင်တယ် နောင်ကြီးရဲ့”

“ နေပါအုံး . . . ခင်ဗျားက ဘာဖြစ်လို့ အဲ့ဒီလိုထင်ရတာလဲ”

ကျွန်တော့် အယူအဆကို အတင်းဆန့်ကျင်နေလို့ ခပ်ချဉ်ချဉ်ဖြစ်သွားပြီး သူ့ကိုမေးလိုက်တော့ . . . သူက အားနာတဲ့ပုံနဲ့ ကျွန်တော့်ကို ပြန်ကြည့်တယ်။

“ ဟို . . . မိုးအိမ်သစ်ဆိုတာ ကျွန်တော်ပဲလေ”

“ ဗျာ . . . ”

ကျွန်တော် ကိုယ့်နဖူးကိုကိုယ်ရိုက်ပြီး လဲသေချင်စိတ် ပေါက်သွားတယ်။ အားနာလွန်းလို့ သူ့ကိုပျာပျာသလဲ



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်တော့ သူက နှာသံလေးနဲ့ ရပါတယ်ဗျာလို့ ခပ်တိုးတိုးတုန့်ပြန်တယ်။

အဲဒီအချိန်မှာ အဆောင်ထဲက "ဟောတော့ . . . ထွက်ပြီ။ ထွက်သွားပြီလုပ်ကြပါအုံး" ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ ပြူးတူးပြဲတဲ အသံထွက်လာလို့ လူတွေအားလုံးအသံလာရာကုတင်ဆီကို ဝိုင်းအုံသွားကြတယ်။ ကျွန်တော်လည်းအဲ့ဒါကို အခွင့်ကောင်းယူပြီး မိုးအိမ်သစ် အနားက လစ်ထွက်ခဲ့တယ်။

ကျွန်တော့်ဇနီးသည်လေးအနားပြန်ရောက်တော့ စောစောက လူအုံနေတဲ့ကုတင်ဆီကို ဆရာဝန်တွေ နပ်စ်မတွေအပြေးအ အလွှားရောက်လာကြတယ်။ အဲ့ဒီကုတင်နားကို သွားစပ်စုပြီးပြန်လာတဲ့ စန္ဒာဝင်းထွန်းတို့ကို ဘာဖြစ်တာလဲ မေးကြည့်လိုက်တော့. . .

"အဲ့ဒီ မွေးလူနာက ဝမ်းတွေ ဒလဟောလျှောနေတာ နှစ်ရက်ရှိပြီလို့ ဆိုတယ်။ အခုဝမ်းနဲ့အတူ ကလေးပါ လျှောဆင်းလာတာပါတဲ့။"

ဩော် . . . ဒီလိုလည်း ဖြစ်တတ်ပါလားလို့ ကျွန်တော်တွေးလိုက်မိတယ်။ မွေးခန်းထဲတောင် မဝင်လိုက်ရဘဲ ကလေးတစ်ယောက် လျှောခနဲထွက်လာလို့ ကံကောင်းတယ်လို့ဆိုရမှာပါ။

သူ့လောက် ကံမကောင်းရှာတဲ့ ကျွန်တော့်မိန်းမနဲ့ မိုးအိမ်သစ်ကတော်ကတော့ ဗိုက်ကိုနှိပ်ရင်း ညီးတွား





နေကြတုန်းပဲ။ ကျွန်တော့် လေဒီလေးက . . . "အမေရေ . . ." လို့တပြီး တစ်ဖက်ကုတင်က အမျိုးသမီးကတော့

" နင်ငါ့အပေါ်လုပ်ရက်လေခြင်းမိုးအိမ်သစ်ရဲ့" လို့ ညီးညူပါတယ်။ ညသန်းခေါင်လောက်မှ အဲ့ဒီ မိန်းမကို တွန်းလှည်းနဲ့ လာခေါ်သွားကြပြီး၊ ကျွန်တော့်မိန်းမကိုတော့ သန်းခေါင်းကျော်တော့မှ ခွဲခန်းထဲပို့ပါတယ်။

သူ ခွဲခန်းထဲရောက်သွားပြီးချိန်မှာတော့ ကျွန်တော်တို့အားလုံး စိတ်လှုပ်ရှားစွာနဲ့ ခွဲခန်းရှေ့မှာ စောင့်ဆိုင်းနေမိကြတယ်။

ကျွန်တော်က အင်္ဂလိမာလသုတ်ကို မရတာမို့ သံဗုဒ္ဓေကို ရွတ်ကြည့်တော့လည်း အထစ်ထစ်အငေါ့ငေါ့နဲ့ အဆင်မပြေပြန်ဘူး။

ဒါကြောင့်မို့ ဘာမှမရွတ်တော့ဘဲ ချောချောချုချုမွေး ပါစေလို့သာ ရိုးရိုးတန်းတန်းဆုတောင်းပြီး၊ ထိုင်လိုက်ထလိုက် လမ်းလျှောက်လိုက်နဲ့လုပ်နေမိတယ်။ ကွမ်းတစ်ယာ ညက်ကနေ ထမင်းအိုးတစ်လုံးချက်မက ကြာလာချိန်မှာတော့ ကျွန်တော် စိုးရိမ်စိတ်ပူစပြုလာတယ်။

ကျွန်တော့်စိတ်ထဲက ထမင်းအိုးဟာ ဆန်နှစ်လုံး ချက်ကနေ တဖြည်းဖြည်း တစ်ပြည်ချက်မကဖြစ်လာတယ်။ ဆန်တစ်ပြည်ခွဲလောက် ပွက်ပွက်ဆူနေချိန်မှာတော့ ပန်းချီကျော်အောင်မော် ကျွန်တော့်နားရောက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဝတ်လေ့ရှိတဲ့ ပြောက်ကျားဘောင်းဘီတိုပွပွကြီးရဲ့ အိပ်ကပ်ထဲကနေဝတ်စုံတစ်ရာကိုထုတ်လိုက်တယ်။

သေနတ်ထုတ်သလိုဂရုတစိုက်ထုတ်နေပေမယ့် တကယ်ထွက်လာတာက ရေသန့်ဘူးပုလင်းသေးလေးပါ။

" ရော့ . . အဲ့ဒါလေး . . . နည်းနည်းမော့လိုက်"

" ဘာတွေလဲဗျ"

" ပင်လယ်"

" ဖြစ်ပါ့မလား "

" ဖြစ်ပါတယ်။ ချမ်းပါ။ စိတ်ငြိမ်တာပေါ့"

သူ ကမ်းပေးတဲ့ ရေသန့်ဘူးကို ယူပြီး တစ်ငုံမော့လိုက်တယ်။ 'ဂလု' ဆိုပြီးလည်ချောင်းထဲကို ပင်လယ်ဘီအီး တစ်ငုံစာ ဆင်းသွားတယ်ဆိုရင်ပဲ၊ ခွဲခန်းထဲက ကလေးငိုသံတစ်ခုက ပြခနဲထွက်လာတယ်။

တောက် . . . ဒီလိုမှန်းသိရင် စောစောကတည်းက အဲ့ဒီဘူးကို တောင်းပြီးမော့လိုက်ပါရဲ့။

◈ ◈ ◈ ◈ ◈



"နောက်တစ်နေ့ မိုးစင်စင်လင်းတော့ . . . မိခင်ရော ကလေးပါ ကျန်းကျန်းမာမာမို့ ကျွန်တော်တို့ အမျိုးသား သုံးယောက် စိတ်လက်ပေါ့ပါးစွာနဲ့ ဆေးရုံရှေ့က လက်ဘက်ရည်ဆိုင်ကို ထွက်ခဲ့ကြတယ်။

လက်ဘက်ရည်ဆိုင်ရောက်တော့ မိုးအိမ်သစ်ဆိုတဲ့ ဆံပင်ရှည်ရှည် ရုပ်ဖြောင့်ဖြောင့်နဲ့ ပုဂ္ဂိုလ်ကို စားပွဲတစ်လုံးမှာ ခန့်ခန့်ကြီး တွေ့လိုက်ရတယ်။ သူက ကျွန်တော့်ကို တွေ့တာနဲ့ ဝမ်းသာအားရပြုံးပြရင်း။

" ကျွန်တော့် မိန်းမမွေးပြီဗျ"လို့ နှာခေါင်းသံလေးနဲ့ လှမ်းပြောတယ်။

" ဟုတ်လား ဘာလေးမွေးလဲ"

" ယောကျ်ားလေးဗျ။ နှစ်ယောက်တောင်"



www.burmeseclassic.com

www.burmeseclassic.com



" အမြွာပူးဆိုတော့ နှစ်ခါမပင်ပန်းတော့ဘူးပေါ့ဗျာ ကောင်းတာပေါ့"

" ကျွန်တော် သူတို့ကို နာမည်တောင်ပေးပြီးပြီ၊ ညီညီအောင်နဲ့ ညီညီဟန်လို့ ပေးထားတယ်"

" တယ်ဟုတ်ပါလား ခင်ဗျား တစ်ညတည်းစဉ်းစား လိုက်တာလား"

" အရင်ကတည်းက ကြိုစဉ်းစားထားတာဗျ"

" တကယ်လို့ ယောကျ်ားလေးမဟုတ်ဘဲ၊ မိန်းကလေး အမြွာပူးဖြစ်နေရင်ကော"

" ရတယ်လေ။ ဒါလည်း စဉ်းစားထားတယ်။ မချိုနဲ့ မမွှေးလို့ပေးမယ်။ ချိုချိုမွှေးမွှေးလေးဖြစ်အောင်ပေါ့။ ဒါနဲ့ . . . နောင်ကြီးကော . . . ဘာလေးမွေးလဲ"

" ယောကျ်ားလေး။ အဲ . . . ဒါပေမယ့် ကျွန်တော် မဟုတ်ဘူးဗျ။ ကျွန်တော့်မိန်းမမွေးတာ"

" နာမည်ရောပေးပြီးပြီလား"

" ကျွန်တော် တစ်ချက်တွေခနဲဖြစ်သွားပြီးမှ မိုးအိမ်သစ်ကို ခေါင်းညိတ်ပြလိုက်တယ်။

" ဘယ်လိုပေးထားသလဲဗျ"

" ပင်လယ်"

" ဗျာ "





" ပင်လယ်လို့ပေးထားတယ်"

မိုးအိမ်သစ် ခပ်ကြောင်ကြောင်ဖြစ်နေပေမယ့် ဘေးနားက ကျော်မော်ကတော့ . . .

" အဲ့ဒီနာမည်ကောင်းတယ်ဗျ။ စိုင်းလားရှိုးလည်း ကြိုက်လိမ့်မယ်"လို့ ဝင်ထောက်ခံပါတယ်။ သူတို့နှစ်ယောက်က ပင်လယ်ဘီအီးရဲ့ အမာခံပရိတ်သတ်တွေမဟုတ်လား။

◈ ◈ ◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ပညတ်သွားရာခေါ်သတ်ပါဆိုတဲ့အတိုင်း ပင်လယ်လို့ အမည်ပြောင်ပေးလိုက်မိတဲ့ကျွန်တော့်ရဲ့ ချာတိတ်ဟာ ငိုပြီဆိုရင် နာမည်နဲ့လိုက်အောင် အကျယ်ကြီးငိုတတ်သလို။

သေးပေါက်ရင်လည်း အိုင်ထွန်းပြီး ပင်လယ်ဝေအောင်ပေါက်တတ်ပါတယ်

နို့စို့တော့ကော . . . တဲ့။

သူ့အမေရဲ့ နို့ရည်တွေ ပင်လယ်ထဲ ညစ်ချလို့ပြည့်ချင် ပြည့်သွားမယ်။ သူ့ဗိုက်ကတော့ ဘယ်တော့မှ မပြည့်နိုင်ဘူး။ ဒီကြားထဲ သူ့အမေနို့လည်ပြီး မထွက်တော့လို့ ဒုက္ခရောက်ရပါသေးတယ်။ သူက နို့မထွက်ရင် အမေကို တအားကုန်းကိုက်တတ်ပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း နို့ဘူးကူမှပဲ အဆင်ပြေသွားတော့တယ်။ မရွှေဖြိုင့်တို့က ကလေးဟာ ကျွန်တော်နဲ့တူတယ်လို့ ပြောကြပေမယ့် ကျွန်တော်ကတော့ ဘယ်နေရာတူသလဲ စဉ်းစားလို့မရခဲ့ပါဘူး။

ရက်သားအရွယ်မို့ ရုပ်ဖမ်းလို့နရတဲ့ကြားထဲ မဲမဲသဲသဲလေးမို့ ငါ့မိန်းမဘာလေးမွေးထားပါလိမ့်လို့ ဇဝေဇဝါဖြစ်ရပါသေးတယ်။

သူဆေးရုံတက်တဲ့ရက်တွေမှာ စာရေးသောက်ရေးကို စန္ဒာဝင်းထွန်းတို့က တစ်လှည့်စီ တာဝန်ယူကြတယ်။ ရိုးရိုးမွေးရင် အလွန်ဆုံး သုံးရက်ပဲနေရပေမယ့် သူကခွဲမွေးထားတာမို့ ဆေးရုံမှာတစ်ပတ်နီးပါး နေခဲ့ရတယ်။

သူဆေးရုံကမဆင်းခင်မှာ ကြီးတော်ကြီး ရောက်လာလို့ ကျွန်တော်တို့နှစ်ယောက်စလုံး အားတက်သွားကြတယ်။

"ဟဲ့ . . . နင်တို့က ငါ့တောင်မစောင့်ကြပါလား"

ကြီးတော်က ရောက်ရောက်ချင်းမှာပဲ ဆောက်နှဲ့ ထွင်းပါတယ်။

"ဟာ . . . အမေကလည်း စောင့်လို့ရတာမျိုးမှ မဟုတ်တာ၊ အမေဖြင့် အချိန်မီ မလာဘဲနဲ့"

" ဟဲ့ . . . တကယ်စောင့်ရင်ရတာပေါ့။ နင်တို့ မစောင့်ချင်လို့ စောမွေးလိုက်တာမဟုတ်လား"





အပျိုကြီးပီပီ လောကီရေးရာတွေ နားမလည်တဲ့ ကြီးတော်ကို အတိုက်အခံလုပ်ပြီးမငြင်းဖို့ သူ့ကို မျက်စေ့ မှိတ်ပြလိုက်ရတယ်။

" ကျွန်တော်တို့က စောင့်ပါသေးတယ် ကြီးတော်ရဲ့။ ကြီးတော်မြေးက ထွက်ချင်လှပြီဆိုပြီး အတင်းတိုးထွက်လာလို့"

"ဟေ . . . အဟုတ်လား ဒါဆိုရင်တော့ ငါ့မြေးက စိတ်ကြီးမယ့်ကောင်ပဲ"

ကြီးတော်က သူ့မြေးကိုကြည့်ပြီး တပြုံးပြုံးနဲ့ကျေနပ် သွားတယ်။ အဲ့ဒီနောက်တော့ ကလေးကို ဇွေ့ခနဲပွေ့ပြီး ချီတော့တာပဲ။ သူချီပုံက ပြန်မှ ချပါတော့မလားလို့ သံသယဖြစ်ရလောက်အောင်အကြာကြီးချီတာပါ။

နောက်ဆုံးကလေးလက်ပူမိမှာ စိုးတာနဲ့။ "ချပါအုံးလား ကြီးတော်ရယ်။ လက်တွေဘာတွေညောင်းပြု နေပါ့မယ်" လို့ တားယူရတယ်။

ဒါတောင် လက်ညောင်းရင်နောက်မှ ဆေးလူး မှာပေါ့လို့လုပ်နေသးရဲ့ သူဆေးရုံတက်ခဲ့တဲ့ခြောက်ရက် တာလတစ်လျှောက်မှာ ဆရာမလေးတွေက ကျွန်တော့်ကို

"ဟိုကုတင်က လူနာညီမလေးရဲ့ ယောကျ်ားအ ဦးလေးကြီးလား "လို့ အမေးခံရတာတစ်ခုက လွဲရင် အားလုံးအဆင်ပြေတယ်လို့ဆိုရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးကြီး . . . ဆိုတာကတော့ စတက်တဲ့နေ့ကတည်းကပါပဲ။ ဆေးရုံတက်ဖို့ လူနာမှတ်ပုံတင်လုပ်ကတည်းက "ဦးလေးကြီးက လူနာနဲ့ဘာတော်သလဲ" လို့ အမေးခံခဲ့ရတယ်။

အသက်သုံးဆယ်တောင်မပြည့်သေးဘဲ ဦးလေးကြီး အခေါ်ခံရလို့ အောင့်သက်သက် ဖြစ်ခဲ့ရပေမယ့် ကျန်တာအားလုံးကတော့ ချောချောမွေ့မွေ့ပါပဲ။

ဆေးရုံတက်စရိတ် ခွဲစိတ်ခန်းစရိတ်တွေကို ကြီးတော်က ကျခံပေးတဲ့အတွက် ပိုပြီးအဆင်ချောခဲ့ရပါတယ်။ သူ့ဗိုက်ခွဲပြီးလို့ ခြောက်ရက်မြောက်တဲ့နေ့မှာ ဆေးရုံက ဆင်းခွင့်ရခဲ့တယ်။

သူဆေးရုံမတက်ခင် ကျွန်တော်တို့ရဲ့ အိမ်ထောင်ဟာ နှစ်ယောက်တည်းဖြစ်ခဲ့ပေမယ့် သူဆေးရုံက ပြန်ဆင်းလာချိန်မှာတော့ အိမ်ထောင်စုစာရင်းဟာ သုံးယောက် အဖြစ်ပြောင်းလဲသွားခဲ့ပါတယ်။

ဒီပုံအတိုင်းသာဆို နောက်လေးငါးနှစ်ကြာရင် ဘယ်လောက်တောင် တိုးပွားလာမှာပါလိမ့်။

ကျွန်တော့်လိုပဲ စိုးရိမ်ရှာတဲ့ သူဟာ နောက်ပိုင်းမှာ သားဆက်ခြားရေး ကာကွယ်မှုတွေ ပြုလုပ်လာခဲ့ပါတယ်။

အိမ်ပြန်ရောက်တယ်ဆိုရင်ပဲ မချွေးခြိုင့် မိန်းမတစ်သိုက်က သူ့ကို နနွင်းတွေ ဝါထိန်အောင် လိမ်းပေးကြပြီး ဗိုက်ကိုလည်း ပိတ်စနဲ့စည်းပေးကြတယ်။





"ဘာလုပ်တာလဲ မချွေးခြိုင့်၊ သူ့အသက်ရှုတွေ ဘာတွေကြပ်ပြုနေပါမယ်"

"အို . . ကိုရဲကလဲ ။ ကလေးမွေးပြီးရင်ဒီလိုပဲစည်းရတယ်ရှင့် ။ ဆေးရုံမှာကတည်းက စည်းရတာ။"

"ဪ . . . ဒီလိုလား"

"ဟုတ်တယ် ဒီလိုပဲ။ ဒါတောင် . . . သူကခွဲမွေးလို့။ ရိုးရိုးမွေးရင် အုတ်ခဲတွေ ဘာတွေတောင်ကူရအုံးမှာ . . ."

"အုတ်ခဲက ဘာလုပ်ဖို့လဲ"

"မီးဖုတ်ဖို့ . . ။ အို ဒုက္ခပါပဲ။ နားမလည်လည်း အိမ်ရှေ့မှာ အေးအေးဆေးဆေးသွားထိုင်နေစမ်းပါ ကိုရဲရယ် . . . ။ တကတည်း သူလုပ်တာနဲ့ အယောင်ယောင် အမှားမှားဖြစ်ကုန်ပြီ"

အိမ်ကြီးရှင် ကျွန်တော့်ကို အိပ်ခန်းထဲက ဝိုင်းနှင်ထုတ်ကြလို့ ကျွန်တော် အပြင်ကိုထွက်လာခဲ့ရတယ်။

အဲ့ဒီနေ့ တစ်နေ့လုံး သူ့နားကိုကပ်ခွင့်မရခဲ့သလို နောက်နေ့တွေလည်း လွတ်လွတ်လပ်လပ်စကားပြောခွင့် မရခဲ့ဘူး ။

သတင်းလာမေးကြ ကလေးလာကြည့်ကြနဲ့ လူတွေက ရှုတ်နေတဲ့ အပြင်၊ ကြီးတော်ကလည်း အချိန်ပြည့် အခန်းထဲမှာရှိနေလို့ပါ။ သတင်းမေးတဲ့ လူတွေက ခေါင်းလျှော်ရည်ဝေရတယ်ဆိုလို့ ကျွန်တော် ခေါင်းလျှော်ရည် ထုပ်တွေဝယ်ထား ရသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



လေးငါးရက်လောက်နေမှ လူနည်းနည်းရှင်းလာတာမို့ ကျွန်တော်သူ့နားမှာ လွတ်လွတ်လပ်လပ်ထိုင်ခွင့်ရတော့တယ်။

နဂိုကတည်းကဖြူတဲ့အသားဟာ နနွင်းရောင်အရှိန်နဲ့ဝင်းဝါနေကြပြီး၊ နှုတ်ခမ်းလေးတွေ နှင်းဆီရောင်ဖျော့နေတဲ့သူ့မျက်နှာကို ကျွန်တော် ငေးကြည့်နေမိတယ်။

ဒီနေရာမှာ "တစ်သားမွေးတစ်သွေးလှ" . . . ဆိုတဲ့စကားကို ကျွန်တော် ခြွင်းချက်မရှိ ထောက်ခံလိုက်မိတယ်။

မိန်းကလေးတွေရဲ့ အလှဟာ အပျိုဖော်ဝင်ရာသီပန်းပွင့်တဲ့အချိန်ရယ်၊ ကိုယ်ဝန်ဆောင်ကာလနဲ့ မီးဖွားပြီးအချိန်တွေမှာ အလှဆုံးလို့ ကျွန်တော်ထင်တယ်။ အဲ့ဒီအချိန်တွေမှာ သူတို့ရဲ့ မိန်းမသဘာဝ၊ မ ဟိုမုံးတွေအပေါ်လွင်ဆုံးမို့လို့ပါ။

တော်တော်တန်တန်ကြည့်မကောင်းတဲ့အမျိုးသမီးတွေတောင် ကိုယ်ဝန်ဆောင်တဲ့အချိန်တွေမှာ ကြည့်ကောင်းလှတယ်ဆိုရင် . . မီးဖွားပြီးစ ကျွန်တော့်မယားသီလေးရဲ့ အလှဟာ ဘယ်လိုများနေမလဲ ခန့်မှန်းသာကြည့်ကြပါ။

ကျွန်တော် အားမလို အားမရနဲ့ သူ့လက်မောင်းလေးကို လှမ်းကိုင်လိုက်တော့ သူက ချက်ချင်းပဲ ကျွန်တော့်လက်ကို ပုတ်ထုတ်တယ်။





" ဘာဖြစ်လို့လဲ မီးရဲ့"

" အနားမကပ်နဲ့အုံး "

" ဘာကြောင့်လဲ"

" ကပ်လို့ မရသေးဘူးကိုကိုရဲ့"

" ဘယ်တော့မှ ကပ်လို့ရမှာလဲ"

" နောက် နှစ်လလောက်ကြာမှ"

ကျွန်တော် စိတ်ပျက်လက်ပျက်နဲ့ 'ကျွတ်' ခနဲစုတ်သပ်လိုက်မိတယ်။ သူ . . . ကိုယ်ဝန်ရှိပြီးကိုယ်ဝန်လေးနည်းနည်းရင့်လာတဲ့ အချိန်ကစလို့အနားကပ်ခွင့်မရခဲ့ဘူး အခုကလေးမွေးပြီးတော့လည်းနှစ်လလောက် စောင့်ပါအုံးဆိုလို့ တော်တော်စိတ်ပိန်သွားတယ်။

သူက ကျွန်တော့်မျက်နှာကို မော့ကြည့်ပြီးကျွန်တော့်လက်ကို လှမ်းညှစ်တယ်။ ပြီးမှ နှစ်သိမ့်တဲ့လေသံနဲ့ခပ်တိုးတိုးပြောတယ်။

" အနားကပ်ခွင့်မရှိပေမယ့် နဖူးလေးကိုနမ်းချင်နမ်းလေ"

" တကယ်လား "

" တကယ်ပေါ့ "

ကျွန်တော် သူ့နဖူးမို့မို့လေးကို နမ်းဖို့ ငုံ့လိုက်တဲ့အချိန်မှာပဲ၊ ကလေးငိုသံက 'အွဲ'ခနဲ ထွက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



" ဟော . . . ကလေးနိုးပြီ ကိုကိုရဲ့။ နို့ဆာလို့လားမသိဘူး မီးကို နို့ဘူးဖျော်ပေးပါအုံး"

နဖူးအစား နို့ဘူးလေးကိုပဲနမ်းရင်း နို့ဖျော်ဖို့ ကျွန်တော်နောက်ဖေးကို အပြေးထွက်လာခဲ့ပါတယ်။

◈ ◈ ◈ ◈ ◈



## အခန်း (၁၃)

" ခပ်ရဲရဲသာ
ခုန်ချလိုက်စမ်းပါ။
အဲ့ဒီထဲမှာ . . .
ဒုက္ခတွေနဲ့ ထုတ်ပိုးထားတဲ့
" အချစ် " ဆိုတဲ့
ချိုမြိန်မှုရယ် . . .
ပျော်ရွှင်မှုတွေနဲ့
လိမ်းကျံထားတဲ့
" နောင်တ " တရားရယ်ကို
ခင်ဗျားတွေ့လိမ့်မယ်
(မငြင်းဆန်လိုက်ပါနဲ့ )
ဘဝဆိုတာကိုက
အဲ့ဒါတွေနဲ့ စုစည်းထားတာပါ။

◈ ◈ ◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

" ဖြည်းဖြည်းလုပ်ပါကိုကိုရဲ့။ ကလေးနာပြုသွားပါအုံးမယ်"

" ဟဲ့ အကောင် ငါ့မြေးကို ဓါးထိလို့ကတော့ နင်မသက်သာဘူးမှတ် . . ."

" သိပါတယ် ကြီးတော်ရဲ့။ နှစ်ထက်ဘရိတ်ဓါးနဲ့ ဖြည်းဖြည်းလေးရိတ်နေတာပါ။ ဓါးမထိနိုင်ပါဘူး"

ကျွန်တော်တို့ကလေးကို နေရောင်ပြရင်း အိမ်ရှေ့မှာ ခေါင်းရိတ်ပေးနေကြတာပါ။

အခုဆိုရင် ခြောက်လကျော် ခုနှစ်လထဲရောက်လာလို့ တစ်လုံးတစ်ခဲတစ်ပွေ့တစ်ပိုက်ကြီးဖြစ်နေတဲ့ အကောင်ကြီးကို သူ့အမေက မနိုင့်တနိုင်ချီထားပြီး ကျွန်တော်က မုတ်ဆိတ်ရိတ်တဲ့နှစ်ထပ်ဘရိတ်ဓါးနဲ့ခေါင်းရိတ် ပေးတယ်။ ရန်ကုန်နဲ့ ကျိုက်ထိုကိုသွားချီပြန်ချီလုပ်နေတဲ့ကြီးတော်က ကလေးရဲ့ဆံပင်တွေကို ဂရုတစိုက်ကောက်သိမ်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ ဈေးဝယ်တဲ့လူရောက်လာလို့ ကလေးချီထားတဲ့ မရွှေချောက "ကိုကိုပဲ ဈေးသွားရောင်းလိုက်ပါကွာ။ မီးမှာ ကလေးကြီးနဲ့. . ." လို့ ခပ်နွဲ့နွဲ့လှမ်းပြောလို့ ခေါင်းရိတ်ရင်းတန်းလန်းနဲ့ ကျွန်တော် ဈေးပြေးရောင်းပေးလိုက်ရသေးတယ်။

ခေါင်းရိတ်ပြီးလို့ ကလေးကိုရေချိုးပေးနေကြတဲ့ အချိန်မှာ ကျွန်တော် လက်ဘက်ရည်ဆိုင်ကိုလစ်ဖို့ ဟန်ပြင်လိုက်တယ်။ လုံချည်နလေးလဲ၊ အင်္ကျီလေးကောက်စွတ်ပြီး အိမ်ပေါ်ကဆင်းဖို့လုပ်တုန်းမှာပဲ ကိုငယ် (ရှက္ခ)ရဲ့ သားလေးနေဝင်း ရောက်လာတယ်။

" ဦးလေး အီဗာရှိလား "

" ဘာကွ . . . "

" အီဗာလေဗျာ။ အဖေက ဝယ်ခိုင်းလိုက်လို့ . . . "

" မင်းတို့က အဖေတစ်ခု သားတစ်ခု သားအဖနှစ်ယောက်ထဲနေပြီး အီဗာကို ဘာလုပ်ကြမလို့လဲကွ ကိုက်စားကြမလို့လား"

" ဟုတ်ဖူး ခြင်ထောင်လျှော်မလို့ဗျ"

" အီလန်ဖြစ်ပါလိမ့်မယ်ကွာ။ ဆပ်ပြာမှုန့်မဟုတ်လား"

" မသိဘူး အဖေကတော့ ဖြူဖြူတွေလို့ပြောလိုက်တာပဲ"





ကိုငယ် (ရက္ခဗေဒ)ရဲ့ သားလေးကို အီလန် တစ်ထုတ်ပေး ဆပ်ပြာမှုန့်ဖိုးကိုတော့ ကျွန်တော် အိပ်ကပ်ထဲထည့်ပြီး လက်ဘက်ရည်ဆိုင်ကို ထွက်လာခဲ့တယ်။

အိမ်မှာဆိုရင် ကလေးဝေယျာဝစ္စ လုပ်ပေးလိုက် သူမအားရင် ဈေးပြေးရောင်းပေးလိုက်နဲ့ စာရေးဖို့ ကောင်းကောင်း မစဉ်းစားနိုင်လို့ လစ်တဲ့အချိန်လေး လက်ဘက်ရည်ဆိုင်ကို ပြေးပြီး စတေးရှောင်ရပါတယ်။

ညပိုင်း လူခြေတိတ်ချိန် စာထရေးမယ်ကြံတော့လည်း ကောင်းကောင်းမရေးဖြစ်ပါဘူး။ 'အီး' ခနဲအသံကြားရင် သေးစိုအနှီးပြေးလဲပေးရသလို၊ နို့ဘူးကုန်ရင်လည်း ထဖျော်ပေးရတယ်။

တစ်ခါတစ်လေ . . . ကလေးကလေထိုးပြီး ငိုကျနေပြီဆိုရင်တော့ ပုခုန်းပေါ် ထမ်းပြီး ခေါက်တုန့်ခေါက်ပြန်လျှောက် ပေတော့ပဲ။ လက်ညောင်းလို့ သူ့အမေကို ပေးမယ်ကြံရင် ပုခုန်းထမ်းလျှောက်ရမှာပျင်းရှာတဲ့ မရွှေချောက . . .

" ကလေးက မျက်လုံးတောင်စင်းနေပြီကိုကိုရဲ့။ ဆက်ပြောင်းလိုက်လို့ ပြန်နိုးသွားပါအုံးမယ်။ ကိုကိုပဲ သိပ်လိုက်ပါကွာ"

ကျွန်တော်လည်း ချိချိသာသာ ခိုင်းလို့ကတော့ ငြင်းပြာကြီးအောက်သွားမရှိဆိုတဲ့ အုပ်စုထဲမှာ ထိပ်ဆုံးကမို့



www.burmeseclassic.com

www.burmeseclassic.com



ဒူးတွေညောင်းပြီးပစ်လဲမတတ် အခြေအနေမျိုးအထိခေါက်တုံ့ခေါက်ပြန်လျှောက်တော့တာပဲ။

ညပိုင်းကလေးကြောင့် အိပ်ရေးပျက်လို့မနက်တိုင်း နေမြင့်တဲ့အထိအိပ်ရလိမ့်မယ်လို့ မမျှော်လင့်လိုက်နဲ့။ မနက် ခြောက်နာရီခွဲ၊ ခုနှစ်နာရီလောက်ဆိုရင်၊ ကလေးဟာ မိခင်ပါ အိပ်ရေးဝဝနဲ့ ရွှင်ရွှင်လန်းလန်းနိုးလာကြပြီမို့ ကျွန်တော့်ကိုပါ နှိုးတော့တာပဲ။

" သားလေးက အဖေကြီးထတော့တဲ့ပြောနေပြီ။ ထဲ . . . ထတော့လေ ခုနှစ်နာရီတောင်ကျော်နေပြီ။ ခဏနေရင် ချက်ဖို့ ပြုတ်ဖို့လုပ်ရအုံးမယ်။ ရော့ . . . ကလေးခဏယူထားအုံး မီးအိမ်သာသွားတက် လိုက်အုံးမယ်"

ဒီတိုင်းနှိုးရင် အကြာကြီးနှိုးနေရမှာမို့၊ သေချာတဲ့နည်းဖြစ်တဲ့ ကလေးကို ကျွန်တော့်လက်ထဲထည့်ပေးတဲ့နည်းနဲ့ နှိုးတတ်တယ်။ ကျွန်တော်တလည်း ကလေး လက်ထဲရောက်လာပြီဆိုရင်ပဲ၊ အိပ်ချင်မူးတူး မျက်လုံးတွေက အလိုလို ကျယ်သွားတတ်တယ်။

ဒါကြောင့် . . . ကျွန်တော့်ပုံက အမြဲတန်းအိပ်ရေး မဝတဲ့ပုံပေါက်နေခဲ့တယ်ထင်ပါရဲ့။ ကိုရွှေဖုန်းကတောင်

" ကလေးတစ်ယောက်ပဲရနေပြီ။ ခုချိန်ထိ အိပ်ရေးမဝသေးဘူးလားကွာ"

လို့နောက်တတ်တယ်။





တကယ်က ကလေးတစ်ယောက်ရလာမှ ကျွန်တော် အိပ်ရေးမဝဖြစ်လာရတာပါ။ နေ့လည်နေ့ခင်း သူတို့ သားအမိ တရေးတမောအိပ်တဲ့အချိန်မှာ ကျွန်တော်က ရေခန်းသွားတဲ့ ပဲဟင်းပျစ်ပျစ်လို ဝါညစ်ညစ်အရာတွေပေနေတဲ့ အနှီးကို ထိုင်လျှော်ရပါသေးတယ်။

သူက ဆေးရုံက ပြန်ဆင်းလာပြီးကတည်းက နှလုံးမကောင်းသလိုလို၊ သည်းခြေပျက်ချင်သလိုလို၊ ဖြစ်ပြီး ရွံစရာတွေတွေ့ရင် ပျို့ချင်အန်ချင်ဖြစ်လာပါသတဲ့။

ကလေးအီးအီးက ရွံစရာမဟုတ်ကြောင်း ကျွန်တော်ရှင်းပြပေမယ့် သူကတော့ အဲဒီရွံစရာ မဟုတ်တာကိုတောင် ကြည့်လို့မရတာပါတဲ့။ ဒီတော့ ကလေးအနှီးလျှော်တဲ့ တာဝန်ကို ကျွန်တော်ကပဲ ယူခဲ့ရတယ်။

ကလေးသုံးလေးလ အနှီးလွတ်ချိန်ကျမှ တာဝန်က အငြိမ်းစားရခဲ့တာပါ။ ကလေးအနှီးမလျှော်ရတော့လို့ အေးရာအေးကြောင်းဖြစ်ပြီလို့ ယူဆနေတုံးမှာ သူက တစ်စခန်းထလာပြန်တယ်။ အိမ်ဆိုင်ကလေးဖွင့်ရအောင်လို့ တိုင်ပင်လာတာပါ။

" အေးအေးနေစမ်းပါ ကျောင်းအစ်မရယ်"

" ဟယ် . . . ကိုကိုကလည်း အလကားနေအလကား အိမ်ဆိုင်လေးရဲ့ ဆိုတော့ . . . "

" အလကားနေစရာမလိုပါဘူး မီးရာ။ ကိုယ့်ကလေးပဲ ကိုယ်နိုင်အောင် ထိန်းစမ်းပါ။ ကိုယ်လည်း စာရေးစရာ



www.burmeseclassic.com

www.burmeseclassic.com



အကြွေးတွေအများကြီးရှိသေးတယ်။ စာတွေ ရေးဖေး ရအုံးမယ်"

" ကိုကိုကလည်း . . . စန္ဒာဝင်းထွန်းတို့ဆို အသုတ်ဆိုင်တစ်ဖက်နဲ့ အာလူးကြော် ကြော်ရောင်းတာ ဘယ်လောက် အဆင်ပြေလဲ မီးလည်း သူတို့ကို အားကျတာပေါ့"

" အာလူးကြော်ကောင်းလို့ ညော်မိပြီး ဟိုတစ်လောက ဆေးကုလိုက်ရတာ စုဆောင်းထားတာလေးတွေ ကုန်ပါရောလား။ အဲ့ဒါကျတော့ကော . . . "

" ဒါကတော့ . . . သူက ညော်မိတာကိုး မီးအိမ်ဆိုင်လေးက ဘာညော်မိစရာရှိလို့လဲ"

သူ့ကြည့်ရတာ တော်တော့်ကို စိတ်ပါတ တက်ကြွနေပုံမို့ တစ်ယောက်ထဲ ဖြောင်းဖျတာ ထက်စာရင် နှစ်ယောက် ဖြောင်းဖျတာက ပိုကောင်းမယ်လို့ ယူဆပြီး ကျိုက်ထိုရောက်လာတဲ့ ကြီးတော်ကို စစ်ကူတောင်း လိုက်တယ်။

" ကြီးတော် သမီးက အိမ်ဆိုင်ဖွင့်ချင်လို့တဲ့ ကြီးတော်ရေ"

ကျွန်တော်က အဲ့ဒီလို စကားစရုံပဲရှိသေးတယ် ကြီးတော်က မဆိုင်းမတွ တုန့်ပြန်လာပါတယ်။

" အေး . . . ကောင်းတာပေါ့ဟဲ့ အလကားနေ အလကားပေါ့" . . . တဲ့။





ဒီလိုနဲ့ ကျွန်တော်တို့ရဲ့ ခြံထောင့်မှာ ဆိုင်ခန်းကျဉ်းကျဉ်းလေးတစ်ခန်းဆောက်ပေးလိုက်ရတယ်။ အရင်းအနှီး သုံးလေးသောင်းဖိုးနဲ့ စတင်မယ့် သူ့ရဲ့ဆိုင်ကို ဒီအတိုင်းမဖွင့်ဘဲ၊ နေ့ကောင်းရက်သာရွေးပြီးမှ ဖွင့်ချင်ပါတယ်ဆိုပြီး အရပ်တကာ လှည့်လို့ဗေဒင်တွေ လျှောက်မေးပါသေးတယ်။

ဆိုင်စဖွင့်ရမယ့်နေ့ရက်နဲ့ ဖွင့်ပွဲလုပ်ရမယ့် အချိန်နာရီအတိအကျရပြီးချိန်မှာတော့ သူ့ရဲ့ဗေဒင်မေးခက ခြောက်ထောင်ကျော်ကုန်ပါသတဲ့။ မရွှေမြိုင့်က တိုးတိုးတိတ်တိတ်သတင်းပေးလို့ ကျွန်တော်သိခဲ့ရတာပါ။

ဖွင့်ပွဲနေ့မှာ ဗေဒင် ဆရာညွှန်ကြားတဲ့အတိုင်း ကြာဆံချက်ကျွေးတာကလည်း မကုန်ဘူးဆိုရင်တောင် အနည်းဆုံး ငါးရှိထောင်တော့ ကုန်ခဲ့မှာပါပဲ။

ဒီလိုနဲ့ အိမ်ခြေနည်းပါးလှတဲ့ ကျွန်တော်တို့ ရပ်ကွက်ရဲ့ လူရှင်းလှတဲ့ လမ်းအဆုံးတစ်နေရာလောက်မှာ မဖြစ်ညစ်ကျယ် အိမ်ဆိုင်လေးတစ်ဆိုင် ပေါ်ပေါက် လာခဲ့ပါတော့တယ်။

◈ ◈ ◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၅)

တကယ့်တကယ်တော့ ဆိုင်ဖွင့်သူအဖြစ် အမည်ခံသူက သူဖြစ်ပေမယ့်... နောက်က 'ရှဲဒိုး' လုပ်ပေးရတဲ့ လူကတော့ အများ သိတော်မူကြတဲ့အတိုင်း ကျွန်တော်ပဲ ဖြစ်ခဲ့တာပါ။

ဆိုင်အတွက်လိုမယ်ထင်တဲ့ ပစ္စည်းမှတ်သမျှကို ကျွန်တော် သွားဝယ်ပေးရပြီး ရောင်းသင့်တယ်ထင်တဲ့ ဈေးနှုန်းကိုလည်း ကျွန်တော်ပဲ အကြံပေးခဲ့ရတယ်။

တစ်ခါတစ်လေ သူက ဈေးနှုန်းတွေမေ့ပြီး မှားရောင်းချင်ရောင်းတာမို့ အမြင်မတော်တဲ့ ကျွန်တော်ကပဲ ဈေးနှုန်း လေးတွေရေးပြီးကပ်ပေးရတယ်။

ဆိုင်ဖွင့်ကာစရက်တွေမှာတော့၊ ထုံးစံအတိုင်း ဈေးရောင်းရတာကို ပျော်နေပေမယ့်၊ နောက်ပိုင်းမှာတော့

www.burmeseclassic.com

www.burmeseclassic.com



. . . ဖြစ်လေ့ရှိကြတဲ့အတိုင်း သူငြီးငွေ့လာဟန်တူပါတယ်။ ဒါကြောင့် ဈေးရောင်းတဲ့အလုပ်ကို မကြာခဏ ကျွန်တော့် ပုခုန်းပေါ် လွဲလွဲတင်ပေးတတ်တယ်။

သူလွဲပုံ လွဲနည်းက အတော့်ကို ပိရိလှတာမို့ အစပိုင်းမှာ ကျွန်တော် သတိတောင်မထားခဲ့မိဘူး။ သူလုပ်ပုံက ဒီလိုပါ။ မနက်စာစားပြီးလို့ ကျွန်တော် စာဖတ်မယ်ကြံရင် သူက ကျွန်တော့်ကိုလှမ်းခေါ်တတ်တယ်။

" ကိုကို . . . ဒီမှာလာဖတ်ပါလား။ ဒီဆိုင်ထဲက အေးတယ် ကိုကိုရဲ့။ လာ . . ပက်လက် ကုလား ထိုင်ခင်းပေးမယ်"

ဒါကတော့ . . . အဖွင့်တီးလုံးလေးပျိုးလိုက်တာပါ။

မရိပ်မိတဲ့ ကျွန်တော်က စာအုပ်လေးကိုင်လို့ ဆိုင်ထဲကို ဝင်သွားပြီး၊ သူခင်းထားတဲ့ကုလားထိုင်မှာ ဝင်ထိုင်လိုက်တယ်။ ကျွန်တော် စာစဖတ်လို့ မျက်နှာ သုံးမျက်နှာလည်းရောက်ရော. . . ။

" မီး ရေနွေးကြမ်းသွားယူလိုက်အုံးမယ်"

အဲ့ဒါဆိုရင်တော့ . . . အဆိုပိုဒ်စ ဝင်ပြီလို့ သတ်မှတ်ရမှာပါ။ တစ်ခါတစ်လေ . . . အဲ့လို တောင်မပြောဘဲ ကျွန်တော့် ဘေးနားကခပ်တည်တည်နဲ့ ကြက်ပျောက်ငှက်ပျောက် ပျောက်ချင် ပျောက်သွား တတ်ပါသေးတယ်။



အဲ့ဒီနောက် ရေနွေးကြမ်းရော လူပါ ပေါ်မလာတာကို ကျွန်တော် သတိမထားမိတော့ဘူး။ ဘာကြောင့်လည်းဆိုတော့ စာထဲကို စိတ်ဝင်စားသွားလို့ပါ။ ဝယ်တဲ့လူလာရင်လည်း သူ့ကို လှမ်းအော်ခေါ်မနေတော့ဘူး။ စာဖတ်ပျက်မှာစိုးလို့ ကိုယ့်ဘာသာပဲ ထရောင်းပေးလိုက်တယ်။

သူကတော့ . . . အဲ့ဒီအချိန် အိမ်ပေါ်မှာ တခေါခေါနဲ့ အိပ်မက်တွေဘာတွေတောင်မက်လို့ . . . ။

ကျွန်တော့်အပေါ် သူအဲ့ဒီလို သုံးလေးခါလောက် သူလည်လုပ်ပြီးမှ သူ့ရဲ့ဦးတည်ချက်ကို ကျွန်တော်က ရိပ်မိခဲ့တယ်။ ဒါပေမယ့် ထွေထွေထူးထူး ပြောမနေတော့ပါဘူး။

အားတဲ့အချိန်မှာဆိုင်ထိုင်ပြီး ရောင်းပေး လိုက်တာပါပဲ။ ဒါပေမယ့် ခက်တာက ကျွန်တော် ဆိုင်ထိုင်ရောင်းတိုင်း တစ်ခုမဟုတ် တစ်ခု အဆင်မပြေ ဖြစ်ရတတ်တဲ့ကိစ္စပါ။

◈ ◈ ◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com

" ကိုရဲ ကိုယ်တိုင် ထိုင်ရောင်းနေတာပါလား"

မော့ကြည့်လိုက်တော့ နှစ်ယောက်စလုံးဘောင်းဘီတို ကိုယ်စီဝတ်ထားတဲ့ ကိုထွန်းနိုင်နဲ့ ကိုခင်မောင် . . .။

" ဘယ်သွားကြမလို့လဲ"

" ကိုသန့်ဇင်တို့နဲ့ ဘောကန်ဖို့ ချိန်းထားလို့ဗျာ။ ဆေးလိပ်သောက်ချင်တာနဲ့ ဝင်လာတာ။ ဗီးဂတ်ရှိတယ် မဟုတ်လား"

" ရှိတယ်လေ အဲ့ဒီ ပုလင်းထဲမှာ"

" ငါးလိပ်ယူသွားမယ် ဘောလုံးကန်မှာမို့ ပိုက်ဆံထည့်မလာမိဘူး နောက်မှ လာပေးမယ်နော်"

" ရပါတယ် အချင်းချင်းတွေပဲ ယူသွားပါ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ထွက်သွားပြီးလို့ သိပ်မကြာခင်မှာပဲ မရွှေချောက ကျွန်တော့်နားကို ရောက်လာပြီး "ဟိုနှစ်ယောက်ဘာယူ သွားတာလဲ" လို့ တန်းမေးတယ်။ "ဝယ်" ဆိုတဲ့ စကားကို မသုံးထောက်ရင် အကြွေးယူမယ်ဆိုတာ တပ်အပ်သိနေပုံပါပဲ။

ကျွန်တော် အကျိုးအကြောင်းပြောပြလိုက်တော့ ထင်တဲ့အတိုင်း ဖြစ်တောက် ဖြစ်တောက်လုပ်တော့တာပါပဲ။

" ကိုကိုတို့များ သိပ်ခက်တာပဲ။ ဘာဖြစ်လို့ အကြွေးရောင်းလိုက်ရတာလဲ ကိုကိုရဲ့"

" လူရင်းတွေပဲကွာ ပြီးတော့ နောက်လာပေးမယ်လို့ ပြောသွားတာပဲ"

" ပေးပါလိမ့်မယ် အားကြီးကြီး။ ဟော့ဒီမှာစာရင်း ရှိတယ်။ ကိုခင်မောင်က လေးရာ့နှစ်ဆယ် ကိုထွန်းနိုင်က သုံးရာ့ခြောက်ဆယ်။ ဘယ်လောက်ကြာပြီလဲ ခုချိန်ထိ မပေးသေးဘူး မျက်မှန်နဲ့ ညီညီဟန် ဆိုတဲ့ တစ်ယောက်လည်း အဲ့လိုပဲ"

နောက်တော့ ပေးပါလိမ့်မယ်ကွာ. . . ဆိုပြီး စကားနည်းရန်စဲလုပ် ပေးမယ့်လည်း သူကတော ပေါက်ပေါက်ဖောက်သလို တဖြစ်တောက်တောက် လုပ်နေတော့တာပါပဲ။ ကြာတော့ နားငြီးလာတာနဲ့ ကျွန်တော် ကတိပေးလိုက်တယ်။





" နောက်ဆို ဘယ်သူ့ကိုမှ အကြွေးမရောင်းတော့ဘူးကွာ စိတ်ချ။ ကဲ . . . ကျေနပ်ပြီလား"

ဒီတော့မှ မရွှေချော အိမ်ထဲပြန်ဝင်သွားတယ်။ သူဝင်သွားပြီး ခဏနေတော့ ဆိုင်ရှေ့ကို ကိုငယ် (ရုက္ခ) ရောက်လာတယ်။ ကျွန်တော်ကလည်း အကြွေးမရောင်းဖို့ မောင်းတင်ထားတာမို့ ဦးအောင်ပြောလိုက်တယ်။

" ကိုငယ် အကြွေးမရောင်းဘူးနော်"

" ဟာဗျာ ဘလိုင်းကြီးပါလား။ ကျုပ်ကို အကြွေးဝယ်တတ်တဲ့ လူများအောင့်မေ့လို့လား။ ခင်ဗျားက. . . "

တစ်ဖက်ကလေသံမာမာနဲ့ တုန့်ပြန်လာတော့မှ ကျွန်တော်မှားသွားမှန်း ကိုယ့်ဘာသာ သိပြီး ချက်ချင်းလျှော့လိုက်ရတယ်။

" ဆောရီးဗျာ။ ကိုငယ် အကြွေးမယူတတ်မှန်း ကျွန်တော် သိပါတယ်။ အဲ့ဒါကြောင့် . . . တမင်နောက်လိုက်တာပါ"

" ခင်ဗျားက နောက်ပေမယ့် ကျွန်တော် အောင့်သက်သက် ခံစားလိုက်ရတယ်"

" ခွင့်လွှတ်ပါဗျာ။ အခုဘာယူမှာလဲ"

ကော်ဖီမစ် ငါးထုပ်ပေးဆိုလို့ ကျွန်တော် ခပ်သွက်သွက် ယူပေးလိုက်တယ်။ ကော်ဖီမစ်ရပြီးတာနဲ့ သူက ကျွန်တော့်ကို ရှုံးသိုးသိုးကြည့်ရင်း ခပ်ဆတ်ဆတ်ပြောတယ်။

" ခင်ဗျား ခုနကျုပ်ကို နောက်တဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



အခုကော်ဖီမစ် ငါးထုပ်ဖိုး တကယ်အကြွေးမှတ်ထားလိုက်။ သွားမယ်"

ကိုငယ် (ရက္ခ) ဆောင့်ကြီး အောင့်ကြီးနဲ့ ထွက်သွားတယ်။

ကျွန်တော်ကတော့ အပြောအဆို မတတ်တဲ့ ကိုယ့်ပါးစပ်ကိုသာ ပိတ်ရိုက်လိုက်ချင်တာပါပဲ။

အဲ့ဒီလို အထစ်အငေါ့မဖြစ်တဲ့ ရက်တွေလည်း ရှိတတ်ပါရဲ့။

ဒါပေမယ့် များသောအားဖြင့်တော့ တစ်ခုမဟုတ် တစ်ခု အဆင်မပြေဖြစ်ချင်ဖြစ်၊ မဖြစ်ရင် ဈေးလာဝယ်တဲ့ အမျိုးသမီးတစ်ယောက်မဟုတ်၊ကျောက်ယောက်နဲ့ သူ ကျွန်တော့်ကို မနာလိုဝန်တိုဖြစ်တတ်တယ်။

အထူးသဖြင့်ကတော့ သူတစ်ဖက်သတ်ကြည့်မရတဲ့ မာလာနဲ့ပါ။ သူက မာလာ့ကို ကြည့်မရပေမယ့် စကားတော့ အထိုက်အလျောက်ပြောတာမို့ ဟိုကလေးမခမြာသူ့ဆိုင်ကို မကြာမကြာလာ အားပေးရှာပါတယ်။

ဒါပေမယ့် ... သူက အဲ့ဒီလို လာအားပေးတာ ကိုပဲအမျိုးမျိုး အထင်လွဲနေတော့တာပါ။

အဲ့ဒီကောင်မလေး ဈေးလာဝယ်တဲ့ အချိန်နဲ့ ကျွန်တော် ဆိုင်ထိုင်နေတဲ့ အချိန်များတိုက်ဆိုင်





သွားလို့ကတော့ ... တစ်နေ့လုံးစောင်းလိုက်ခြိတ်လိုက်နဲ့ လုပ်တော့တာပဲ။

သူ့ကိုယ်ဝန်ရင့်လာတဲ့ အချိန်ကစပြီး၊ မီးဖွားပြီး အတန်ကြာတဲ့ အထိ ငုတ်လျှိုးပျောက်ကွယ်နေတဲ့ သဝန်တိုတတ်တဲ့ အကျင့်နဲ့ စိတ်ကောက်တတ်တဲ့စရိုက်ဟာ တစ်ဖြည်းဖြည်းပြန်ပေါ်လာပြီလို့ ဆိုရမှာပါ။

အဲ့ဒီအတွက် မျက်ခုန်းလှုပ်နေမိတဲ့ ကျွန်တော်ဟာ တတ်နိုင်သမျှ အနေအထိုင်အပြောအဆို၊ ဆင်ခြင်ခဲ့တယ်။

ဆိုင်ထိုင်ရင်တလွဲတချော်ဖြစ်မှာ စိုးလို့တတ်နိုင်သမျှ ဆိုင်မထိုင်ရအောင် ရှောင်ရှားခဲ့တဲ့အပြင်၊ လစ်ရင်လစ်သလို လက်ဘက်ရည်ဆိုင်ကိုပြေးပြီး စတေးရှောင်ခဲ့ပါသေးတယ်။

ဒါပေမယ့် ... ကံဆိုးရှာတဲ့ ငမိုက်သား ကျွန်တော်ဟာ သူ့ရဲ့ မျက်လုံးတွေအောက်မှာ အပြစ်ကင်းကင်းနဲ့ ခပ်ကြာကြာမနေနိုင်ခဲ့ပါဘူး။

⟐ ⟐ ⟐ ⟐ ⟐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

" ကိုကိုရေ ဒီညကို ကျော်အောင်မော်တို့ လမ်းထဲမှာ ဘုတ်ထိုးရုပ်သေးပွဲရှိတယ်တဲ့။ သွားကြည့်ကြရအောင်"

ကျွန်တော့်စာရေးစားပွဲနားမှာ လာရပ်ရင်း သူက ခမ်းသာအားရ လေသံနဲ့ ပြောလာတယ်။ " ကလေးမဟုတ် သူငယ်မဟုတ် မီးရာ"လို့ ကျွန်တော်ပြန်ပြောလိုက်တော့ သူက စကျမနပ်နဲ့ နှုတ်ခမ်းဆူတယ်။

" ပွဲမကြည့်လည်း ပွဲဈေးတန်းတော့ လျှောက်ရအောင်ကွာ။ ကိုကျော်အောင်မော်ရဲ့ မိန်းမ မမွေးကလည်း အပျော်တမ်းအသုပ်ရောင်းမလို့တဲ့"

" ဟုတ်ရဲ့လား မီးရဲ့"

" ဟုတ်ပါတယ်။ မီးတောင်ဆိုင်းဘုတ် တွေ့ခဲ့သေးတယ်။ သုပ်အမွေးစုံဆိုလား"

" မွေး အသုပ်စုံဖြစ်ပါလိမ့်မယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



" ဟာ . . . ဟုတ်တယ် ဟုတ်တယ်။ အမယ် ဆိုင်းဘုတ်က အပျံစားဆရာ။ ပန်းချီလက်ရေးတွေ ဘာတွေနဲ့ လက်ဘက်မွှေး၊ ဂျင်းမွှေး၊ ပဲခြမ်းမွှေး . . . တဲ့။ ညကျရင် သွားစားကြရအောင်ကွာ"

မသွားဘူးလို့ပြောရင် ဂျစ်တိုက်နေမှာ အသေချာတာမို့ ကျွန်တော်ခေါင်းညိတ်ပြလိုက်ရတယ်။ ကျွန်တော့်ဆီက သဘောတူညီချက်ရတယ်ဆိုရင်ပဲ မရွှေချောက အဝတ် ဗီဒိုဆီကို ပြေးတော့တာပဲ။

ကျွန်တော်သိတယ်။ သူပွဲဈေးလျှောက်ချင်တာဟာ ပြီးခဲ့တဲ့လကမှ ချုပ်ထားတဲ့ သူ့ရဲ့ဝတ်စုံအသစ်လေးကိုဝတ်ပြ ကြွားချင်တာ အဓိကဖြစ်လိမ့်မယ်။

ညနေစောင်းတယ်ဆိုရင်ပဲ ရေမိုးချိုးပြီး ကျွန်တော် ထင်တဲ့အတိုင်း ဝတ်စုံအသစ်လေးကိုဝတ်လို့ သူ့ကိုယ် လှတပတ ဖြစ်အောင်ပြင်တော့တာပါပဲ။

သိပ်လှတဲ့မိန်းမတစ်ယောက်ဟာ သူ့ကိုယ်သူလှမှန်း သိသွားရင် သိပ်မလှတော့ဘဲ တော်ရုံပဲလှတော့တယ်ဆိုတဲ့ သဘောတရားကို သူနားမလည်သေးပါလားလို့ ကျွန်တော် တွေးလိုက်မိတယ်။

သူ့ကိုရပ်ကြည့်နေမိတဲ့ ကျွန်တော့်ကို အဝတ်အစား လဲလေလို့ လှမ်းပြောလို့ သူ့စိတ်ကြိုက်ဘောင်းဘီနဲ့





စပို့ရှပ်လဲလိုက်ရတယ်။ သူနဲ့တွဲသွားတဲ့ အခါ ကျွန်တော့်ကို နုပျိုစေချင်ပုံပါ။

နှစ်ယောက်စလုံးပြင်ဆင်ပြီးတဲ့အခါ ကလေးကို ကြီးတော်လက်ထဲဝကွက် အပ်လို့ ကိုကျော်အောင်မော်တို့ လမ်းဘက်ကို ကျွန်တော်တို့ ထွက်လာခဲ့ကြပါတယ်။

နှစ်ယောက်သား ခုလိုမျိုး လွတ်လွတ်လပ်လပ်တွဲမလျှောက်ရတာ ကြာပြီဖြစ်လို့ ကျွန်တော်တို့နှစ်ယောက်စလုံး လက်ရှိအခိုက်အတန့်လေးကို သာယာနေမိကြတယ်။

သူက ကျွန်တော့်လက်မောင်းကို ယီးလေးခိုပြီး ကျွန်တော့်ပုခုန်းစွန်းကို မေးစေ့နဲ့ထိလို့ ငယ်မူငယ်သွေးတွေ ကြွယ်နေပါသေးတယ်။ အဲ့ဒီလို လျှောက်လာကြရင်း ပွဲဈေးနားအရောက်မှာ မရှပ်တေးကို တွေ့လိုက်ရတယ်။

မရှပ်တေးဆိုတာ ကျွန်တော့်ရဲ့ မဟေသီပေးထားတဲ့ နာမည်ပါ။ သဘော်သားကတော်ဟောင်း မရှပ်တေးက ကလေးတစ်ယောက်ကိုချီ၊ တစ်ယောက်ကို လက်ကဆွဲလို့ ကျွန်တော်တို့ နားရောက်လာတယ်။

" မီးငယ်တို့ ပွဲဈေးလျှောက်ကြမလို့လား"

" ဟုတ်တယ်။ မမွှေးဆိုင်မှာ လက်ဘက်သုပ် သွားစားမလို့"

" ဒါဆို အတော်ပဲ အစ်မလည်း အဖော်မရှိ ဖြစ်နေတာနဲ့ . . . "



www.burmeseclassic.com

www.burmeseclassic.com



" ဒါဖြင့် မီးငယ်တို့နဲ့လိုက်ခဲ့လေ"

ကျွန်တော်က မခေါ်ဖို့ အရိပ်အကဲပြတုန်းမှာပဲ သူက ဖိတ်ခေါ်ပြီးဖြစ်နေလို့ အသာငြိမ်နေလိုက်ရတယ်။

ဒီလိုနဲ့ ကျွန်တော်တို့ ပွဲဈေးထဲဝင်လျှောက်လို့ လေးငါးလှမ်းလောက်အရောက်မှာ မရှပ်တေးလက်ဆွဲထားတဲ့ သားအကြီးက " မာမီသားကိုပါ ချီ" ဆိုပြီး တောင်းဆိုလာတယ်။

" ဟဲ့ . . . မာမီ မင်းညီလေးကို ချီထားတာ နှစ်ယောက်ဘယ်ချီနိုင်မှာလဲ"

" ဒါဖြင့် . . . ဦးဦးသားကိုချီ"

ချာတိတ်က ကျွန်တော့်ကို တိုက်ရိုက်ပြောလာတာပါ။

လေးငါးနှစ်အရွယ်ကလေးတစ်ယောက်ရဲ့ တောင်းဆိုမှုကို မငြင်းချင်တာနဲ့ ကျွန်တော် ပွေ့ချီလိုက်ရတယ်။ ချာတိတ်ကို ချီပြီး ဟိုငေး ဒီငေး လျှောက်လာပေမယ့် ဇနီးချောရဲ့ မျက်နှာကို လှမ်းမကြည့်မိဘူး။

ကျော်အောင်မော်ကတော့ မမွှေးရဲ့ အသုပ်ဆိုင်ရှေ့ ရောက်မှ ချာတိတ်ကို အောက်ချပေးရင်း လှမ်းကြည့် လိုက်မိတယ်။ မြတ်စွာဘုရား . . . လမ်းမီးရောင် မှုန်မှုန်အောက်မှာ မရွှေချောရဲ့ မျက်နှာက တင်းမာလို့ပါလား။

စိတ်ထဲမှာ ထင့်ခနဲဖြစ်သွားပေမယ့် မရှပ်တေးရှိနေလို့ ဘာဖြစ်တာလဲ ဆိုပြီး မမေးရဲဘူး။ အလိုက်မသိတဲ့ မရှပ်တေးကလည်း ကျွန်တော်တို့နဲ့အတူ အသုပ်ဆိုင်ထဲ လိုက်ထိုင်ပါတယ်။





လက်ဘက်မွှေးဂျင်းမွှေးဆိုတဲ့ အသုပ်မွှေးတွေက ကျွန်တော့်အတွက် တစ်ဇွန်းမှ မမွှေးတော့ပါဘူး။ သူကတော့ ဘယ်အသုပ်မွှေးကိုမှ မစားဘဲ ရှုသိုးသိုး မျက်နှာနဲ့ ခပ်တည်တည်ထိုင်နေလေ့ရဲ့။

ခဏနေတော့မှ အခြေအနေကို နည်းနည်းလေ့လာ သုံးသပ်မိလာပုံရတဲ့ မရှပ်တေးက

" တို့လည်းကလေးတွေကို ဟိုနားဒီနားလိုက်ပြ လိုက်အုံးမှပဲ"

မရှပ်တေးထွက်သွားတော့ ကျွန်တော့်ခုံကို သူ့နားနည်းနည်းတိုးကပ်လိုက်မိတယ်ဆိုရင်ပဲ အနားမကပ်နဲ့လို့ ခပ်ဆတ်ဆတ်ထအော်လို့ ကမန်းကတန်းနေရာ ပြန်ပြောင်း လိုက်ရတယ်။

ဘေးလူတွေကတော့ ကျွန်တော်တို့ နှစ်ယောက်ကို ကွက်ကြည့်ကွက်ကြည့် လုပ်လာကြပြီ။ သူက အောက်နှုတ်ခမ်းကို သွားနဲ့ ဖိကိုက်ထားရင်း ထိုင်ရာက ဆတ်ခနဲထလိုက်တယ်။

" ပြန်မယ် "

ပြောပြောဆိုဆိုဆိုင်ထဲကနေခြာခနဲ လှည့်ထွက် သွားလို့ ကျွန်တော် သူ့နောက်အပြေးလိုက်ရတယ်။ ဘောင်းဘီ ပွပွကြီးဝတ်ပြီးစီးပွားရေးသောင်းကျန်းနေတဲ့ မွှေးက လှမ်းအော်နေသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



" ဟော့လူတွေ အသုပ်ဖိုးရှင်းသွားအုံးလေ"

နောက်မှ လာရှင်းမယ်ဆိုတဲ့ သဘောနဲ့ လက်ကာပြခဲ့ပြီး၊ သမိုင်းပေးတာဝန်အတိုင်း သူ့နောက်ကမေ့ ခပ်သုတ်သုတ် ခပ်ကုတ်ကုတ်လိုက်ခဲ့ရတယ်။

"မီး . . . ကိုယ်ဘာမှားသွားလို့လဲ"

" တော်ပါဗျာ၊ စကားလာမပြောပါနဲ့"

ထပ်မေးရင်လူကြားထဲအအော်ခံရမှာ သေချာလို့ အိမ်ရောက်တဲ့အထိ ကျွန်တော် ဘာမှ မမေးရဲဘူး။

အိမ်ရောက်တော့ ကြီးတော်ရှိတာမို့ ကျွန်တော် ငြိမ်နေရသလို သူကလည်း ကြီးတော် မအိပ်သေးလို့ ဘာကိုမှ မဖောက်ခွဲပါဘူး။ နှစ်ယောက်စလုံး အိပ်ရာထဲဝင်ခဲ့ကြပေမယ့် ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်နေကြတယ်။

ကြီးတော်ရဲ့ ဟောက်သံထွက်လာမှ အလယ်မှာ အိပ်ပျော်နေတဲ့ ကလေးကိုကျော်လို့ သူ့ကျွန်တော် နားရောက်လာတယ်။ ပြီးတော့ ဘာမပြောညာမပြောနဲ့ ဗိုက်ကိုလိမ်ဆွဲရင်း သွားကြားထဲကလေသံနဲ့ မေးတယ်။

" တော်တော် ကလေးအဖေဖြစ်ချင်နေတယ်မ ဟုတ်လား "

" အား . . . နာတယ် မီးရဲ့"

" မေးတာဖြေလေ"

" ကလေးအဖေဖြစ်ချင်လို့၊ ဖြစ်ခဲ့ပြီပဲ မီးရယ် ပင်လယ်လေးရဲ့ အဖေလေ"





" ဘာ . . . ပင်လယ်ရဲ့ အဖေလဲ။ ဟိုကောင်လေးရဲ့ အဖေ"

ဒီတော့မှ မရှုပ်တေးသားကို ရည်ရွယ်မှန်းသဘော ပေါက်သွားပြီး မကောင်းတတ်လို့ ချီရတာဖြစ်ကြောင်း ရှင်းပြပေမယ့် သူကလက်မခံဘူး။

" လက်နာနေလို့ မချီနိုင်ဘူးလို့ အကြောင်းပြလို့ ရတယ်။ ရှင့်ကို ဘယ်သူမှ တရားမစွဲဘူး။ ဒါမှမဟုတ် . . . မီးကို ချီနိုင်းလည်း ဖြစ်တယ်။ ခုတော့ . . . ရှင်တို့နှစ်ယောက်က တလေးကိုယ်စီချီလို့ အသက်ချင်းကလည်း မတိမ်းမယိမ်းတွေ။ လူတွေက ဘယ်လိုထင်ကြမလဲ ရှင်ကိုယ်တိုင်ကလည်း အဲ့လိုအထင်မခံချင်လို့။ အဲ့ဒီဖတဆိုး သားလေးကို စွေ့ခနဲ ကောက်ချီလိုက်တာ မဟုတ်လား "

" မဟုတ်ရပ္ပါဘူး မီးရာ တကယ်ပါ။ ကိုယ်စဉ်းဖောင် မစဉ်းစာမိပါဘူး"

" မပိုပါနဲ့၊ မီးငယ်တို့က မျက်လုံးတွေကို ကြည့်လိုက်တာနဲ့သိတယ်။ အသက်ချင်းက မတိမ်းမယိမ်း အရုပ်အမောင်းချင်းက မတိမ်းမယိမ်း ရှင်ကလည်း အဲ့ဒါမျိုးကိုတောင့်တနေတာမဟုတ်လား။ . . . မသိရင် ခက်မယ် "

" ပေါက်ပေါက်ရှာရှာမီးရယ်။ ကိုယ်သာအဲ့ဒါမျိုး စိတ်ဝင်စားတတ်ရင် မီးနဲ့ တောင်တွေ့စရာအကြောင်းမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com

" အစက စိတ်မဝင်စားပေမယ့် အခု စိတ်ဝင်စားတတ်လာပြီ မဟုတ်လား၊ မီးငယ်နဲ့ ညားခဲ့တဲ့အတွက် ရှင်ကြီးနောင်တရနေတယ် မဟုတ်လား။ အင်း . . . ဒီကလည်း ရိုပ်မိပါတယ်နော်"

ပြောရင်းနဲ့ အသံတွေဘာတွေတုန်ပြီး၊ ငိုသံတောင်ပါလာလေရဲ့။

မဟုတ်ရပါဘူး မီးရယ်လို့ ပြောရင်း နှစ်သိမ့်တဲ့သဘောနဲ့ သူ့ပုခုန်းကိုလှမ်းဖတ်လိုက်တော့ သူက ချက်ချင်းပဲ ကျွန်တော့်လက်ကို ဆွဲဖယ်တယ်။ ဒေါမာန်ကြီးကြီးနဲ့ ဇိုးဇိုးဇက်ဇက်ဆွဲဖယ်လိုက်တာမို့ ကျွန်တော့်လက်ခုံကို သူ့လက်သည်းတွေနဲ့ ခြစ်မိသွားတယ်။

လက်သည်းချွန်ချွန်တွေကြောင့် အရေပြားလန်ပြီး ဆစ်ခနဲနာကျင်သွားတာမို့ ကျွန်တော် လွှတ်ခနဲ ခပ်အုပ်အုပ် အော်လိုက်မိတယ်။ ကျွန်တော့် အော်သံကြောင့် လန့်နိုးသွားပုံရတဲ့ ကြီးတော်ရဲ့ အသံက အိမ်ရှေ့ခန်းကနေ ဟိန်းထွက်လာပါတယ်။

" ဟဲ့ ဘယ်သူလဲ ဘာဖြစ်တာလဲ"

မဖြေဘဲငြိမ်နေရင် ပိုဆိုးနိုင်လို့ ကျွန်တော်စိတ်ထူးတည့်ရာ စဉ်းစားပြီးပြန်ဖြေလိုက်တယ်။

" ကျွန်တော်ပါကြီးတော် ယောင်ပြီး အော်မိတာပါ"

" ဟဲ့ . . . ယောင်တဲ့လူက ငါ့ကို ချက်ချင်းပြန်ဖြေနိုင်သလား"





" ဟိုဒင်း . . . အိပ်မက်မက်ရင်း ယောင်ပြီးလန့်အော်မိသွားတာပါ"

" အေး . . . ဒါဖြင့် ပြီးရော . . .။ မနက်ကို စောစောထကြ။ ငါဘုရားသွားမလို့။ ကလေးကိုလည်း မိမိကြစေနဲ့"

ကြီးတော် ပြန်အိပ်သွားသလို၊ ကျွန်တော့်ဘေးကအင်းကလေးရဲ့ အသံလည်း တိတ်သွားတယ်။

ကျွန်တော့်မှာသာ နောင်တသက်ပြင်းတွေ အကြိမ်ကြိမ်ချရင်း တော်တော်နဲ့ အိပ်မပျော်နိုင်ခဲ့ဘူး။

◈ ◈ ◈ ◈ ◈


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

နောက်နေ့ မိုးလင်းတဲ့အခါ၊ သူစိတ်ကောက်ရင်ဖြစ်နေကျအတိုင်းပါပဲ။

သုန်မှုန်နေတဲ့ မျက်နှာကို ဆယ့်ခြောက်ခေါက်လောက်ချိုးပြီး၊ တမင်တင်းထားတယ်။ ကျွန်တော့်ကို စကားမပြောသလို၊ ကျွန်တော့် မျက်နှာကိုလည်း မကြည့်ဘူး။

ပြီးတော့ ကျွန်တော့်အတွက် ကော်ဖီလည်း ဖျော်မထားပါဘူး ဘုရားသွားမယ့် ကြီးတော်အတွက် ထမင်းချိုင့်ပြင်ပေးနေတယ်။ ကြီးတော်က ရန်ကုန်ရောက်တဲ့အချိန်ဆို မွေးနေ့တိုင်း ရွှေတိဂုံဘုရားကိုသွားလေ့ရှိတယ်။

မိုးလင်းကတည်းက ထမင်းချိုင့်နဲ့ ကြီးတော်ထွက်သွားလိုက်တာ ညနေနေအေးမှပဲ အိမ်ပြန်လာတတ်တယ်။ တစ်နေကုန် ဘုရားမှာပဲ ပုတီးစိပ်ရင်း နေတော့တာပါ။ အခုလည်း သူ့အတွက် ထမင်းချိုင့်ပြင်ပေးလို့ပြီးတယ်ဆိုရင်ပဲ လက်ထဲက မြေးကိုချလို့ ဘုရားသွားဖို့ လုပ်ပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း မျက်နှာသစ်ပြီးတာနဲ့ ရှပ်အင်္ကျီတစ်ထည်ကောက်စွပ်လိုက်တယ်။ အိမ်မှာ သောက်စရာကော်ဖီ မရှိတဲ့အတွက် ကြီးတော်ကို ကားဂိတ်လိုက်ပို့ရင်း လက်ဘက်ရည်ဆိုင်ထိုင်မလို့ပါ။

သူကတော့ ဆူပုတ်ပုတ်မျက်နှာနဲ့ ကလေးကို အဝတ်လဲပေးနေလေရဲ့။ အရင်ကဆိုသူနဲ့ ကျွန်တော် ကတောက် ကဆဖြစ်ပြီး နောက်တစ်နေ့ဆို ကျွန်တော် သူ့ကို ချော့နေကြပါ။ စကားမရှိစကားရှာပြီး ပြောတာတို့၊ သူတစ်ခုခုလုပ်နေရင်း သူ့ဘေးနားအတင်းဝင်ထိုင်ပြီး ကူလုပ်ပေးတာတို့၊ အဲ့ဒီနည်းတွေနဲ့ ကျွန်တော့်ရဲ့ ချော့မြူမှုကို စတင်လေ့ရှိတယ်။

ဒီနေ့တော့ ကျွန်တော်သူ့ ကို ချော့မော့ချင်စိတ် မရှိသလို၊ စကားပြောချင်စိတ်လည်း မရှိဘူး။ အကြောင်းမရှိ အကြောင်းရှာပြီး စိတ်ကောက်တတ်တဲ့ သူ့အကျင့်ကို ပထမဆုံးအကြိမ်အဖြစ်၊ ကျွန်တော် စိတ်ပျက်သွားမိတယ်။

ဒါကြောင့် ကြီးတော်ကြီး အိမ်ထဲက ထွက်တာနဲ့ ကျွန်တော်လည်း ကြီးတော်နဲ့အတူ အပြင်ထွက်လာခဲ့တယ်။

ကြီးတော်ကို ကားဂိတ်ပို့ပြီး လက်ဘက်ရည်ဆိုင် ရောက်တယ်ဆိုရင်ပဲ ခေါင်းမှာ ကောင်းဘွိုင် ဦးထုပ် ဆောင်းပြီး၊ လည်ပင်းမှာ မာဖလာပတ်ထားတဲ့ ပန်းချီ ကျော်အောင်မော်ကို ခန့်ခန့်ကြီးတွေ့လိုက်ရတယ်။





ကျွန်တော်ရဲ့ အိမ်သူသက်ထားအကြောင်း ရင်ဖွင့်ရမယ့်လူ တွေ့ပြီဆိုပြီး ဝမ်းသာသွားတယ်။ ဒါပေမယ့် ဆိုင်ထဲရောက်တဲ့အခါ ကိုယ့်ဆရာအဖြစ်က ကိုယ့်ထက ဆိုးနေတာနဲ့ ကျွန်တော် ရင်မဖွင့်လိုက်ရပါဘူး။

ဘယ်နှယ့် . . .

လက်ဘက်ရည်သောက်မလားဆိုတာကို တောင် ပါးစပ်နဲ့ မမေးနိုင်ဘဲ လက်ဟန် ခြေဟန်နဲ့သာ မမေးနိုင်တယ်။ ဘာများ ဖြစ်ပါလိမ့်ဆိုပြီး အကဲခတ်လိုက်တော့ ကိုယ့်ဆရာ မျက်နှာမကောင်းဘူး။

အတော်ကြီးကြာမှ အားတင်းထားရတဲ့ အသံနဲ့ လှမ်းပြောတယ်။ အသံကလည်း အစ်တစ်တစ်နဲ့ပါ။

" ညက . . . ရန်ဖြစ်ပြီး လည်ပင်းနာသွားလို့ စကားကောင်းကောင်း မပြောနိုင်ဘူးဗျာ"

ခပ်အေးအေးနေတတ်တဲ့ လူက ရန်ဖြစ်တယ်ဆိုတော့ ကျွန်တော်တောင် စိတ်မကောင်းဖြစ်သွားမိသေးတယ်။

" ဘယ်သူတွေနဲ့ ဖြစ်တာလဲဗျ။ ခင်ဗျားကို ဘယ်ကောင်တွေက ဆော်လိုက်တာလဲ"

" အကောင်တွေ မဟုတ်ပါဘူး ကောင်မပါ ကျွန်တော့် မိန်းမ"

" ဗျာ ခင်ဗျားပြောတော့ သူက မော်တောင် မကြည့်ရဲဘူးဆို"



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်တယ် မော်မကြည့်ဘူး ငုံ့ပြီးလုပ်တာ"

" ဘယ်လိုများ ဖြစ်ကြတာလဲဗျာ၊ ဒါနဲ့ . . . ခင်ဗျားက စိတ်ဆိုးရင် မျက်လုံးနဲ့ပဲ ကြည့်တာဆို"

" စကားများပြီဆိုတာနဲ့ သူက လည်ပင်းကိုလှမ်းညှစ်တတ်တော့ မျက်လုံးနဲ့ပဲ ကြည့်နိုင်တာပေါ့ဗျာ။ ဘယ်လိုလုပ်ပြီး စကားပြော နိုင်မှာလဲ"

" ဒါဖြင့် အခုလည်း . . . "

" ဟုတ်တယ် . . . ဒီတစ်ခါတော့ လည်ရေတိုင် လှမ်းညှစ်တာဗျာ။ ခုချိန်ထိ နာနေတုန်းပဲ"

ဖြစ်မှ ဖြစ်ရလေလို့ ကျွန်တော် ညီးတွားလိုက်မိတယ်။ ကျော်အောင်မော်က ပန်းချီဆရာ အနုပညာသမားပေမယ့် စိတ်ကြီးလှတာမို့ "သည်းခံပါဗျာ" လို့ ဖြောင်းဖျ လိုက်ရသေးတယ်။ အဲ့ဒီနောက်ကိုယ့်မိန်းမအကြောင်း ရင်မဖွင့်လိုက်ရဘဲ၊ သူ့မိန်းမအကြောင်းထိုင်ပြောသမျှကို နားထောင်လိုက်ရတယ်။ သူ . . . ပြောလို့ဝလောက်တဲ့ အချိန်ကျမှ စကားစဖြတ်ပြီး အိမ်ပြန် လာခဲ့တယ်။

အိမ်ရောက်တော့ ကျွန်တော့် စာရေးစားပွဲပေးမှာ သူ့လက်ရေးနဲ့ စာတစ်စောင်က ဆီးကြိုနေလေရဲ့ . . ။

" (၁၀) နာရီ ဒေသန္တရဆေးခန်းမှာ ကလေးကာကွယ်ဆေးထိုးရမယ် . . မရွှေခြိုင့်ကို အဖော်ခေါ်သွားတယ်"





ကလေးကိစ္စနဲ့ ပတ်သက်ရင် ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကို အသိပေးဖို့ ကျွန်တော်ပြောထားဖူးတယ်။ ကလေးမွေးပြီးကတည်းက ကာကွယ်ဆေးထိုးတဲ့ တိုက်တဲ့ ကိစ္စမှာရော၊ ဆေးခန်းပြတဲ့ ကိစ္စမှာပါ ကျွန်တော်ပါလေ့ ရှိတယ်။ ယုတ်စွအဆုံး ကလေးပေါင်သွားချိန်ရင်တောင်မှ ကျွန်တော် လိုက်လေ့ရှိတယ်။

ကလေးရဲ့ ကျန်းမာရေးကိစ္စကို ကျွန်တော် ဂရုစိုက်မှန်းသိလျက်နဲ့ အခုကိစ္စကို ကြိုမပြောတာဟာ၊ သူကျွန်တော့်ကို မထီမဲ့မြင် ပြုလိုက်တာပါပဲ။ သူနဲ့ အိမ်ထောင်ကျပြီးကတည်းက တမင်မေ့လျော့ထားခဲ့တဲ့ ယောကျ်ားမာနက တငွေ့ငွေ့တောက်လောင်လာတယ်။

နာရီကြည့်လိုက်တော့ ဆယ့်တစ်နာရီခွဲ ပြန်လာချိန်နီးပြီ ဆိုပြီး ကျွန်တော်ထိုင်စောင့်ပေမယ့် တော်တော်နဲ့ ပြန်မလာဘူး ထမင်းစားချိန်တောင်ကျော်လာလို့ ဇဝေဇဝါဖြစ်ပြီး အုပ်ဆောင်းဖွင့်ကြည့်လိုက်တော့ ဘဲဥနှစ်လုံးနဲ့ စာတစ်စောင်ကို တွေ့ရပြန်တယ်။ "အချိန်မရတော့လို့ ဟင်းမချက်နိုင်ဘူး။ ဘဲဥနှစ်လုံး ပြုတ်ပေးခဲ့တယ်"

ကျွန်တော် စိတ်တိုတိုနဲ့ တောက်တစ်ချက်ခေါက်ရင်း အိတ်ထဲက ဘောပင်ကို ထုတ်ပြီး သူ့စာကြောင်းရဲ့ အောက်မှာ ရေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



" ကိစ္စမရှိဘူး ဆိုင်မှာ ဝယ်စားမယ်"

အပြောနဲ့ညီအောင် ကျွန်တော် တကယ်ပဲ ဆိုင်မှာ သွားစားလိုက်တယ်။

သူတို့သားအမိကတော့ နေ့လည် နှစ်နာရီကျော်မှ အိမ်ပြန်ရောက်လာကြတယ်။ နောက်မှသိရတာက အဲ့ဒီနေ့က စန္ဒာဝင်းထွန်းတို့အိမ်မှာ ပေဖင်ဆရာမတစ်ယောက် ရောက်နေလို့ ပေဖင်ဝင်မေးရင်း အဲ့ဒီအိမ်မှာပဲ စားသောက်ပြီး လေပန်းနေခဲ့ ပါသတဲ့။

ကျွန်တော်ကသူ့ရဲ့ စိတ်ကောက်တတ်တဲ့ စရိုက်ကို စိတ်ပျက်နေမိသလို၊ ကလေးကာကွယ်ဆေး ထိုးတဲ့ကိစ္စ ကြိုမပြောတဲ့ အတွက်လည်း စိတ်ခုနေမိတာမို့ သူ့ကိုဘာမှ မေးစမ်းမနေတော့ဘဲ ဘာသိဘာသာပဲနေလိုက်ပါတယ်။

သူကတော့ ကျွန်တော်တစ်ခုခုပြောမလားဆိုပြီး မျှော်လင့်နေပုံပါပဲ။ ကျွန်တော်က ဘာမှမပြောတဲ့အခါ သူ့ရဲ့ နည်းဗျူဟာ မအောင်မြင်လို့ စိတ်ပျက်လက်ပျက်ဖြစ်သွား လေရဲ့။

နောက်တစ်နေ့ကတော့ ကျွန်တော်ရဲ့ နေ့လို့ပြော ရမှာပါ။

မနက်မိုးလင်းတာနဲ့ လွယ်အိတ်တစ်လုံးလွယ်ပြီး တစ်နေကုန် အပြင်ထွက်လိုက်တာ ညမိုးစုန်းစုန်းချုပ်မှပဲ ကျွန်တော် အိမ်ပြန်ပါတယ်။ ကြီးတော်က ဘယ်သွားနေလဲ





မေးတော့ မိတ်ဆွေ ဒါရိုက်တာတစ်ယောက်ရဲ့ ရိုက်ကွင်းမှာ ဇာတ်ညွှန်းသွားရေးပေးနေ ရတာမို့ ဖြေလိုက်တယ်။ အလုပ်ကိစ္စဆိုတော့ ကြီးတော်လည်း ဘာမှမပြောသာ တော့ဘူး။

ဒီလိုနဲ့ နှစ်ရက်သုံးရက် ဆက်တိုက်ထွက်လိုက်တယ် ဆိုရင်ပဲ မရွှေချောက မျက်စေ့မျက်နှာပျက်လာပါတော့တယ်။ ကြီးတော် ရှိနေလို့ ကျွန်တော့်ကို ဘယ်သွားနေလဲ ဘာလုပ်နေလဲလို့တော့ မမေးရဲဘူး။ အခန့်မသင့်ရင် သူ့ရဲ့ အကြောင်းမရှိ အကြောင်းရှာပြီး စိတ်ကောက်တဲ့ ကိစ္စပေါ် သွားနိုင်လို့ပါ။

သူ့ခမြာကျွန်တော့်ကို တိုက်ရိုက် မမေးရဲတဲ့အပြင် သူနဲ့ ကျွန်တော် စိတ်ကောက်နေတဲ့ ကိစ္စကိုလည်း ကြီးတော် မရိပ်မိအောင် ဖုံးဖိဟန်ဆောင်ရပါသေးတယ်။ ဒါကြောင့် ကြံရာမရဖြစ်ပြီး မရွှေခြိုင့်တို့ဆီအားကိုးတကြီးနဲ့ အကူအညီ ပြေးတောင်းခဲ့ပုံပါပဲ။

စတုတ္ထမြောက်နေ့ ကျွန်တော် အိမ်ကထွက်တော့ သမ်းထိပ်လက်ဘက်ရည်ဆိုင်မှာထိုင်နေတဲ့ မရွှေခြိုင့်တို့နဲ့ တည့်တည့် တိုးပါတယ်။ သူတို့ လက်ယက်လှမ်းခေါ်တာနဲ့ ကျွန်တော် မထိုင်ချင်ဘဲ လက်ဘက်ရည်ဆိုင်ထဲ ဝင်ထိုင်လိုက်ရတယ်။

" ကိုရဲ အခုတလော ဇာတ်လမ်းအသစ်တွေ တွေ့နေတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



သူ့လူသူ့ဘက်သားလုံးလုံးဖြစ်တဲ့ မရွှေခြိုင့်က အဲ့ဒီမေးခွန်းနဲ့ စတင်ဖောက်ခွဲလာပါတယ်။

“ ဘာဇာတ်လမ်းလည်း မရွှေခြိုင့်ရဲ့ ပေါက်ပေါက်ရှာရှာဗျာ”

“ သိဘူးလေ နေ့တိုင်း မိုးလင်းက မိုးချုပ် အိမ်က ထွက်နေတယ်ဆိုတော့ ဇာတ်လမ်းသစ်တွေဘာတွေများ တွေ့နေသလားလို့”

အဆင်တိုကြည့်ရတာဖြင့် ကျွန်တော့် မဟေသီက သူ့စိတ်ကြိုက်ဘုလားဖန်ထိုးထားခဲ့ပုံဘဲ။ ဒါကြောင့် စန္ဒာဝင်းထွန်းနဲ့ မရွှေခြိုင့်ကို အဖြစ်အပျက်အားလုံး အသေးစိတ်ပြန်ပြောပြလိုက်ရတယ်။

“ အဲ့ဒါပဲ ... မရွှေခြိုင့်။ အစက သူစိတ်ကောက်တာကို ကျွန်တော် တတ်နိုင်သမျှ သည်းခံခဲ့တယ်။ နားလည်ခွင့်လွှတ် ပေးခဲ့တယ်။ ဒါပေမယ့် ... ခုနောက်ပိုင်း သူလုပ်ပုံက တရားလွန်လာတယ်။ ဘာကိုမှ မစဉ်းစား မဆင်ခြင်ဘဲ အကြောင်းမရှိ အကြောင်းရှာပြီး တမင်စိတ်ကောက်နေသလိုဖြစ်လာတယ်။ ဒါကြောင့် သူနဲ့ စကားမပြောချင်တာနဲ့ ကျွန်တော် အပြင်ထွက်နေတာ”

“ မဟုတ်သေးဘူး ကိုရဲရဲ့။ ခုလိုရှောင်နေရုံနဲ့ ပြဿနာက ပြေလည်သွားမှာမှ မဟုတ်တာ။ ဒါမျိုးဆိုတာ သူ့ဘက် ကိုယ့်ဘက် အဆင်ပြေအောင် မျက်နှာစုံညီနဲ့ အေးအေးဆေးဆေး ညှိညှိနှိုင်းနှိုင်း ဆွေးနွေးယူရတယ်။”





စန္ဒာဝင်းထွန်းက တွေးတွေးဆဆနဲ့ ဝင်ပြောလာပေမယ့် ညှိနှိုင်းဖို့ဆိုတဲ့ ကိစ္စကို ကျွန်တော် ခေါင်းရမ်းလိုက်မိတယ်။

“ ညှိနှိုင်းရုံနဲ့ အဖြေထွက်လိမ့်မယ်လို့ ကျွန်တော်တော့ မထင်ဘူး မစန္ဒာ။ သူနဲ့ ကျွန်တော် အကြိမ်ပေါင်းများစွာ ညှိနှိုင်းခဲ့ ဖူးတယ်။ ဒါပေမယ့် ဒုံရင်း၊ ဒုံရင်းပဲ။ ပြီးတော့ ... ကြီးတော်ရှေ့မှာ ဆွေးနွေးလို့လဲ မဖြစ်ဘူး။ ဟိုတစ်ခါ သူနဲ့ ကျွန်တော်စကား များပြီး ကိုရွှေဖုန်းတို့အိမ်မှာ သွားအိပ်တာကို ကြီးတော်သိသွားပြီးကတည်းက နောက်တစ်ခါ မသင့်မမြတ်ဖြစ်ရင် သူ့ကိုရော ကျွန်တော့်ကိုပါ မွေးစားသမီးအဖြစ်ကရော၊ တူအဖြစ်ကပါ အမွေဖြတ်မယ်လို့ ရာဇသံပေးထားပြီးသား ”

“ ကြီးတော်သိမှာကိုတော့ မစိုးရိမ်နဲ့ကိုရဲ ကျွန်မတို့လည်းရှိတာပဲ။ ဝိုင်းပြီး ဖုံးဖိပေးကြမှာပေါ့။ ကိုရဲတို့ချင်း ဆွေးနွေးဖို့ကိုသာ စဉ်းစား”

“ ဟုတ်တယ်ကိုရဲ မျက်နှာချင်းဆိုင်သာ တွေ့လိုက်စမ်းပါရှင်။ ပြေလည်သွားမှာပါ။ မီးငယ်က ကလေးဆန်တယ်ဆိုပေမယ့် သဘောပေါက်လွယ်ပါတယ်။ ကိုရဲအကျိုးအကြောင်း ရှင်းပြလိုက်ရင် သူနားလည်သွားမှာပါ”

သူတို့တွေ ဝိုင်းပြီး နားချတိုက်တွန်းလွန်းတာနဲ့ပဲ၊ ကျွန်တော်မကောင်းတတ်လို့ ခေါင်းညိတ်ပြလိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



" ကောင်းပြီလေ။ ခင်ဗျားတို့ သူငယ်ချင်းကိုသာ ဘယ်လိုဖြစ်ချင်သလဲလို့ မေးလိုက်ပါ"

" စိတ်ချ။ စိတ်ချ . . . ကျွန်မတို့ အခုပဲ . . . သူနဲ့ သွားတွေ့လိုက်မယ်"

စကားစပြတ်တာနဲ့ ကျွန်တော်လည်း လက်ဘက်ရည်ဆိုင်ကထပြီး ထွက်လာခဲ့တယ်။





## အခန်း (၁၈)

ဘစ်ကားပေါ်က ဆင်းပြီး လမ်းသွယ်လေးထဲ ချိုးဝင်လို့ တော်တော်လေးလျှောက်လာမိတယ်ဆိုရင်ပဲ အရွှတ်ရွှတ် လှမ်းခေါ်သံ ကြားလိုက်ရတယ်။ ဘေးဘီဝဲယာကို ကြည့်လိုက်တော့ အသုပ်ဆိုင်ကနေ လက်လှမ်းပြနေတဲ့ နှောဝင်းထွန်းကို တွေ့လိုက်လို့ သူ့ဆီကို လျှောက်လာခဲ့တယ်။

" ရော့ . . . ကိုရဲ "

အနားရောက်တော့ ဘာမပြော ညာမပြောနဲ့ စာတစ်စောင်ထုတ်ပေးလို့ ကျွန်တော် ခပ်ကြောင်ကြောင် လှမ်းယူလိုက်ရတယ်။ စာကိုဖြန့်ကြည့်လိုက်တော့ . . .

ညရှစ်နာရီ သီတဂူ အအေးဆိုင်က စောင့်နေမယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဇဝေဇဝါနဲ့ စန္ဒာဝင်းထွန်းကို လှမ်းဖြည့်တော့ ခပ်တည်တည်ပါပဲ၊ အသုပ်စားတဲ့ လူတစ်ယောက်ကို ဟင်းခါး ထည့်ပေးနေလေရဲ့။

ဘယ့်နှယ့် ဒီအမျိုးသမီးနှယ်။ မကြီးမငယ်နဲ့ စာတစ်တန်ပေတစ်တန် ရေးပြီး ချိန်းနေရတယ်လို့။

" ဘာများ အရေးတကြီး ပြောစရာရှိလို့လဲ မစန္ဒာရဲ့ ပြောစရာရှိရင်လည်း အခုပြောလိုက်ပါလား"

" ရှင် . . . "

" ဩော် . . . ကျွန်တော် အအေးဆိုင်ကို တစ်ခေါက်ထွက်လာစရာ မလိုတော့ဘူးပေ့ါ"

" ဟယ် . . . ကိုရဲကလည်း . . . ဘာတွေလဲရှင်၊ အဲ့ဒါရှင့် မိန်းမက ရှင့်ကို ချိန်းတာ "

" ကျွန်တော့် . . . မိန်းမ . . "

" ဟုတ်တယ်။ ရှင်ပြန်လာတာတွေ့ရင် ရှစ်နာရီ သီတဂူ အအေးဆိုင်က စောင့်ဖို့ ပြောပေးပါဆိုပြီး နေ့လည်ကတည်းက လာပြောထားတာ။ အသုပ်စားတဲ့လူတွေကျရင် ပါးစပ်က မပြောနိုင်မှာစိုးလို့ မီးငယ်ပြောသွားတဲ့အတိုင်း ကျွန်မက စာနဲ့ ပြန်ရေးထားတာ"

" ဩော် . . . ဒီလိုကိုး "

" ဟုတ်တယ် . . . ဒီလိုပဲ "

ကျွန်တော် အိုးတိုး အန်းတန်းနဲ့ အသုပ်ဆိုင်ရှေ့က ခပ်မြန်မြန်ပဲ ထွက်လာခဲ့တယ်။ နာရီကြည့်လိုက်တော့





ခြောက်နာရီခွဲ ကျော်နေပြီမို့၊ အိမ်မပြန်တော့ဖို့ ဆုံးဖြတ်ပြီး၊ ကိုကျော်အောင်မော်တို့အိမ်ဘက် ထွက်လာခဲ့တယ်။

ကိုကျော်အောင်မော်တို့အိမ်မှာ တစ်လောက အိမ်ထောင်ကျသွားတဲ့ ကာတွန်းနောက်နောက်နဲ့တွေ့လို့ အိမ်ထောင်ဦး အတွေ့အကြုံတွေ မေးမြန်းရင်း အချိန်ဖြုန်းနေလိုက်ပြီး ရှစ်နာရီထိုးခါနီးတော့မှပဲ အအေးဆိုင်ဘက်ကျွန်တော် ထွက်လာခဲ့တယ်။

လင်မယားဖြစ်ပြီးကာမှ ခုလိုမျိုး ချိန်းတွေ့ကြတာဟာ တွေးကြည့်ရင် တော်တော့်ကို ရယ်စရာကောင်းလှပါတယ်။ ဒါပေမယ့် ဆူပုတ်ပုတ်မျက်နှာလေးနဲ့ ရောက်လာမယ့် မင်းကိုလည်း ကျွန်တော်က တွေ့ချင်နေတာမို့ အအေးဆိုင်မှာ ကြံရည်တစ်ခွက် မှာသောက်ပြီး ကျွန်တော် စောင့်နေလိုက်တယ်။

ရှစ်နာရီကို တော်တော်ကြီးကျော်မှ လက်ထဲမှာ အခွေတစ်ခွေကိုင်ပြီး သူရောက်လာတယ်။ ကြီးတော်ကို အခွေသွားငှားအုံးမယ်လို့ အကြောင်းပြခဲ့ပုံပါပဲ။

ကျွန်တော့်ရှေ့မှာ သူဝင်ထိုင်လိုက်ရင်ပဲ၊ ခံစားရတာကြာပြီဖြစ်တဲ့ သူ့ကိုယ်သင်းနံ့ကို သင်းခနဲ ရလိုက်ပါတယ်။

" ဘာပြောမှာလဲ"

သူက ကျွန်တော့်ကို ခပ်ဆောင့်ဆောင့် လှမ်းမေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



" ချိန်းတဲ့လူက စပြောမှပေါ့"

" ဘယ်သူက ချိန်းလို့လဲ "

" မီးပဲချိန်းတာမဟုတ်ဘူးလား "

" ကြောင်တောင်တောင် လုပ်မနေနဲ့ သူပဲတွေ့ချင်တယ်ဆိုလို့ မရွှေဖြိုင့်တို့ကတွေ့လိုက် တိုက်တွန်းတာနဲ့ မကောင်းတတ်လို့ ဒီဆိုင်မှာ လက်ချို တွေ့တာ။ ပြောစရာရှိရင် မြန်မြန်ပြော"

စချိန်းတဲ့လူက သူဖြစ်ပေမယ့် ကျွန်တော်က တွေ့ချင်လို့ မကောင်းတတ်ဘဲ ချိန်းရတဲ့ ပုံစံမျို ဖမ်းလိုက်တာပါ။ အလံဖြူပြတာတောင် တစ်ဖက်ရန်သူက သနားလို့ ပြရတဲ့ပုံစံမျိုးပါ။

ကျွန်တော် စကားနိုင်လုမနေတော့ဘဲ ဖြစ်ချင်တ ဆန္ဒကိုပဲ ပြောလိုက်တယ်။

" အမိပွါယ်မဲ့ စိတ်ကောက်တာတွေကို ရပ်တန်း ရပ်သင့်ပြီလို့ ကိုယ်ထင်တယ်။ အဲ့ဒီလို စိတ်ကောက်တဲ့ အတွက် နှစ်ဖက်စလုံး ဘယ်သူ့မှာမှ အကျိုးမရှိဘူး" အပျက်ပျက် နာခေါင်းသွေးထွက်ဖို့ပဲရှိတယ်။"

" အမိပွါယ်မဲ့လို့တော့ မပြောပါနဲ့ မကောက်သင့်ဘ ရှာကြံကောက်တယ်လို့လည်း မထင်ပါနဲ့ ကောက်သင့်လို့ ကောက်ခဲ့တာပါ။ ဒါပေမယ့် . . . ရှေ့လျှော စိတ်မကောက်တော့ဘူးလို့ မီးကတိပေးတယ်"





သူ့လို စိတ်ကောက်တတ်တဲ့ နက္ခတ်နဲ့ ယှဉ်မွေးလာတဲ့ အကြေကြောက်ကလေးက စိတ်မကောက်တော့ဘူးဆိုပြီး လွန်လွန်ကျူးကျူး ကတိပေးလာလို့ ကျွန်တော် မဲ့ပြုံးတစ်ချက်ပြုံးလိုက်မိတယ်။

" လုံးဝမကောက်ဘဲတော့ မနေပါနဲ့။ ကောက်သင့်တဲ့ တိစ္စမျိုးဆိုကောက်ပါ ကိုယ်ဆိုလိုတာက . . . ခဏခဏ စိတ်မကောက်ဖို့နဲ့ အဓိပ္ပါယ်မဲ့မကောက်ဖို့ ပြောတာပါ"

" မကောက်တော့ပါဘူးဆို . . . ပြီးရောပေါ့၊ ဘာဖြစ်လို့ ကောက်သင့်တာတွေ မကောက်သင့်တာတွေ ပြောနေရတာလဲ"

" အင်းလေ . . . လုံးလုံးမကောက်ဘဲ နေနိုင်ရင်တော့ အကောင်းဆုံးပေါ့"

" မပိုပါနဲ့။ ကာယကံရှင် ကိုယ်တိုင်က ကတိပေးနေတဲ့ ဥစ္စာပဲ။ "

စိတ်ကောက်သံဝဲတဲတဲ ပါနေသေးတဲ့ စိတ်မရှည် သံလေးနဲ့ မူနွဲ့နွဲ့လှမ်းပြောပါတယ်။ အမှန်အတိုင်း ဝန်ခံရရင် သူ့စကားကို ကျွန်တော်သိပ်မယုံလှပါဘူး။

ဒါပေမယ့် စစ်ပြေငြိမ်းခါစမို့ မယုံသင်္ကာဖြစ်ပြလို့ မကောင်းတာနဲ့၊ သံတမန်နည်းအရ ကျွန်တော်အသာပဲ ငြိမ်နေလိုက်ရတယ်။ ပေးတဲ့ ကတိအတိုင်းတည်နိုင်ရင်တော့ အကောင်းဆုံးပေါ့လို့ ကျွန်တော် စိတ်ထဲက လှမ်းပြော လိုက်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



" အခု ထမင်းစားလာခဲ့ပြီလား "

" စားခဲ့ပြီ။ မြို့ထဲက စားလာခဲ့တယ်"

" ဘာဖြစ်လို့ . . . စားလာခဲ့တာလဲ။ အိမ်မှာ သူကြိုက်တဲ့ ဝက်သားပုန်းရည်ကြီးချက်ထားတယ်"

ကျွန်တော့်အကြိုက်ဟင်းကို ရွေးချက်ထားပုံပေါက်ရင် သူကျွန်တော့်ကို အလျှော့ပေးလိုက်လျော့ဖို့ ကြိုတင်ဆုံးဖြတ်ထားခဲ့ပုံပါပဲ။ ကျွန်တော် နည်းနည်းကျေနပ်သွားတာမို့ "အိမ်ရောက်ရင် ထပ်စားတာပေါ့" . . . လို့ ပြောလိုက်တယ်။

အဲ့ဒီအချိန်မှာပဲ အအေးလာဝယ်တဲ့ သဘော်သား ကတော်လောင်း မရှုပ်တေးကို လှမ်းတွေ့လိုက်ရလို့ နှုတ်ဆက်ရမလား မမြင်ချင်ယောင်ပဲဆောင်ရမလား ကျွန်တော့်မှာ ချီတုံချတုံဖြစ်သွားရသေးတယ်။ သူကတော့ ကျွန်တော့်လို မဟုတ်ဘဲ မရှုပ်တေးကို ပျူပျူငှာငှာ လှမ်းနှုတ်ဆက်တယ်။

" အအေးသောက်ပါအုံးလား "

" မသောက်တော့ဘူး မီးငယ် ကလေးတွေအတွက် အအေးလာဝယ်တာ"

" နောက်နေ့ . . . ကလေးတွေခေါ်ပြီး အိမ်ဘက်လျှောက်ခဲ့အုံးလေ။ မီးဆိုင်မှာ မုန့်လေးဘာလေး လာဝယ်စားကြအုံး"

" အေး အေး လာခဲ့မယ်"





မရှုပ်တေးထွက်သွားမှ သူကျွန်တော့်ကို ပြုံးကြည့်ပြီး မေးတယ်။

" ဘယ်လိုလဲ။ အငယ်ကောင်လေး အိမ်ကိုပါလာရင် ချီအုံးမှာလား"

" ဒါပေါ့။ ချီရမှာပေါ့"

" အဲ့မှာ . . . "

" အငယ်ကောင်လေးကို ချီပြီး မရှုပ်တေးကို မှီထားလိုက်မယ်လေ။ ကြီးရင်မှီ ငယ်ရင်ချီတဲ့"

" ကိုကိုနော် "

ချွဲတဲတဲ လေသံနဲ့ အော်ရင်း ကျွန်တော် လက်ကို ဆွဲဆိတ်လို့သူ့လက်ကလေးကို ဖမ်းဆုပ်ထားလိုက်ရတယ်။

" အဲ့မှာ . . . မဟာဝါနဲ့ ကိုဟာဝါ ရှင်တို့က ဒီမှာလာပြီး အကြည်ဆိုက်နေကြတာပေါ့လေ"

" ဟယ် . . . အမေ"

" အမေလုပ်မနေနဲ့ ငါနင့်ကိုလိုက်ရှာတာ တစ်ရပ်ကွက်လုံးနှံ့နေပြီ။ အခွေဆိုင်ဆိုလို့လည်း ရောက်ခဲ့ပြီးပြီ။ လက်စသတ်တော့ ဒီမှာလာပြီး အကြည်ဆိုက်နေကြတာကိုး"

" မဟုတ်ပါဘူး အမေရယ် အမေ့တူက အအေးသောက်ပါအုံးဆိုတာနဲ့ပဲ . . . "

" ငါ့ကြောင့် အနှောင့်အယှက်ဖြစ်နေ ကြရင်လည်း ပြောပါ။ ငါကျိုက်ထိုပြန်ပါမယ်။ ဘယ့်နှယ့်အေ

www.burmeseclassic.com

www.burmeseclassic.com



. . . လင်လုပ်တဲ့ လူကလည်း မိုးလင်းကတည်းက အိမ်ထ ထွက်တယ်။ မိန်းမကလည်း အိမ်ကပ်တယ်မရှိဘူး။ ဒီကြားထဲ ကလေးကိုငါ့ပေးပြီး နှစ်ယောက်ထဲ ချိန်းတွေ့ရသေးသတဲ့"

ကြီးတော်က အော်ကြီးဟစ်ကျယ်နဲ့ပြောနေတာမို့ ဘေးဝိုင်းကလူတွေက ကျွန်တော်တို့ကို ကွက်ကြည့်ကြည့် လုပ်လာကြတယ်။

" မဟုတ်ပါဘူး ကြီးတော်ရယ်။ ကျွန်တော်ထ ကျွန်တော့်ကိစ္စနဲ့ ကျွန်တော်အပြင်ထွက်တာပါ။ ကြီးတော်ရှိလို့လည်း စိတ်ချလက်ချနဲ့ ထွက်နိုင်တာပေါ့။ ကြီးတော်မကြိုက်ရင် နောက်နေ့ မထွက်တော့ပါဘူး"

" ဟုတ်ပါတယ် အမေရဲ့ မီးလည်း သူနဲ့ချိန်းတွေ့တာမဟုတ်ရပါဘူး အခွေလာငှားရင်း သူထ အအေးသောက်ဖို့ ခေါ်လို့ပါ။ ကလေးအတွက်တောင်မှ . . .။ အဲ . . . ကလေး . . . ကလေးကော အမေ"

" ဟေ . . . ကလေးဟုတ်လား ဟဲ့ . . . အဲ့ဒါမှ မြတ်စွာဘုရား "

ကြီးတော်ဘုရားတလိုက်လို့ သူရောကျွန်တော်ပါ လန့်သွားပြီ ကမန်းကတန်းမေးလိုက်ကြတယ်။

" ကလေး . . . ကလေး ဘာဖြစ်လို့လဲ အမေ . . . ဟင် "

" ဘာမှမဖြစ်ပါဘူးဟဲ့။ အဲ . . . ဒါပေမယ့် . . . ဘယ်သူ့လက်ထဲထည့်ပေးခဲ့မိတယ် မသိဘူး"



" ရှင် "

" မိုးချုပ်ကတည်းက . . ကောင်းကောင်းမလန်းဘဲ ငိုကျနေလို့ အခုပဲ ငါနှင့်ကို လိုက်ရှာနေတာ မီးငယ်ရဲ့ လမ်းမှာ ကလေးကို ဘယ်သူချီခိုင်းခဲ့မိတယ်မသိဘူး။ ငါကလည်း နှင့်ကိုတွေ့ချင်ဇောနဲ့ ဆိုတော့၊ ကလေးကို ရုတ်တရက် မေ့သွားတယ်"

ကြီးတော်စကားကြောင့် ကျွန်တော်တို့ နှစ်ယောက် စလုံး ထူပူသွားတယ်။ ကြီးတော်က အခုတစ်လော . . . ဒီလိုပဲ။ ဟိုမေ့ ဒီမေ့နဲ့ မကြာခဏ မေ့လေ့ရှိတယ်။

ဒါပေမယ့် သူချစ်တဲ့ မြေးကိုတော့ မမေ့လောက် ဘူးလို့ ထင်ထားတာခုတော့ မြေးကိုပါ မေ့ပြီး ဘယ်သူ့ ပေးခဲ့မိတယ် မသိပါဘူးတဲ့ . . .။ နေရင်းထိုင်ရင်းကြားထဲက တိုယ့် ကလေးအပျောက်မခံနိုင်တဲ့ ကျွန်တော်က "ကြီးတော့်ဘယ်သူ့ဆီ ဝင်ခဲ့သေးသလဲ" လို့မေးတော့ သူဝင်ခဲ့တာတွေက အစုံပဲ။

ရွှေခြိုင့် စန္ဒာဝင်းထွန်း၊ မမွေးအပြင် အခွေဆိုင်လည်း ဝင်ခဲ့ပါသတဲ့. . .။ သူဝင်ခဲ့တဲ့လူတွေဆီတစ်ယောက်မကျန် လိုက်မေးတော့ . . . အားလုံးက ခေါင်းရမ်းပြကြတယ်။ တစ်ချို့က ကလေးရောပါလာရဲ့လား ကြီးတော်ရဲ့ဆိုလို့ ကျွန်တော်တို့တောင် ကြောင်တောင်တောင် ဖြစ်ကြရ ပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



မရွှေခြိုင့်ကတော့ "ပါလာပါတယ် ကျွန်မတောင်တွေ့လိုက်သေးတယ်" လို့ အခိုင်အမာဆိုတယ်။ ဒါပေမယ့် . . . ကျွန်တော့်သားပင်လယ်လေးကတော့ ကြားထဲကနေ ပျောက်ချင်းမလှပျောက်နေလေရဲ့။ ကျွန်တော်တို့အားလုံး မရွှေခြိုင့်အိမ်ရှေ့မှာ ရုတ်စုရုတ်စုနဲ့ ဘာလုပ်ရမှန်းမသိ ဖြစ်နေတုန်းမှာပဲ ကလေးငိုသံတစ်ခုကြားလိုက်ရတယ်။

" ဟော . . . အဲ့ဒါငါ့မြေးလေးအသံပဲ"

" ဟုတ်တယ် . . . သားလေးငိုတဲ့ အသံ အမေရဲ့"

ကြီးတော်နဲ့ ကျွန်တော့် မရွှေချော အပြန်အလှန် ပြောနေတုန်းမှာပဲ ကျွန်တော် တစ်ခု စဉ်းစားမိသွားပြီး အိမ်ထဲ အမြန်ပြေးပါတော့တယ်။

အိမ်ရောက်တော့ ကျွန်တော်ထင်တဲ့ အတိုင်း ကလေးက သူ့အိပ်ရာပေါ်မှာ အိပ်လျက်တန်းလန်းနဲ့ ငိုနေတာပါ။ ဖြစ်မှဖြစ်ရလေ ကြီးတော်ရယ်လို့သာ ကျွန်တော် ရေရွတ်လိုက်မိပါတယ်။

ကလေးကို အိမ်မှာသိပ်ထားခဲ့တာ မေ့ပြီးကလေး ပျောက်တယ်လို့ ထင်နေတာပါ။ ဒီကြားထဲ ဝါးတားတားမရွှေခြိုင့်ရဲ့ စကားကလည်း ကြီးတော်ကို ပိုပြီးထင်ယောင်ထင်မှားဖြစ်စေခဲ့ပုံပါပဲ။ ကျွန်တော် ခေါက်ချီမယ် အလုပ်မှာ ကလေးက အငိုတိတ်ပြီး ပြန်အိပ်သွားပါတယ်။

◈ ◈ ◈ ◈ ◈

အခန်း(၁၉)

" ဖြေလေကိုကိုရဲ့"

" ကိုယ်မဖြေပြီးပြီပဲ မီးရယ်။ စတွေ့ကတည်းက ချစ်ခဲ့တာပါလို့ "

" အဲ့မှာ . . . မပိုပါနဲ့"

" မီးထင်သလို အဲ့ဒီတုန်းက မချစ်ခဲ့ဘူးဆိုရင်တောင် အခုမချစ်ဘဲနေပါ့မလား မီးရယ်။ ကိုယ့်သားလေးရဲ့ အမေဟာ မီးဖြစ်နေပြီပဲ ချစ်တာပေါ့"

" ချစ်ရင် ကိုကို ဘာဖြစ်လို့ သဝန်မတိုတာလဲ"

သူနဲ့ ပတ်သက်ပြီး သဝန်မတိုတတ်တာကိုပဲ သူ့ခမြာကြိတ်မနိုင်ခဲမရဖြစ်နေပုံပါ။ ဒါကြောင့် . . . အချစ်နဲ့ သဝန်တိုမှုဟာ တိုက်ရိုက်ပတ်သက်ပေမယ့် . . . ချစ်တိုင်း သဝန်မတိုသလို သဝန်တိုတိုင်းအချစ်မဟုတ်ကြောင်း ရှင်းပြရတယ်။



www.burmeseclassic.com

www.burmeseclassic.com



" မီးကတော့ ကိုကိုနဲ့ ပတ်သက်ရင် သဝန်တိုတယ်။ ကိုယ့်ယောကျ်ားကို တစ်ခြားမိန်းမတစ်ယောက်က စေ့စေ့ကြည့်ရင်တောင် မခံချင်ဘူး"

သူ့သဘောထားအစစ်အမှန်ကို ထုတ်ဖော်လာလို့ ကျွန်တော် ပြုံးလိုက်မိပါသေးတယ်။ သူ ကျွန်တော့်အပေါ် အရင်ကလို သဝန်တိုမြဲ ဖြစ်ပေမယ့် . . . အရင်က လောက်တော့ မဆိုးတော့ပါဘူး။ စိတ်ကောက်တဲ့ကိစ္စကိုလည်း တတ်နိုင်သမျှ ဆင်ခြင်လာလို့ ခုဆို . . . စိတ်မကောက်တော့ သလောက်ပါပဲ။

အဲဒီအတွက် ကျွန်တော် စိတ်ချမ်းသာခဲ့ရပါတယ်။ အသေးအဖွဲထဖောက်တာလေးတွေတော့ အနည်းအကျဉ်းရှိတတ်ပေမယ့်၊ အဲ့ဒါလောက်ကိုတော့ ကျွန်တော် နားလည်ခွင့်လွှတ်နိုင်ခဲ့တယ်။

ခုဆို . . . ဟိုမေ့ ဒီမေ့ မေ့တတ်တဲ့ ကြီးဒေါ်ကြီးလည်း ကျိုက်ထိုပြန်သွားခဲ့ပြီမို့ ကျွန်တော်တို့ရဲ့ အိမ်ကလေးက တိတ်တိတ်ဆိတ်ဆိတ်ပါပဲ။ တစ်ချက် တစ်ချက် ပင်လယ်လေးရဲ့ အော်သံကိုတော့ ကြိုကြားကြိုကြား ကြားရတတ်ပါတယ်။

ဟိုနား ဒီနား ဆပ်တောက် ဆပ်တောက်နဲ့ ပြေးတတ်နေပြီဖြစ်တဲ့ ပင်လယ်လေးဟာ ကျွန်တော့်ကိုလည်း "တိုတို" လို့ ခေါ်တတ်နေပါပြီ။ တကယ်က . . . သူ့ခေါ် သလိုမျိုး "ကိုကို" လို့ လိုက်ခေါ်တာပါ။ သူ့ကိုလည်း ကျွန်တော့်လိုပဲ "မီး"လို့ ခေါ်တယ်။





ဒါပေမယ့် 'မီး' လို့ ပီပီသသမထွက်ဘဲ 'ရီး'လို့ ထွက်လို့ရယ်ရပါသေးတယ်။

" ကလေးက ကိုယ်နဲ့ တူလို့လား မသိဘူး။ ဉာဏ်ကောင်းတယ်ကွ"

ကျွန်တော်က အဲ့ဒီလို ချီးကျူးရင် သူက မဲ့ကာရွဲ့ကာနဲ့ ထောက်ခံတတ်တယ်။

" ဟုတ်မှာပါ။ ဟုတ်မှာပါ"

" အသားညိုပြီး မျက်ခုံးထူတာလည်း ကိုယ့်အတိုင်းပဲကွ"

" ဟုတ်မှာပါ၊ ဟုတ်မှာပါ"

" စည်းကမ်းရှိတာလည်း ကိုယ်နဲ့ တူတယ် "

" ဟုတ်မှာပါ၊ ဟုတ်မှာပါ"

" စိတ်ကောက်တတ်တာကတော့ မီးနဲ့ တစ်ပုံစံထဲပဲ"

" ဟုတ်မှာ . . အဲ . . . ဘာ . . . ဘာပြောတယ် "

ကလေးကို စိတ်ကောက်တယ်လို့ ဝေဖန်ရင် မကြိုက်သလို သူနဲ့တူတယ်လို့ပြောရင်လည်း မကြိုက်ဘူး ဒါပေမယ့် . . . ပင်လယ်လေးကတော့ . . . လိုချင်တာမရရင် သူ့လိုပဲ မှန်တေတေတဲ့ စိတ်ကောက်တတ်ပါတယ်။

" ငယ်သေးတော့ ဒီလိုပေါ့။ ကြီးလာရင်တော့ ကောက်တော့မှာမဟုတ်ပါဘူး "

သူက အကောင်းမြင်စွာ အဲ့ဒီလိုပြောတော့သလို သူ့စကားကိုလည်း ကျွန်တော်က ယုံကြည်စွာ လက်ခံပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိဘတိုင်းက ကိုယ့်သားသမီးကို အကောင်းဆုံးမျှော်လင့်ထား တတ်ကြတာမျိုးမဟုတ်လား။

ဒါကြောင့် . . . ပင်လယ်လေးကို အကောင်းဆုံး ဖြစ်စေဖို့ ကျွန်တော် စာတွေကို ဖိရေးရပါတယ်။ မဂ္ဂဇင်းတိုက်တစ်တိုက်မှာ အယ်ဒီတာယောင်ယောင် ဝင်လုပ်ပေးပြီး၊ တစ်ဖက်ကလည်း ရုပ်ရှင်ဇာတ်ညွှန်းလေးတွေ ရံဖန် ရံခါရေးပေးရတတ်တယ်။

သူကတော့ အဝေးသင်နောက်ဆုံးနှစ်စာမေးပွဲဖြေဖို့ အနီးကပ်သင်တန်းတွေတက်နေလေရဲ့။ တစ်ပတ်မှာ လေးရက်တက်ရတဲ့ သူ့သင်တန်းအတွက် မနက် ကိုးနာရီလောက် အိမ်ကထွက်ရင် ညနေလေးနာရီလောက်မှ အိမ်ပြန်ရောက်တတ်တယ်။

အဲ့ဒီရက်တွေဆိုရင် သူက ထမင်းဟင်းချက်လေ့ မရှိတာမို့ ကျွန်တော်တို့ သားအဖနှစ်ယောက် ဖြစ်သလိုပဲ ဆိုင်မှာ ဝယ်စား လိုက်တယ်။ ပင်လယ်လေးကတော့ ရွှေခြိုင့်တို့အိမ်မှာ အများဆုံးစားပါတယ်။ ကလေးတ အဲ့ဒီအိမ်မှာ ပျော်နေတာမို့ လွတ်လွတ်လပ်လပ် စာရေးချင်ပြီဆိုရင် ရွှေခြိုင့်လက်ထဲ ကလေးကို ဝကွက်အပ်လိုက်တာပါပဲ။

အဲ့ဒီရက်တွေဟာကျွန်တော့်အတွက်နားအေးပါး အေးနဲ့ စိတ်အေးချမ်းသာရက်တွေလို့ ဆိုရမှာပါ။





" ကိုရဲတို့များ မိန်းမနဲ့ အဆင်ပြေနေတော့ လက်ဘက်ရည်ဆိုင်တောင်ထွက်ဖော်မရတော့ဘူး"

အိမ်ထဲမှာ စာဖိရေးနေတဲ့ ကျွန်တော့်ကို ကျော်အောင်မော်တို့ စိုင်းလားရှိုးတို့က ခနဲ့တဲ့တဲ့ ဆိုကြပါသေးတယ်။

" ဇာတ်ညွှန်းတစ်ခုရေးပေးနေရလို့ပါဗျာ။ ကိုကျော်အောင်မော့် မိန်းမကော လည်ပင်းညှစ်သေးလားဗျ"

" မညှစ်တော့ဘူး "

" တယ်ဟုတ်ပါလား"

" လည်ပင်းမညှစ်ဘဲ ဗိုက်ခေါက်ကိုပြောင်းပြီး လိမ်ဆွဲနေတယ်ဗျာ"

ဗိုက်ခေါက်ဆိုတာ လည်ပင်းနဲ့ စာရင်တော်သေးတာမို့ အခြေအနေတိုးတက်လာပြီလို့ ဆိုရမှာပါ။ ကျော်အောင်မော်က . . . "ခင်ဗျား . . . မိန်းမကို ဘယ်လိုများ ကိုင်တွယ်လိုက်တာလဲဗျာ၊ ကျွန်တော့်ကိုလည်း နည်းလမ်းလေးပေးစမ်းပါအုံး " . . ဆိုပြီး အထင်တကြီး လေသံနဲ့ ပြောလာလို့ ကျွန်တော် ဘဝင်တွေဘာတွေတောင် မြင့်သွားရပါသေးတယ်။

" အမှန်အတိုင်းဝန်ခံရရင် ကျွန်တော် ကိုင်တွယ်လိုက်လို့ မဟုတ်ပါဘူး။ သူ့ဘာသာ ပြောင်းလဲသွားတာပါ။ ကြည့်ရတာ . . . ဟိုတစ်ခေါက



www.burmeseclassic.com

www.burmeseclassic.com

သုံးလေးရက်လောက် စကားမပြောဘဲ နေလိုက်လို့ ကြောက်လန့်ပြီး ပြောင်းလဲသွားတယ်ထင်တာပဲ"

" ဘာကြောင့်ပဲပြောင်းပြောင်း၊ ပြောင်းလဲသွားတာကို တော်တယ်လို့ ခေါ်ရမှာပေါ့"

"သိပ်လည်းအထင်ကြီးမနေနဲ့ အုံးကိုကျော်အောင်မော်ရဲ့ ဘယ်လောက်ကြာကြာခံမလဲ စောင့်ကြည့်ရအုံးမယ်"

စိတ်မချသံနဲ့ ပြောလိုက်တဲ့ ကျွန်တော့်ကို ကျော်အောင်မော်ကော စိုင်းလားရှိုးကပါ

" ခုလောက်ကြာကြာ လိမ္မာနေမှတော့ လိမ္မာပါပြီဗျာ။ စိတ်ဆိုးစိတ်ကောက်တာတွေလုပ်တော့မှာ မဟုတ်ပါဘူး"

နှစ်ယောက်စလုံးက တညီတညွတ်တည်း မှတ်ချက်ပေးကြတယ်။ သူတို့မှတ်ချက်ချတဲ့အတိုင်း ဖြစ်ပါစေလို့ ကျွန်တော်လည်း ဆုတောင်းနေမိပါတယ်။

◈ ◈ ◈ ◈ ◈



" ဟော . . . နောက်ကျလှချီလား။ ကျွန်မက ဆရာမလာတော့ဘူးတောင် ထင်နေတာ"

" နောက်ကျဆို မနက်က လက်ဘက်ရည်တွေ သောက်တာများသွားလို့ မာလာရေ . . ."

" ထုံးစံအတိုင်း ဝက်သားဟင်းပဲ မဟုတ်လား ထည့်လိုက်တော့မယ်နော် "

ထမင်းဆိုင်ဆိုပေမယ့် မာလာတို့ ဆိုင်က သန့်သန့်ပြန့်ပြန့်မို့ အခုတစ်လော အဲ့ဒီဆိုင်မှာပဲ ကျွန်တော် အစားများတယ်။ ကျွန်တော့် မဟေသီလေးရဲ့ ရာသီဥတုသာယာနေတာကြောင့်လည်းပါပါတယ်။

အရင်ကဆို အဲ့ဒီဆိုင်မှာ စားတိုင်းသူကအမြဲ မှုံချိုးမြစ်ချိုး ပြောလေ့ရှိတယ်။

" ဟိုက . . . အပင်းတွေထည့်ကျွေး နေတာကို သာယာနေတာ မဟုတ်လား" . . . တို့ . . . ။ "မီးလည်း


www.burmeseclassic.com

www.burmeseclassic.com

ဝက်သားဟင်းကောင်းကောင်း ချက်တတ်ပါတယ်နော် . . .''တဲ့။

အခုတော့ အဲ့ဒီလို သိပ်မပြောတော့တဲ့အပြင်၊ သူလည်း စိတ်ကောက်တာကို ဆင်ခြင်သွားတာမို့ ကျွန်တော် အဲ့ဒီဆိုင်မှာ စားရဲတာပါ။ ဒါတောင် အမြဲတမ်း မဟုတ်ဘဲ တစ်ခါတစ်လေ တစ်ခြားဆိုင်မှာ ပြောင်းစားပါသေးတယ်။

ကျွန်တော် ထမင်းစားနေတုန်း မာလာက ကျွန်တော့်စားပွဲမှာလာထိုင်တယ်။

'' ဆရာ့ကို မေးမယ်။ မေးမယ်နဲ့ မေးဖို့ လုပ်နေတာကြာပြီ။ အခုမှပဲ မေးရတော့မယ်''

'' ဘာများလဲ မာလာရဲ့။ မေးစရာရှိရင် မေးလေ။ ''

'' ဟိုလေ . . . စာကို ဘယ်လိုရေးရသလဲဆရာ။ ဝတ္ထုတွေဘာတွေ ပြောတာ''

'' ဪ . . . ဒါလား ဘယ်ဘက်ကနေ ညာဘက်ကိုရေးလေ''

'' ရှင် ''

ကျွန်တော့် စကားအပေါ် ခပ်ကြောင်ကြောင် ဖြစ်နေတဲ့ သူ့ကို ကြည့်ရင်း ကျွန်တော် ပြုံးလိုက်တယ်။ မာလာက စာရေးတာ ဝါသနာပါလို့လား '' ဆိုပြီး ကျွန်တော့်မေးတော့ သူခေါင်းညိတ်တယ်။ ဝတ္ထုတို သုံးလေးပုဒ်တောင် စမ်းရေးဖူးပါသတဲ့။





ဒီတော့မှ . . . သူကျွန်တော့်အပေါ် တလေး တစား ဖြစ်နေရတဲ့ အကြောင်းအရင်းကို ကျွန်တော် သဘောပေါက်သွားတော့တယ်။ စာရေးဆရာနဲ့ စာရူးပေရူးဆိုတာ လင်းတနဲ့ အပုတ်အစပ်လိုပဲ။ သိပ်ပြီးသင့်မြတ်တာမျိုးပါ။

ကျွန်တော်က ဝတ္ထုတိုကို ဘယ်လိုရေးသင့်ကြောင်း၊ စာမျက်နှာဘယ်နှစ်မျက်နှာရေးသင့်ကြောင်း ရှင်းပြတဲ့အခါ သူက စိတ်ဝင်တစား နားထောင်းရင်း ကျွန်တော့် ဟင်းပန်းကန်ထဲကိုလည်း ဟင်းဖတ်တွေ ထပ်ထပ်ထည့်ပေးပါတယ်။

ဒီနေရာမှာ ကျွန်တော် သူ့ကို ရှင်းပြတာဟာ စားကောင်းသောက်ကောင်းအောင် မဟုတ်သလို၊ မျက်နှာလိုချင်လို့လည်း မဟုတ်ပါဘူး။ စာရေးဆရာတိုင်းဟာ စာပေဝါသနာရှင်တွေကို လမ်းညွှန်အကြံပေး တတ်ကြတဲ့အတိုင်း ကျွန်တော်လည်း တတ်နိုင်တဲ့ ဘက်ကကူညီလိုက်တာပါ။

ဝတ္ထုတိုတွေ စမ်းရေးကြည့်ဖို့တောင် တိုက်တွန်းလိုက်မိပါသေးတယ်။

'' ကျွန်မကို ရေးပြီးရင် ဘယ်မဂ္ဂဇင်းတွေပို့လို့ရသလဲ ဆရာ ''

'' အရင်ဆုံး ရေးကြည့်လိုက်ပါအုံး။ ရေးပြီးလို့ စိတ်တိုင်းကျပြီဆိုရင် ပေးဖတ်ကြည့်လေ။ ဖတ်ကြည့်ပြီး


www.burmeseclassic.com

www.burmeseclassic.com



ဘယ်မဂ္ဂဇင်းနဲ့ သင့်တော်သလဲဆိုတာ အကြံပေးမယ်။ ကျွန်တော် ကူလုပ်ပေးနေတဲ့ မဂ္ဂဇင်းမှာသုံးလို့ရရင်လည်း သုံးပေးမယ်"

ကျွန်တော့်စကားကြောင့် မာလာတော်တော် စိတ်ခါတ်တက်ကြွသွားပုံပါပဲ။"ရေးမယ်ဆရာ။ အမြန်ဆုံးရေးပြီး ဆရာ့ကို ပေးဖတ်မယ်"လို့ အားတက်သရော ပြောလာပါတယ်။

◈ ◈ ◈ ◈ ◈



## အခန်း (၂၀)

" ကိုယ်လိုက်စောင့်ပေးမယ်လေ "

စာမေးပွဲသွားဖြေဖို့ ပြင်ဆင်နေတဲ့ သူ့ကို ကျွန်တော်လှမ်းပြောတော့ သူက ခေါင်းရမ်းတယ်။

" မလိုပါဘူး ကိုကိုရဲ့။ မီးဖြေရမယ့် ကျောင်းကို တိုနေ့က သူငယ်ချင်းတွေနဲ့ သွားကြည့်ထားပြီးသားပါ။ ကောင်းကောင်း သွားတတ်တယ်။

သူတို့ အဝေးသင်နောက်ဆုံးနှစ်ကို မြို့နယ် အထက်တန်းကျောင်းတွေမှာ ဖြေရမှာမို့၊ ကျွန်တော်က စိတ်မချစွာလိုက်စောင့်ဖို့ ပြောလိုက်တာပါ။

" ဒါဖြင့် ကိုယ်မလိုက်လည်းဖြစ်တယ်ပေါ့"

" ဖြစ်တယ်။ သူငယ်ချင်းတွေနဲ့ဆိုတော့ ကိုကို လိုက်လည်း မလွတ်မလပ်ဖြစ်နေမှာ။ ပြီးတော့ . . . သူတို့က အမျိုးလေးတွေ ကိုကိုရဲ့"

" အဲ့ဒါနဲ့ . . . ဘာဆိုင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

" ဆိုင်တာပေါ့ ။ တော်ကြာရှင်ကြီးထ ရင်တွေဘာတွေခုန်နေရင် ဘယ့်နှယ့်လုပ်မလဲ။ နောက်ပြီး . . . မီးက သူတို့နဲ့တွဲပြီး အပျိုလိုလို ဘာလိုလိုနဲ့ စတားလုပ်နေတာလေ. . . ဟဲဟဲ "

" ဒီရပ်ကွက်ထဲမှာတော့ ခင်ဗျားတို့ ကလေးတစ်ယောက်အမေမှန်း အားလုံးသိကြပါတယ်ဗျား အဲ့ဒီတော့ . . . ကျွန်တော် ကားဂိတ်အထိ လိုက်ပို့ပေးမယ် ဟုတ်ပြီလား "

ကျွန်တော်တို့နှစ်ယောက် အိမ်လေး သော့ပိတ် ကလေးကို မရွှေချိုင့်ဆီ ဝကွက်အပ်ပြီး ကားဂိတ်ကို ထွက်လာ ကြတယ်။ လမ်းမှာ ဟိုလူ့ပြုံးပြ ဒီလူ့နှုတ်ဆက်လုပ်ရင်း အနေ တလောရောင်းအားကျနေတဲ့ သူ့ဆိုင်လေးကို ဈေးဝယ် တွေလာရင်ကူရောင်း ထားပေးဖို့ တတွတ်တွတ်မှာပါတယ်။

ကားဂိတ်မှာကားစောင့်နေတုန်း မြို့ထဲ ပြန်လာပုံရတဲ့ မာလာက ကျွန်တော်တို့ကို တွေ့လို့လှမ်း နှုတ်ဆက်တယ်။

" မမီးဘယ်လဲ "

" ဩော် . . . စားမေးပွဲ သွားဖြေမလို့"

" ဆရာပါ . . . လိုက်စောင့်ပေးမှာပေါ့ ဟုတ်လား"

" မဟုတ်ဘူး ကျွန်တော်က ကျန်ခဲ့မှာ . . . "





" ဒါဆို . . . ဆိုင်မှာ ထမင်းလာစားမှာပေါ့။ အတော်ပဲ ဆရာလာရင် ကျွန်မပြစရာတစ်ခုရှိတယ်"

မာလာက စကားကို အရင်းမရှိ၊ အဖျားမရှိနဲ့ တုံးတိတိပြောရင်း ကျွန်တော်တို့ကို နှုတ်ဆက်ပြီး ထွက်သွားပါတယ်။ ဆံပင် ရှည်ရှည်တွေကို ဆတ်ခနဲခါရမ်းရင်း မာလာ ထွက်သွားတယ်ဆိုရင်ပဲ သူက ကျွန်တော့်ကို စေစောင်းစောင်း လှမ်းကြည့်ပါတော့တယ်။

" အဲ့ဒါ ဘာအစီပွါယ်လဲ "

" ဘာလဲ မီးရဲ့ "

" ပြစရာတစ်ခုရှိတယ်ဆိုတာလေ"

သူလည်း ကျွန်တော့်လို " ပြစရာ တစ်ခု " ဆိုတဲ့ စကားအပေါ် မအီမလည် ဖြစ်နေပုံပါပဲ။

" ကိုယ်လည်း ဘယ်သိပါ့မလဲ မီးရဲ့ "

" မသိဘဲနဲ့ သူက ဘာကိုပြချင်ရတာလဲ။ ဘာများပြစရာရှိနေလို့လဲ။ ကိုကိုတို့ချင်း တစ်ခုခုတော့ အချိတ်အဆက်ရှိရမယ်"

" မရှိပါဘူး မီးရဲ့။ ကိုယ့်စိတ်ထင်တော့ ဝတ္ထုတွေဖြစ်မယ် ထင်တာပဲ"

" ဘာဝတ္ထုလဲ "

" သူ ဝတ္ထုတိုလေးတွေ ရေးထားတယ်တဲ့။ အဲ့ဒါပြီး ကိုယ့်ဆီက အကြံဉာဏ်တောင်းမလို့နဲ့ တူတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားဆုံးတော့ သူမှုန်ကုတ်ကုတ်ဖြစ်သွားပြီး၊ နားလည်ရခက်တဲ့ မျက်လုံးတွေနဲ့ ကျွန်တော့်ကို တစ်ချက်ကြည့်တယ်။ သူ့အကြည့်က ကျွန်တော့် မျက်နှာပေါ်မှာ အဖြေတစ်ခုခုရှာတဲ့ အကြည့်မျိုးနဲ့ ခပ်ဆင်ဆင်တူတယ်။

ညံ့ဖျင်းလှတဲ့ ကျွန်တော်ဟာ သူ့အကြည့်ကို အဓိပ္ပါယ်မဖော်နိုင်ခဲ့ပါဘူး။ ဒါကြောင့်လည်း . . . မာလာရဲ့ ဝတ္ထုတိုတွေကို ကျွန်တော်က ဝေဖန် အကြံပေးခဲ့မိတာပါ။

◈ ◈ ◈ ◈ ◈



ထမင်းဆိုင်ကို ကျွန်တော် ရောက်သွားတော့ မာလာရဲ့ ပြစရာဆိုတာက ကျွန်တော်ထင်တဲ့အတိုင်း ဝတ္ထုတို တစ်ပုဒ်ပါ။ သူ့ခမြာတော်တော့်ကို ကြိုးစားပန်းစားရေးထားရပုံပါပဲ။ ဆရာဖတ်ကြည့်ပါအုံးဆိုလို့ ကျွန်တော် ဖတ်မယ်လုပ်တော့။

" အိမ်ရောက်မှ အေးအေးဆေးဆေးဖတ်ပါ။ ဒါ. . . ဆရာဖတ်လို့ရအောင် ကျွန်မ အချောပြန်ကူးထားတာ"

သူ့စကားကြောင့် ထမင်းကို စိတ်ဖြောင့်ဖြောင့် စားလိုက်တယ်။ ထမင်းဘိုးရှင်းတော့ မာလာက မယူပါဘူး။ ဆရာက ကျွန်မဝတ္ထုကို အချိန်ကုန်ခံပြီး ဝေဖန်ပေးရမှာ ဒီတစ်ရက်တော့ ကျွန်မကျွေးပါရစေ. . . ဆိုလို့ ကျွန်တော် ထမင်းဘိုးသက်သာ သွားရတယ်။

အိမ်ရောက်လို့ သူ့ဝတ္ထုဖတ်ကြည့်တော့ ဝတ္ထုနေ့ခါစ နှစ်ဆယ်ကျော်မိန်းကလေးတွေရဲ့ ထုံးစံအတိုင်း အချစ်ဝတ္ထု



www.burmeseclassic.com

www.burmeseclassic.com



သက်သက်ဖြစ်နေတဲ့ အပြင် အရေးအသားကလည်း ညံ့ဖျင်းလှပါတယ်။

ဒါကြောင့် နောက်တစ်နေ့ အားနာပါးနာနဲ့ပဲ ကျွန်တော် အားမရတဲ့ အချက်တွေထောက်ပြတော့ သူက စိတ်မပျက်တဲ့အပြင် နောက်တစ်ခါ အသစ်ပြင်ပြီး ရေးကြည့်မယ်လို့ဆိုတယ်။

အဲ့ဒီရက်တွေ အတွင်း ကျွန်တော့်ရဲ့ ချစ်လှစွာသော အကြောကောက်ကလေးဟာ စာမေးပွဲ သွားဖြေလိုက်၊ ပြန်လာရင် စာကျက်လိုက်နဲ့ စက်ရုပ်တစ်ရုပ်လိုပါပဲ။ ကျွန်တော့် အပေါ် စကားနည်းလာတဲ့အပြင် တစ်ခါတစ်ခါ ခပ်ဆန်းဆန်း အကြည့်တွေနဲ့ စိုက်ကြည့် တတ်ပါသေးတယ်။

အရိပ်သုံးပါးနားမလည်တဲ့ ကျွန်တော်ဟာ လူကဲခတ်လည်း ညံ့လှတာမို့ သူ့ရင်ထဲမှာဘာတွေရှိနေသလဲလို့ နည်းနည်းမှ မစဉ်းစားခဲ့မိဘူး။

လက်ခံထားတဲ့ ဇာတ်ညွှန်းတစ်ခု အချိန်မီပြီးအောင် စာရေးလိုက်၊ စာဖတ်လိုက် ဈေးဝယ်တဲ့ လူလာရင် ဈေးပြေးရောင်းလိုက် ကလေးဝေယျာဝစ္စလုပ်လိုက်နဲ့ ကျွန်တော့် ဘာသာတစ်ယောက်တည်းအလုပ်ရှုပ်နေခဲ့တာပါ။ ညနေစောင်းရင်တော့ သူ လွတ်လွတ်လပ်လပ် စာကျက်လို့ရအောင် ကလေးကို မရွှေခြိုင့်တို့အိမ်ပို့ပြီး ကျော်အောင်မော်တို့နဲ့ အတူတူ ညနေညနေ စည်တယ်လေ . . . သွားလုပ်ပါတယ်။





ဒါကိုပဲ . . . သူက ကျွန်တော်မိုးချုပ်ရင် ပျောက်ပျောက်သွားတယ်လို့ ထင်နေခဲ့ပုံပါပဲ။ ဒါကြောင့်လည်း စာမေးပွဲပြီးတဲ့အခါ သူ့မှာ အောင့်လုံးတွေတော်တော်များများ စုမိဆောင်းမိဖြစ်နေခဲ့တာပါ။

◈ ◈ ◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ဇာတ်ညွှန်းသွားအပ်ပြီး၊ ဇာတ်ညွှန်းခရလာလို့ ဒင်းကလေး ကြိုက်တတ်တဲ့ ဘဲကင်တစ်ကောင်ဆွဲပြီး အိမ်ပြန်လာတဲ့ ကျွန်တော်ဟာ အိမ်ပေါက်ဝရောက်တယ် ဆိုရင်ပဲ တုံ့ခနဲဖြစ်သွားတယ်။

အိမ်ပေါ်ကလွင့်ပျံ့လာတဲ့ ဒင်းကလေးရဲ့ အသံစာစာကြောင့်ပါ။

" မရွှေခြိုင့်စဉ်းစားကြည့် ကျွန်မလည်း ဝက်သားဟင်းချက်တတ်ပါတယ်။ အချိုချက်မလား အစပ်ချက်မလား။ တရုတ်ဆိုင်ကလို ချိုချဉ်လေးချက်ပေးရ အုံးမလား။ ဖြစ်ပါတယ်။ ကျွန်မဟင်းဆိုရင် ကောင်းတယ် တစ်ခွန်းမပြောဘူး။ ဟိုဆိုင်က ဝက်သားဟင်းဆိုရင်တော့ သူ့မှာ သွားရည်တမြားမြားနဲ့။ အဲ့ဒီကတည်းက ကျွန်မထင်နေသားပဲ"





မြတ်စွာဘုရား . . . ဒါ ကျွန်တော့်ကို ရည်ရွယ်နေတာပါလား။

ဘဲကင်ထုပ်လေးကိုင်ရင်း အိမ်ပေါ်ဆက်တက် ရမလား။ လှည့်ပဲ ထွက်သွားရင်ကောင်းမလား ကျွန်တော် ဇဝေဇဝါဖြစ်သွားတယ်။ ရာသီဥတု ကောင်းမွန်ကြောင်း မိုးလေဝသ ကြေညာချက်ကို နားထောင်ထားပြီးပါလျက် ဆူနာမိနဲ့တွေ့လိုက်ရတဲ့ မာလိန်မှူးကို ကျွန်တော် ကြောင်သွားတယ်။

အဲ့ဒီအချိန်မှာ ကျွန်တော့်ကို လှမ်းမြင်သွားတဲ့ ပင်လယ်လေးက "တိုတို" လို့ ဝမ်းသာအားရအော်လိုက်လို့ ကျွန်တော် ရောက်နေတာ သိသွားပြီး သူ့စကားသံ ရပ်သွားတယ်။ ကျွန်တော်လည်း အချိန်ဆွဲလို့ မကောင်းတော့တာနဲ့ အိမ်ပေါ်ကို တက်လာခဲ့ရတယ်။

ခြေလှမ်းတွေက မိုင်းကွင်းထဲ ဖြတ်လျှောက်ရတဲ့ ကျောင်းဆင်းခါစ စစ်သားတစ်ယောက်ရဲ့ ခြေလှမ်းတွေလို မလှမ်းချင် လှမ်းချင်နဲ့ပါ။ ကျွန်တော် အိမ်ပေါ်ရောက်တော့ သူက ကျွန်တော့်ကို မကြည့်ဘဲ မျက်နှာလွှဲထားတယ်။ မရွှေခြိုင့်ကတော့ အန္တရာယ်ရဲ့ အငွေ့အသက်ကို ရထားတဲ့ ယုန်ကလေးလို မျက်စေ့ မျက်နှာပျက်ပြီး ဂနာမငြိမ် ဖြစ်နေတယ်။

" အိမ်မှာ ထမင်းအိုးတန်းလန်းကြီးနဲ့ ပြန်အုံးမှပဲ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ထဲပြန်တာမဟုတ်ဘဲ ကျွန်တော့်သားပင်လယ်လေးကိုပါ ခွေ့ခနဲကောက်ချီပြီး ခေါ်သွားတာပါ။ ဒါဆိုရင်တော့ မုန်တိုင်းရဲ့ ပြင်းအား အဆင့်က မသေးကြောင်း ကျွန်တော် သဘောပေါက်လိုက်တယ်။

" မီး ဘာဖြစ်နေတာလဲ "

" ဘာဖြစ်တယ် ထင်လို့လဲ"

အသံကမာရေကျောရေနဲ့ပါ။ သံပြားပေါ်လောက်စလုံးနဲ့ ဖစ်ရင်တောင် သူ့လောက်မာမယ်မထင်ဘူး ကျွန်တော်ဘဲ ကင်ထုပ်လေးကို မြှောက်ရင်း ပြောလိုက်တယ်။

"ဟောဒီမှာ မီးကြိုက်တဲ့ ဘဲကင်ဝယ်လာတယ်"

" ရှင့်ဟာမ သွားကျွေး "

" ဘယ်သူ . . . "

" ရှင့်ဟာမလေ . . . ဆံပင်ရှည်ရှည် ပိန်ကပ်ကပ်နဲ့ တစ်ယောက်ကို ပြောတာ ခုမှ . . . မသိချင်ယောင်ဆောင်မနေနဲ့"

သူမာလာ့ကိုပြောနေမှန်း ကျွန်တော်သိပါတယ်။ ဘာကြောင့် မာလာနဲ့ စွပ်စွဲနေမှန်းသာ နားမလည်တာပါ။ အဲ့ဒီအချိန်မှာပဲ သူက စတင် ဖောက်ခွဲပါတော့တယ်။

" ဟိုရက်တွေကတည်းက ပြောချင်နေတာ။ စာမေးပွဲရှိနေလို့ အောင့်အီး သည်းခံနေခဲ့ရတာ။ ရှင်နဲ့မာလာ့အကြောင်းကို မသိဘူးလို့ မထင်နဲ့"



" ဟ . . . ဘာလိုင်းကြီးပါလား မီးရယ်။ ကိုယ်တို့နှစ်ယောက်က ဘာဖြစ်လို့လဲ မီးမကြိုက်မှန်းသိလို့ ကိုယ်တောင် သူတို့ဆိုင်ဘက် မရောက်တာ သုံးလေးရက်ရှိပြီ"

" သိပါတယ်။ ဒါကြောင့်လည်း . . . ဟိုက မတွေ့ရရင် မနေနိုင်လို့ စာပေးလိုက်တာဖြစ်မှာ"

" ဘာစာလဲ။ ဘယ်သူက ပေးတာလဲ. . . "

" ဟင်း . . . ဟင်း သိပ်ပြီး သိချင်သွားတယ်ပေါ့လေ။ သိရမှာပါ။ မရွှေခြိုင် သမီးအကြီးနဲ့ လူကြုံထည့်ပေးလိုက်တဲ့စာက ဒီကိုတန်းတန်းမတ်မတ်ရောက်လာတယ်။ ရော့ . . . ကိုယ့်ဘာသာ ဖတ်ကြည့်"

သူ့လက်ထဲကလုံးကြေနေတဲ့ စာရွက်လုံးကလေးနဲ့ ကျွန်တော့် ရင်ဘတ်ကို ပစ်ပေါက်ပေးတယ်။ စာကိုဖြန့်ဖတ်လိုက်တော့ မာလာ့ဆီက စာဖြစ်နေတယ်။ ကျွန်တော့် မဟေသီရဲ့ စနက်တံကို မီးတောက်စေခဲ့တာကတော့ ဒီစာပါပဲ။

. . . ဆရာ

အားရင်ဆိုင်ဘက်လာခဲ့ပါဦး။ " အချစ်ဆုံး" ဆိုတာ ခေါ်လို့မကောင်းဘူး။ ကလက်တယ်ဆိုရင် ကျွန်မ ဘယ်လိုနာမည် ပြောင်းသင့်သလဲ အကြံပေးပါအုံး။

သေချာတယ်။ ဒီစာကြောင့် အခြေအနေတွေက ရှုတ်ထွေးကုန်ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



" ဘယ်လိုလဲ။ စာကိုဖတ်လို့ မရနိုင်တော့ဘူးလား"

" မဟုတ်ပါဘူး။ ကိုယ်စဉ်းစားနေတာပါ"

" သိပါတယ်။ ဘယ်လိုလိမ်ရင်ကောင်းမလဲ အကြံထုတ်နေတာ မဟုတ်လား"

" မဟုတ်ပါဘူး။ မီးရယ်။ မီးကို ရှင်းပြဖို့စဉ်းစားနေတာ။ ဒီစာထဲမှာ ပါတဲ့အချစ်ဆုံး ဆိုတာ မာလာရဲ့ ကလောင်နာမည်။ အဲ့ဒီ နာမည်ကြီးက ကလက်တယ်ဆိုပြီး ကိုယ်က တခြားနာမည်ပြောင်းခိုင်းထားတာ။ မီးမယုံရင် အဲ့ဒီ ကလောင်နာမည်နဲ့ သူရေးထားတဲ့ ဝတ္ထုကို တစ်ပုဒ် ကိုယ့်ဆီမှာရှိတယ် မီးဖတ်ကြည့်"

" မလိုပါဘူး ဖတ်ပြီးပါပြီ။ သက်ဆိုင်သူရှိတဲ့ ယောကျ်ားတစ်ယောက်ကို တြိတ်ကြိုက်နေတဲ့ မိန်းမ တစ်ယောက်ရဲ့ ဇာတ်လမ်းလေဘာတဲ့ . . .။ ကိုကြီးနဲ့ သူမမတွေ့ခင်ကတည်းက ကိုကြီးကို ကျွန်မ ချစ်ခဲ့တာပါတဲ့။ ဟင်းဟင်း . . . သနားစရာပဲ။ အဲ့ဒီဝတ္ထုတင် မဟုတ်ဘူး . . . ရှင်တို့ချင်း ချိန်းထားတဲ့စာကိုလည်း တွေ့ပြီးပြီ။ ညရှစ်နာရီ အအေးဆိုင်က စောင့်နေပါဆိုတဲ့ စာလေ။ ဒါကြောင့် ရှင်ကြီး ညဘက်တွေပျောက်နေတာ ဖြစ်မှာ"

" မဟုတ်ပါဘူး မီးရယ်။ အဲ့ဒီစာကလည်း မာလာရဲ့ စာမဟုတ်ပါဘူး"

" ဒါဖြင့် . . . ဘယ်သူ့စာလဲ"





" အဲ့ဒါ စန္ဒာဝင်းထွန်းရေးတာ"

" ဩော် . . . ရှင်က စန္ဒာဝင်းထွန်းနဲ့ပါ မရှင်းမရှင်းပေါ့လေ"

ခက်တော့တာပဲ အခြေအနေကတော့ ရှင်းလေ ရှုတ်လေဆိုသလိုမျိုးပါ။ မုန့်လုံးကို စက္ကူကပ်ရင် ဂျာအေးကို သူ့အမေ ရိုက်နေသလိုပါပဲ။ အဲ့ဒီစာက သူကျွန်တော့်ကို ချိန်းတုံးက သူ့ကိုယ်စား စန္ဒာဝင်းထွန်းရေးပေးတဲ့ စာဖြစ်ကြောင်းရှင်းပြရသလို၊ မာလာနဲ့ ကျွန်တော်နဲ့ ဘာမှမပတ်သက်ကြောင်းလည်း ရှင်းပြရမယ်။

ဒါပေမယ့် သူက ကျွန်တော့်စကားကို မယုံဘဲ မာလာနဲ့ပဲ တစ်ဖက်သတ်စွပ်စွဲနေတာမို့ ကြာတော့ ကျွန်တော်စိတ်ရှုတ်ရှုတ်နဲ့

" ဒါဖြင့်လည်း . . . မင်းထင်ချင်သလို သာ ထင်တော့ကွာ"

လို့ပြောပြီး အပြင်ကိုထွက်လာခဲ့တယ်။

လက်တလောပြဿနာကို ဘယ်လိုရှင်းရမလဲ စဉ်းစားမရတာနဲ့ စိတ်ပြေလက်ပျောက်သဘော လက်ဘက်ရည်ဆိုင်ကို ထွက်လာခဲ့ပါတယ်။ စိတ်ရှုတ်လို့ တမ်းနားသွားထိုင်ကာမှ စိတ္တဇဝေဒနာသည်ဆွဲတဲ့ စိတ္တဇပန်းချီကား ရေထဲမြောလာတာနဲ့ သွားဆုံသလိုပါဘဲ။ သူနည်းသူဟန်နဲ့စိတ်ရှုပ်လာပုံရတဲ့ မာလာ့အမေကြီးနဲ့ တည့်တည့်သွားတိုးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

"အတော်ပဲ ကိုရဲ အန်တီ ပြောစရာရှိလို့"

"ဘာများလဲ အန်တီ"

"အန်တီတို့ ရပ်ကွက်ထဲမှာ နေလာတာကြာပါပြီကွယ် ငွေတိုးချေးမစားဘူး၊ သူများဆီကလည်း ငွေမချေးဘူး ကောင်းရောင်းကောင်းဝယ် လုပ်စားပြီး ကိုယ့်ဂုဏ်သိက္ခာနဲ့ကိုယ်ရပ်တည်လာတာပါကွယ်"

"ဟုတ်ကဲ့ ကျွန်တော်သိပါတယ် အန်တီ"

"အဲ့ဒါကွယ် အိမ်ရှေ့မှာလာပြီး ခုနစ်သံချိုနဲ့ အော်တာဆဲတာ ရန်တွေ့တာခံရတာကတော့ မလွန်လွန်ဘူးလားကွယ်။ အန်တီတို့မှာ အမေတစ်ခု သမီးတစ်ခု မိန်းမသားနှစ်ယောက်ထဲနေကြရတာပါ"

"ဟုတ်တယ် ဒါတော့ လွန်တာပေါ့။ အန်တီ ငြိမ်ခံမနေပါနဲ့"

"ဒါဖြင့် အန်တီဘာလုပ်ရမလဲ ကိုရဲ"

"ရယက သာ သွားတိုင်လိုက်ပါ"

"အန်တီက မိတ်ပျက်မှာ စိုးလို့ပါကွယ်"

"ကိစ္စမရှိပါဘူး။ လူရင်းတွေဆိုပြီး အလျှော့ပေးရင် ပိုဆိုးလာမှာပေါ့။ သွားသာတိုင်လိုက်ပါ အန်တီ တော်ကြာဆို ရုံးဖွင့်တော့မှာပါ။"

မာလာ့အမေကြီးမျက်စေ့ မျက်နှာပျက်စွဲ ထွက်သွားတော့မှ ကျွန်တော် လက်ဘက်ရည်ဆိုင် ထဲဝင်လာခဲ့တယ်။ ဆိုင်ထဲ ကြိုရောက်နေတဲ့ ကိုငယ် (ရက္ခ) က လက်ယှက်လှမ်းခေါ်ပြီး အကျိုးအကြောင်းမေးလို့ မာလာ့အမေကြီးရဲ့ ပြဿနာကို ပြောပြလိုက်တယ်။

"ထုံးစံအတိုင်း လကုန်လို့အကြွေးလာတောင်းတဲ့လူဖြစ်မှာပေါ့ ကိုငယ်ရာ"

"ခင်ဗျားနဲ့တော့ ခက်တော့တာပဲ။ သူတို့အိမ်ရှေ့ ရန်လာတွေ့တယ်ဆိုတာ ဘယ်သူများအောင့်မေ့လို့လဲ ကိုရဲရဲ"

ကိုငယ့် မေးခွန်းကြောင့် ကျွန်တော် ထင့်ခနဲဖြစ်သွားသလို၊ စိတ်ထဲမှာလည်း စိုးရိမ်သွားတယ်။ ကျွန်တော် စိုးရိမ်သွားတဲ့အတိုင်း ကိုငယ်က ဆက်ပြောပါတယ်။

အဲ့ဒါ . . . ခင်ဗျား မိန်းမပဲ . . . တဲ့။

◈ ◈ ◈ ◈ ◈





www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ပြောပုံအရဆိုရင် ဒင်းလုပ်ပုံကတော်တော့်ကို လွန်တယ်လို့ ပြောရမှာပါ။ ရွှေခြိုင့် သမီးအကြီးနဲ့ လူကြုံပါးလိုက်တဲ့စာရယ် အချစ်ဆုံး နာမည်နဲ့ရေးထားတဲ့ ဝတ္ထုတိုရယ်ကို . . . ဖတ်ပြီးတဲ့အချိန်မှာ မီးပေါင်ပြည့်နေတဲ့ စက်ခေါင်းကြီးလို ရှူးရှူးရှဲရှဲ ဖြစ်နေတဲ့ ဒင်းဟာ . . . မာလာ့ဆီကို ရောက်ချသွားခဲ့တယ်လို့ဆိုတယ်။

ဝတ္ထုထဲက ဇာတ်ကောင် "ကိုကြီး" ဆိုတာ ဘယ်သူလဲလို့ သူကတည့်တည့်မေးတော့ မာလာကလည်း တည့်တည့်ပဲ အဖြေပြန်ပေးတယ် "အဲ့ဒါကို ဆရာသိပါတယ်" . . . တဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဝတ္ထု ဟာ ကိုရီးယား ဇာတ်လမ်းတွဲတစ်ခုကို ခိုးချထားတာမို့ ဇာတ်ကောင်ဟာ ကိုရီးယားဇာတ်လိုက် မင်းသားမှန်း ကျွန်တော် ကြိုသိနေခဲ့တယ်။

ဒါပေမယ့် ကျွန်တော့်လို ကြိုမသိတဲ့သူကတော့ မှာလာ့ကို ကက်ကက်လန်ရန်တွေ့တော့တာပါပဲ။

ကိုယ့်အပြောအရတော့ လင်ခိုးမဆိုတဲ့ အသုံးအနှုန်းမျိုးကိုတောင် ရက်ရက်စက်စက် သုံးနှုန်း ခဲ့ပါသတဲ့။

ကိုငယ် (ရက္ခ) ရဲ့ စကားဆုံးတော့ ကျွန်တော် တော်တော့်ကို စိတ်တိုတောင်းသွားတယ်။ ဒါကြောင့် လက်ဘက်ရည်ကိုတောင် ဆက်မသောက်တော့ဘဲ အိမ်ကို ချက်ချင်းပြန်လာခဲ့တယ်။ အိမ်ရောက်တော့ မီးပူတိုက်ပြီး သားအဝတ်တွေကိုခေါက်နေတဲ့သူက ကျွန်တော့်ကို တစ်စက်ကလေးတောင် လှည့်မကြည့်ဘူး။ ကျွန်တော် သူ့နားကို ခြေသံပြင်းပြင်းနင်းပြီးလျှောက်သွားလိုက်တယ်။

" မင်းကို မစဉ်းစား မဆင်ခြင်ဘဲ ရမ်းပြီး စိတ်မကောက်ဖို့ ရန်မလုပ်ဖို့ အစောကြီးကတည်းက ငါတောင်းပန်ထားခဲ့တယ် မဟုတ်လား မီးငယ်။ အခုမင်းလုပ်ပုံက တရားလွန်လွန်းတယ်။ ငါ့ကို ဘာမှ မမေးမစမ်းဘဲမာလာ့ကို ရန်သွားတွေ့တာကောင်းသလား လုပ်သင့်လုပ်ထိုက်သလား။ ငါ သူတို့သားအမိကို ဘယ်လို မျက်နှာပြရမလဲ"

" ဩော် . . . ဟိုမိန်းမ ပြန်တိုင်လိုက်တာပေါ့လေ"

" မဟုတ်ဘူး ကိုယ်ပြောလို့သိရတာ"

" ဒါဖြင့် . . . မတွေ့ရသေးဘူးပေါ့ တော်ကြာကျရင် သွားတွေ့ပြီး ချော့လိုက်ပါအုံး"

" စိတ်မပူပါနဲ့ အခုပဲသွားမှာပါ။ ချော့ဖို့တော့ မဟုတ်ဘူး။ မင်းလုပ်ပေါက်တွေ မဟုတ်လို့ တောင်းပန်မလို့"

ကျွန်တော် ပြောပြောဆိုဆိုနဲ့ လှည့်ထွက်ဖို့ လုပ်လိုက်တယ်ဆိုရင်ပဲ သူထိုင်ရာကနေဝုန်းခနဲထပြီး တံခါးဝကိုပြေးပါတော့တယ်။ တံခါးပေါက်ရောက်မှ ကျွန်တော့်ဘက်ကို မျက်နှာချင်းဆိုင်ပြန်လှည့်ပြီး "ရှင် မသွားရဘူး"လို့ ခပ်စူးစူးအော်တယ်။ လက်နှစ်ဖက်ကိုလည်း ထုပ်စည်းတိုးသလို၊ ဘယ်ညာဆန့်တန်းပြီး ကာထား ပါသေးတယ်။

" တစ်ရပ်ကွက်လုံးက အခုကိစ္စကို သိနေကြပြီ။ နေ့တောင်မကူးဘဲ ရှင်က သူ့ဆီ ရောက်သွားရင် ပတ်ဝန်းကျင်က ကျွန်မကို ဘာပြောကြမလဲ။ လုံးဝမသွားရဘူး"

" အပိုတွေပြောမနေနဲ့ မင်းအလုပ်မဟုတ်လို့ ငါသွားပြီး သွားတောင်းပန်ရမှာ။ ဘေးဖယ်ကွာ"

" မဖယ်ဘူး "






www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရှေ့တိုးတော့ သူက ကျွန်တော့်ကို အတင်းပြန်တွန်းတယ်။ စိတ်တိုနေတဲ့ ကျွန်တော်က သူ့ကိုခပ်ကြမ်းကြမ်းဆွဲဖယ်ပြီး အိမ်ထဲကထွက်လာခဲ့တယ်။ ကျွန်တော် ခြံဝရောက်တော့ . . . သူ့ဆီက တက်ခေါက်သံ တစ်ခုကို ခပ်ကျယ်ကျယ်ကြားလိုက်ရတယ်။

တက်ခေါက်သံတွေဟာ တစ်ခါတစ်ခါ ပွဲသိမ်းခရာသံတွေ အဖြစ် ပြောင်းလဲသွားတတ်မှန်း ကျွန်တော် သတိမမူမိခဲ့ဘူး။

◈ ◈ ◈ ◈ ◈



## အခန်း (၂၂)

လပြည့်ညက ရွှန်းရွှန်းမြမြနဲ့ကို သာယာနေတယ်။

ခပ်ဝေးဝေးက ကလေးတွေဆော့ကစားတဲ့ အသံကို ကြားနေရပေမယ့် အဲ့ဒီအသံတွေထဲမှာ ကျွန်တော့်အကြေကောက်ကလေးရဲ့ အသံမပါတာ သိပ်ကိုသေချာပါတယ်။ ခုဆို . . . ကျွန်တော်တို့ရဲ့ အိမ်ကျဉ်းကျဉ်း လေးထဲ သူ့အသံကို မကြားရတာ အတော်ကြာခဲ့ပါပြီ။

သူနဲ့ကျွန်တော် ပြဿနာဖြစ်တဲ့နေ့ကစလို့ သူ့ရဲ့ အသံလေးဝေးလွင့်ပျောက်ကွယ်သွားခဲ့တာပါ။

အဲ့ဒီနေ့က မာလာတို့ သားအမိကို သွားတောင်းပန်ပြီးတဲ့အချိန်ထိ ကျွန်တော့် ဒေါသက တော်တော်နဲ့ မပြေသေးလို့ ကျော်အောင်မော်နဲ့ စိုင်းလားရှိုးကိုဝင်ခေါ်ပြီး စည်ဘီယာဆိုင်ကို ထွက်ခဲ့ကြတယ်။ ဆိုင်ရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေဖုန်းနဲ့ပါ တွေ့လို့ လူစုံသွားတာနဲ့ ကျွန်တော့်ပြဿနာကို ဖွင့်အန်လိုက်မိတယ်။

ကိုရွှေဖုန်းက ထုံးစံအတိုင်း ဖြောင်းဖျစကားဆိုတယ်။

" မှားတာအကြောင်းမဟုတ်ဘူးကိုရဲ့ အမှားဆိုတာ ပြင်လို့ရတယ်။ အရေးကြီးတာက မမိုက်မိဖို့ပဲ။ ကိုရဲ မမိုက်မိစေနဲ့"

ကိုရွှေဖုန်းစကားကို ကျော်အောင်မော်တို့ကပါ ဝိုင်းပြီးထောက်ခံကြတယ်။ ကျွန်တော်လည်း မမိုက်ချင်ပါဘူး။ ဒါပေမယ့် . . . အခြေအနေအရမိုက်ဖို့ လိုအပ်လာပြီဆိုရင် ဘယ်လိုလုပ်မလဲလို့ တစ်ယောက်ထဲ တွေးနေမိတယ်။

အဲ့ဒီညက နည်းနည်းများသွားတာမို့ အိမ်ပြန်ရင် အမှားတွေ ဖြစ်မှာစိုးတာနဲ့ ကျော်အောင်မော်တို့ အိမ်မှာပဲ အိပ်လိုက်တယ်။ နောက်တစ်နေ့အိပ်ရာက နိုးတာနဲ့ ချက်ချင်းအိမ်ပြန်လာခဲ့ပေမယ့် ကျွန်တော်နောက်ကျ သွားပါတယ်။ အိမ်တံခါးက သော့ခလောက်တန်းလန်းနဲ့ သူစိမ်းဆန်ဆန်ဆီးကြိုလို့နေတယ်။

မရွှေခြိုင့်ကို အိမ်သွားမေးတော့ သူတို့ကို သော့မပေးခဲ့သလို၊ ဘယ်သွားလဲဆိုတာလည်း မသိဘူးလို့ဆိုတယ်။ ဒါကြောင့်တံခါးသော့ကို ဖျက်ပြီးအိမ်ထဲဝင်လိုက်ရတယ်။ အိမ်ထဲရောက်တော့ မသက်သလို့ သူ့အဝတ်အစားတွေသွားကြည့်တဲ့

အခါတစ်ဝက်ကျော်ကျော် လျော့နေတဲ့အပြင် ကလေး အဝတ်တွေပါ။ မရှိတော့တာကိုတွေ့လိုက်ရတယ်။

မရွှေခြိုင့်က ပြုံးပြုံးပြာပြာနဲ့ စန္ဒာဝင်းထွန်းဆိုင် ပြေးစုံစမ်းတော့လည်း အဖြေက ထူးမခြားနားပါပဲ။ စန္ဒာဝင်းထွန်းလည်း ဘာမှမသိလိုက်ပါဘူးတဲ့။

" ကျွန်မတောင် ညက သူ့ကို နားလည်အောင်ရှင်းပြ ခဲ့သေးတယ်။ သူကလည်း ကျွန်မစကားကို နားဝင်သွားပုံပါပဲ။ မာလာ့ကိုစိတ်လိုက်မာန်ပါသွားရန်တွေ့မိတဲ့အတွက် မှားတယ်လို့တောင် ဝန်ခံပါသေးတယ်"

" ဒါဖြင့် သူဘာဖြစ်လို့ ခုလိုမပြောမဆိုနဲ့ ထွက်သွားရတာလဲ မဇ္နာ"

" ကျွန်မလည်း အဲ့ဒါကိုပဲ စဉ်းစားမရဖြစ်နေတာ ကိုရဲ"

မရွှေခြိုင့်ကတော့ တွေးတွေးဆဆနဲ့ "ကိုရဲကိုများ စိတ်ခုသွားသလားမသိဘူး"လို့ ဝင်ပြောတယ်။

" သူက မာလာ့ဆီမသွားဖို့ တားနေလျက်နဲ့ ကိုရဲက သူ့ကို အတင်းတွန်းဖယ်ပြီး ထွက်သွားတော့ သူခံပြင်းသွားပုံပဲ ကိုရဲ။ နည်းနည်းလည်း ဝမ်းနည်းသွားတယ်နဲ့တူတယ်။ ကျွန်မကို အဲ့ဒီအကြောင်းပဲ ခဏခဏပြောတယ်"

" ဒါကတော့ . . . ကျွန်တော်ကလည်း အဲ့ဒီအချိန်မှာ ဒေါသထွက်နေတာကိုး မရွှေခြိုင့်ရဲ့၊ ဒေါကန်နေတဲ့လူကို ရှေ့က ကာဆီးကာဆီးလုပ်တော့ ပိုဆိုးတာပေါ့"







www.burmeseclassic.com

www.burmeseclassic.com



" ကဲပါလေ . . . သူဘာကြောင့်ပဲထွက်သွား ထွက်သွား အရေးကြီးတာက သူ့ကိုအမြန်ဆုံးတွေ့အောင် ရှာဖို့ပဲ"

" ကျွန်တော်ကတော့ လိုက်မရှာနိုင်ဘူးမစန္ဒာ။ သူ့သဘောနဲ့သူထွက်သွားတာ။ သူ့သဘောနဲ့ သူပြန်လာပါစေ။ အိမ်ကပဲ ထိုင်စောင့်မယ်"

" အို . . . မဟုတ်တာရှင် "

ကျွန်တော့်ကို အဲဒီလိုမလုပ်သင့်ကြောင်းဝိုင်း နားချပေမယ့် ကျွန်တော် ခပ်ပြတ်ပြတ်ပဲ ငြင်းဆန်လိုက်တယ်။ မစဉ်းစားမဆင်ခြင်ဘဲ လုပ်ရက်လေခြင်းဆိုတဲ့ နာကျဉ်းစိတ်နဲ့ ဒေါသထွက်နေတာမို့ ဘယ်ကိုမှ လိုက်မရှာခဲ့ဘူး။

မရွှေခြိုင့်တို့ကတော့ သူ့ရဲ့ မိတ်ဆွေကောင်းပီသစွာ ကျွန်တော့်ကို မကြာမကြာလာပြီး နားချကြတယ်။ " သူ့ကို စိတ်ဆိုးတောင် ကလေးမျက်နှာကိုတော့ ကြည့်သင့်တယ်" ဆိုတာမျိုး။ " ကြားထဲက ကလေးကတော့ အစားဆင်းရဲ အနေဆင်းရဲ ဖြစ်နေတော့မှာပဲ" . . . ဆိုတာမျိုး အဲ့လိုစကားမျိုးတွေနဲ့ နားချကြတာပါ။

ကျွန်တော်ကတော့ ကလေးကို သတိရတဲ့ စိတ်ကတစ်ဖက် သူ့အပေါ် နာကျည်းတဲ့စိတ်ကတစ်ဖက် တင်းခံနေမိတယ်။

ဒါပေမယ့် ခုလိုလပြည့်ညတွေမှာတော့၊ သူတို့ သားအမိကို ကျွန်တော် သတိရလာမိတယ်။





အရင်ကဆိုရင် ခုလိုညမျိုးတွေမှာ ကလေးတွေနဲ့ ဆော့ကစားနေတဲ့ သူ့အသံတစာစာကို အတိုင်းသား ကြားရတတ်တယ်။ ကလေးတွေနဲ့ ဆော့ကစားပြီးလို့ မောပြီဆိုရင်တော့ သူကျွန်တော့်ကို ဂစ်တာတီးပြီး သီချင်းဆိုခိုင်းတတ်ပါတယ်။

ကျွန်တော်က ဂစ်တာမတီးချင်တဲ့အခါ သူက ပုံပြောခိုင်းတတ်တယ်။

" ငယ်ငယ်ကဆို . . . ပုံပြင်နားထောင်ပြီး အိပ်ပျော်သွားရင် အိပ်မက်မက်တဲ့အခါ ပုံပြင်ထဲက အတိုင်း မက်တော့တာပဲ။ ကိုယ်က လိပ်ပြာလေးဖြစ်လိုက် . . . နတ်သမီးလေး ဖြစ်လိုက်နဲ့ . . . သိပ်ပျော်ဖို့ ကောင်းတယ်။ မီးကို ပုံပြောပြပါနော်"

" ကိုယ်ပုံမပြောတတ်ဘူး မီးရဲ့"

" ကိုကိုက စာရေးဆရာပဲ။ ပြောတတ်မှာပါဟယ်။ တစ်ပုံထဲရယ်ပါကိုကိုရဲ့။ ပြောပြစမ်းပါနော်။ မီး နားထောင်ချင်လို့ပါ"

ပုံပြောတာထက်ပိုကောင်းတဲ့ ကိစ္စတွေရှိသေးကြောင်း သူမစဉ်းစားမိတာ အံ့ဩပါရဲ့။ ဥပမာ ဇက်ကြောဆွဲပေးတာတို့ ဘာတို့ပေါ့. . . ။

ဒါပေမယ့် သူကတော့ ပုံပြင်ပဲ။ ပုံပြင်အရင်ပြော

ဒီတော့လည်း ကြားဖူးနားဝပုံပြင်တွေ လျှောက်စဉ်းစားပြီး သူစိတ်ကျေနပ်အောင်ပြောပြရတယ်။ ရွှေယုန်ရွှေကျားလို



www.burmeseclassic.com

www.burmeseclassic.com



မော်ဒယ်အောက်နေတဲ့ပုံပြင်မျိုးဆိုရင်တော့ သူက ဆောရီးပဲ။ ဒါကြောင့် အသစ်အဆန်းကို ရှာကြံပြောရသလို။ ပုံပြင်ထဲမှာ မင်းသမီးချောချောလေးပါအောင်လည်း ဂရုစိုက်ရတယ်။ မင်းသမီးနေရာမှာ သူဝင်ခံစားလို့ရအောင်ပါ။

ကလေးရလာပြီးတဲ့နောက်ပိုင်းမှာ ကလေးဇာတ်လိုက် တစ်ယောက်ကိုပါထည့်ပြောခိုင်းတတ်တယ်။

" သားလေး . . . နားထောင်နေဘ် အာပုရဲ့ . . . ပြောတဲ့ပုံပြင် အရမ်းကောင်းတယ်သိလား "

အိပ်ပျော်လုပျော်ခင် ဖြစ်နေတဲ့ ဘာမှနားမလည်းတဲ့ ကလေးကိုလည်း အတင်းလက်ကုတ်လို့နှိုးပြီး နားထောင်ခိုင်းချင် ခိုင်းတတ်ပါသေးတယ်။

အဲ့ဒီလို ဂစ်တာတီးခိုင်းပုံပြောခိုင်းတတ်တဲ့သူဟာ စိတ်လိုလက်ရရှိတဲ့ညတွေမှာတော့ တတ်သည့်ပညာ မနေသာ ဆိုသလို၊ ဇက်ကြောဆွဲပေးတတ်ပါတယ်။ တစ်ခါတစ်လေ အလွန်အလွန် စိတ်ကောင်းဝင်တဲ့အခါမျိုးမှာတော့ "ကိုတို့ ဝမ်းလျားမှောက်" ဆိုပြီး တက်နင်းပေးတတ်ပါသေးတယ်။

ဒါပေမယ့် ခုချိန်မှာတော့ သူ့ဆီက အဲ့ဒီအရာတွေကို ကျွန်တော် မမျှော်လင့်နိုင်တော့ဘူး။ ပုံပြောချင်တဲ့ အခါ ဒါမှမဟုတ် ဂစ်တာတီးချင်တဲ့အခါ နားထောင်အားပေးမယ့် တစ်စုံတစ်ယောက်ကို တမ်းတခွင့် မရနိုင်တော့ဘူး။ အရာရာဟာ ပြီးဆုံးသွားခဲ့ပါပြီ။





သက်ပြင်းတွေကို အကြိမ်ကြိမ်မှုတ်ထုတ်ရင်း၊ ရင်ဘတ်ထဲက အပူဓါတ်ကို ငြိမ်းသတ်ပေမယ့်လည်း မသက်သာခဲ့ပါဘူး။ ဟိုလူး ဒီလှိမ့်နဲ့ မိုးစင်စင်လင်းခါနီးမှပဲ ကျွန်တော် မှေးခနဲ အိပ်ပျော်သွားတယ်။

◇ ◇ ◇ ◇ ◇



www.burmeseclassic.com

www.burmeseclassic.com

" ဟော့လူကြီး . . . ဘယ်လဲဗျ"

တဖြောင်းဖြောင်း လက်ခုပ်တီးသံနဲ့အတူ လှမ်းနှုတ်ဆက်သံတစ်ခုကို ကြားလိုက်ရတယ်။

ညက တော်တော်နဲ့ အိပ်မပျော်နိုင်ခဲ့ပေမယ့် အကူအညီပေးနေရတဲ့ မဂ္ဂဇင်းတိုက်ကိုတော့ ဆယ်နာရီ မထိုးခင် အရောက်ထွက်လာခဲ့ရတယ်။ မဂ္ဂဇင်းတိုက်ရှိတဲ့ လမ်းထိပ်မရောက်ခင်မှာပဲ စောစောက လှမ်းနှုတ်ဆက်တဲ့ အသံကို ကြားလိုက်ရတာပါ။

လှည့်ကြည့်လိုက်တော့ အသားမဲမဲ ဆံပင်ရှည်ရှည်နဲ့ မိုးအိမ်သစ်ဆိုတဲ့ ပုဂ္ဂိုလ်ကို တွေ့လိုက်ရတယ်။ အူလျားဖားလျား နှုတ်ဆက်ရင်း လက်ဘက်ရည်အတင်းတိုက်နေလို့ မကောင်းတတ်တာနဲ့ ဝင်သောက်လိုက်ရတယ်။

" ခင်ဗျားရဲ့ အမွှာပူးသားနှစ်ယောက်ကော နေကောင်းတယ်မဟုတ်လား "



www.burmeseclassic.com

www.burmeseclassic.com



" ညီညီဟန်နဲ့ ညီညီအောင်လားကောင်းပါ။ ဘာကောင်းသလဲ မမေးနဲ့ မျောက်ရှုံးအောင်ဆော့တဲ့ ကောင်တွေ"

" အမျိုးသမီးကော"

ကျွန်တော့် မေးခွန်းကြောင့် သူမျက်နှာတစ်ချက်ပျက်သွားတယ်။ ပြီးမှ သက်ပြင်းရှည်ကြီးချရင်း "မရှိတော့ဘူးဗျာ" လို့ဆိုတယ်။

" ကျွန်တော် သူ့အပေါ်တော်တော်ဆိုးခဲ့မိုက်ခဲ့မိတယ်ဗျာ။ အခု ပြန်လိမ္မာပြီး အတိုးချကောင်းတော့မယ်ဆိုတဲ့ အချိန်ကျတော့ သူကမရှိတော့ဘူးဗျာ"

" ဖြစ်မှဖြစ်ရလေ။ ဆုံးသွားတာကြာပြီလား "

" ဟာ မဆုံးပါဘူးဗျ။ အိမ်က ထွက်သွားတာပါ။ ဘယ်ကိုထွက်သွားမှန်းမသိတော့ ဘယ်လိုက်ရှာလို့ရှာရမှန်းလည်း မသိဘူး။ အခုနေသူရှိမယ့် နေရာကိုသာသိရမယ်ဆိုရင်၊ ဘာပဲပေးရပေးရ ကျွန်တော် ပိုင်ဆိုင်သမျှ အကုန်ပေးပါတယ်ဗျာ"

သူတကယ့်ကို ကြေကြေကွဲကွဲနဲ့ပြောနေတာပါ။ ကျွန်တော့် အဖြစ်နဲ့တူလို့ စိတ်မကောင်းတောင်ဖြစ်သွားရပါသေးတယ်။ လမ်းခွဲခါနီးကျတော့ မိုးအိမ်သစ်က ကျွန်တော့် လက်နှစ်ဖက်ကို လှိုက်လှိုက်လှဲလှဲ ဆုပ်ကိုင်ရင်း ခုလိုပြောတယ်။





" ခင်ဗျားတို့ လင်မယားလဲ ချစ်ချစ်ခင်ခင်နေပါဗျာ" . . တဲ့။

သူ့စကားကြောင့် ကျွန်တော် လှိုက်ခနဲ ခံစားလိုက်ရတယ်။ ဟတ်ထိတယ်ဆိုတာ ဒါမျိုးကို ခေါ်တာထင်ပါရဲ့။

မိုးအိမ်သစ်ကြောင့် တစ်နေ့လုံးတိမ်းတိမ်းမူးမူး ဖြစ်နေမိတဲ့ ကျွန်တော်ဟာ ညနေအိမ်ပြန်လာချိန်မှာတော့ ရပ်ကွက်ထိပ်က စည်ဘီယာဆိုင်လေးထဲကို ဝင်လိုက်တယ်။ ဆိုင်ထဲမှာ ဂျာနယ်တစ်စောင်ကိုကိုင်ပြီး ခေါင်းချင်းဆိုင်နေကြတဲ့ ကိုရွှေဖုန်းနဲ့ ကျော်အောင်မော်က ကျွန်တော့်ကိုတွေ့တယ်ဆိုရင်ပဲ ပြာပြာသလဲ လှမ်းခေါ်တယ်။

" ကိုရဲ . . . မိန်းမငယ်ထွက်သွားတဲ့နေ့က ဘာအကျီဝတ်သွားသလဲ"

မဆီမဆိုင်မေးခွန်းကြောင့် ကျွန်တော် ခပ်ကြောင်ကြောင်ခေါင်းရမ်းပြလိုက်မိတယ်။

" မသိဘူး ကိုရွှေဖုန်းရဲ့ သူနဲ့ကျွန်တော်မှ မဆုံလိုက်တာ"

" သူ့မှာ အကျီအနီရောင်ရှိလား "

" မပြောတတ်ဘူး။ အင်း . . . ရှိလိမ့်မယ်ထင်တယ်။ ဘာဖြစ်လို့လဲ"

" ဟော့ဒီဂျာနယ်ထဲမှာ အကျီအနီဝတ်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



အမည်မသိ အမျိုးသမီး တစ်ဦးရဲ့ အလောင်းတွေ့တယ်ဆိုတဲ့ သတင်းပါလာလို့ တို့နှစ်ယောက်စိတ်ပူနေတာ"

ကျွန်တော် လှုပ်ခနဲဖြစ်သွားပြီး ဂျာနယ်ကို ကမန်းကတန်းယူဖတ်လိုက်တယ်။ တော်ပါသေးရဲ့။ အမည်မသိ အမျိုးသမီးရဲ့ အသက်ကို သုံးဆယ်ခန့်လို့ ခန့်မှန်းထားပြီး ယာလက်ဖျံမှာ အသည်းပုံ ဆေးမှင်ကြောင်ရုပ်ရှိတယ်လို့ ဖော်ပြထားလို့ ကျွန်တော့်ရဲ့ အကြောကောက်လေးမဟုတ်တာ သေချာသွားပါတယ်။

"ကျွန်တော် ခင်ဗျားကို ခြိမ်းခြောက်နေတာတော့ မဟုတ်ပါဘူးကိုရဲ။ ဒါပေမယ့် ခင်ဗျားသူ့ကို လိုက်မရှာဘဲ လွှတ်ထားမယ်ဆိုရင် တစ်ချိန်မဟုတ်တစ်ချိန်မီးငယ်ခုလို အဖြစ်မျိုးနဲ့ မကြုံဘူးလို့ မပြောနိုင်ဘူး"

"ဟုတ်တယ် ...ကိုရဲ မှားရင်မှားပစေ။ မမိုက်မိစေနဲ့လို့ ပြောဖူးသားပဲ။ အခုကိုရဲက မှားယုံတင်မဟုတ်ဘူး မိုက်သလိုပါဖြစ်နေပြီ"

"ကလေးပါသွားတယ်ဆိုပေမယ့် မီးငယ်က အရှယ်ကောင်းလေးနော်။ လူဆိုးဆိုတာမျိုးက ကလေးအမေတွေ ဘာတွေ နားလည်မှာမဟုတ်ဘူး နောက်ပြီးကလေးတွေကို ရောင်းစားလို့ရတယ်ဆိုတဲ့ ကောလဟာလလည်း ခင်ဗျား ကြားဖူးသားပဲ"

သူတို့စကားက ရွှံ့ပျော့ပျော့ထဲကို ခဲနဲ့ပစ်သလို





ကျွန်တော့်ရင်ကို နင့်ခနဲ နင့်ခနဲလာမှန်ပါတယ်။ တစ်ချိန်ထဲမှာပဲ ... ခင်ဗျားတို့ လင်မယား ချစ်ချစ်ခင်ခင်နေပါဗျာဆိုတဲ့ မိုးအိမ်သစ်စကားကို ကြားယောင်လိုက်မိတယ်။

ဒါကြောင့် ဘီယာတစ်ခွက်မကုန်ခင်မှာပဲ တိမ်းမူးရီဝေသွားတဲ့ကျွန်တော့်ဟာ ဘီယာသုံးခွက်လောက် သောက်ပြီးတဲ့ အချိန်မှာတော့ အလွယ်တကူ ကတိပေးဖြစ်သွားပါတယ်။

"ကျွန်တော် မနက်ဖြန်သူ့ကို လိုက်ရှာမယ်"

ကျွန်တော့်စကားဆုံးတယ်ဆိုရင်ပဲ သူတို့ နှစ်ယောက်စလုံး ဝမ်းသာအားရနဲ့ ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၃)

သူရှိလိမ့်မယ်လို့ ကျွန်တော် တစ်ထစ်ချတွက်ဆထားတဲ့နေရာကတော့ သယ်န်းကျွန်းပါ။ သူနဲ့ အဝေးသင်အတူတူတက်ခဲ့တဲ့ ကောင်မလေးနှစ်ယောက်က သယ်န်းကျွန်းမှာနေကြတဲ့အပြင် သူ့ကိုလည်း အတော်ခင်မင်ပါတယ်။

အဲ့ဒီ ကောင်မလေးတွေအိမ်မှာ ဘုရားကိုးဆူ လုပ်တုံးကတောင် သူ တင်ညသွားအိပ်ခဲ့ဘူးလို့ အဲ့ဒီအိမ်မှာ ရှိလိမ့်မယ်လို့ ကျွန်တော်သေချာပေါက် ယူဆထားတာပါ။

ဒါပေမယ့် . . ကျွန်တော်တို့ တစ်အုပ်ကြီးရောက်သွားချိန်မှာတော့ သူရောကောင်မလေးနှစ်ယောက်ပါ ရှိမနေကြဘူး။ လူအုပ်ကြီးကို ကြည့်ပြီး ကောင်မလေးတွေ အမေက ပြူးပြူးပြာပြာနဲ့ လန့်နေလို့ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



အကျိုးအကြောင်း ရှင်းပြရတယ်။ ဒီတော့မှ ကောင်မလေး နှစ်ယောက် မော်ဘီမှာသီလရှင်ဝတ်နေတယ်လို့ အဖြေပေးတယ်။

" မီးငယ်ပါ စိတ်ခပြေလက်ပျောက် သီလရှင် ရောဝတ်နေတာဖြစ်မယ်"

အတွေးအခေါ်ကောင်းတဲ့ စန္ဒာဝင်းထွန်းက တထစ်ချဝင်ပြောလာလို့ ကျွန်တော်တို့အားလုံး ရောယောင်ပြီး ဖြစ်နိုင်တယ်လို့ ထောက်ခံလိုက်ကြတယ်။

မော်ဘီရောက်လို့ ကောင်မလေးတွေအဖြစ်က ဆရာလေးတွေအဖြစ်ပြောင်းလဲနေတဲ့ သီလရှင်နှစ်ပါးနဲ့ အတွေ့မှာတော့ ကျွန်တော်တို့ အထင်ပါစင်အောင်လွဲပါတယ်။ စာမေးပွဲပြီးကတည်းက မီးငယ်နဲ့ သူတို့ မတွေ့တာအတော်ကြာပါပြီတဲ့။

တထစ်ချယူဆထားတဲ့ နေရာမှာ သူ့ကိုမတွေ့တဲ့ အခါမှာတော့ တစ်ခြားထင်မြင်စရာနေရာတွေက အတော့်ကိုရှားပါးသွားတယ်။

" တစ်ခြား ဘယ်နေရာတွေ ဖြစ်နိုင်အုံးမလဲ ကိုရဲ"

" သယ်န်းကျွန်းမှာ မရှိရင် တစ်ခြားသူသွားတတ်တဲ့နေရာတွေက အတော်ရှားသွားပြီး ရန်ကုန်မှာ မဖြစ်နိုင်တော့ သလောက်ပဲ"

" ဒါဖြင့် ကျိုက်ထိုရောမဖြစ်နိုင်ဘူးလား။ ကြီးတော်ဆီမှာ သွားနေချင်နေနိုင်တာပဲ"





" မဖြစ်နိုင်ဘူး ကြီးတော်ဆီသူသွားရဲမှာမဟုတ်ဘူး"

" အို . . . ဟုတ်သော်ရှိ မဟုတ်သော်ရှိ စုံစမ်းကြည့်ပါအုံး"

ကျွန်တော် ကျိုက်ထိုက ကြီးတော်ဆီကို ဖုန်းလှမ်းဆက်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဖုန်းနံပါတ်တွေကို လှည့်ပြီးမှ မီးငယ်လာသလား ကြီးတော်လို့ မေးရမှာ မဝံ့မရဲဖြစ်နေမိတယ်။ နင်တို့ဘာဖြစ်ကြတာလဲလို့ မေးရင် အဖြစ်အပျက်အစအဆုံးကို ပြန်ပြောပြရမှာမို့ပါ။ ကြီးတော်က ကျွန်တော်တို့နှစ်ယောက် မသင့်မြတ်တာကို နည်းနည်းမှ သဘောကျမှာ မဟုတ်ဘူး။

ကျွန်တော် စိတ် တထင့်ထင့်ဖြစ်နေတုန်းမှာပဲ၊ တစ်ဖက်က " ဟယ်လို " ဆိုတဲ့ ကြီးတော်ရဲ့ အသံဩဩကြီးကို ကြားလိုက်ရတယ်။

" ကြီးတော်လား ကျွန်တော်ပါ ကိုရဲ "

" ဟဲ့ အကောင်၊ ငါတယ်လီဖုန်းတပ်ပြီးကတည်းက မကြာမကြာ ဖုန်းဆက်ပါဆိုတာ အခုမှပဲ ဆက်ဖော်ရပါတော့လား။ နင်ဘယ်မှာများ သွားအိပ်ပျော် နေတာလဲ။ ဟေ"

တအားကုန်အော်တာပါ။ နဂိုကတည်းက အသံကျယ်ရတဲ့ အထဲ အဝေးပြောဖုန်းမို့ရှိသမျှ ပါဝါအကုန်တင်လိုက်တယ် ထင်ပါရဲ့။ နားတွေတောင်



www.burmeseclassic.com

www.burmeseclassic.com



အူသွားလို့ တယ်လီဖုန်းကို ခပ်ဝေးဝေးခွာလိုက်ရတယ်။ ဘေးနားက ရှာဖွေရေးအဖွဲ့ဝင်အပေါင်းအသင်းတွေကတော့ အခြေအနေဘာထူးလဲ ဆိုတဲ့ သဘောနဲ့ ကျွန်တော့်မျက်နှာကို မမှိတ်မသုန် ဝိုင်းကြည့်နေကြတယ်။

" အခု နင်ဘယ်က ဆက်နေတာလဲ ကောင်လေး"

" ကျွန်တော်တို့ လမ်းထိပ်ကပါ"

" ငါ့တယ်လီဖုန်း အသံကြည်တယ် မဟုတ်လား "

" ဟုတ်ကဲ့ ကြည်ပါတယ်။ ဒါနဲ့ . . . "

" ဘာလဲ ကောင်လေး "

မီးငယ်လာလားလို့ မေးမယ်လုပ်ပြီးမှ မကောင်းတာတတာနဲ့ "ကြီးတော်နေကောင်းလား" လို့ သူ့ကျန်းမာရေးကို အရင်မေးလိုက်ရတယ်။

"ကောင်းကောင်း မကောင်းဘူးဟဲ့ မနေ့က ဒညင်းသီးနဲ့ ဝက်သားချက်တာ အစားများသွားလို့ သွေးတိုးပါရောလား ဆေးခန်းသွားပြတာ တစ်ရာ တစ်ရာ့ခြောက်ဆယ်တောင်ရှိတယ်ဆိုပဲ"

" ဒါနဲ့ . . . မီး . . . "

" ဟေ . . . မီးလား အောင်မယ်လေး အခုတလော ပျက်လိုက်တာများ မပြောပါနဲ့တော့ ငါ့မှာ ညှ . . ညှ ဖယောင်းတိုင်ဖိုးနဲ့တင် တော်တော်ခိုက်နေပြီ"





နောက်တစ်ခါ "ဒါနဲ့ . . ." ဆိုပြီး စကားဖြတ်ရင်လည်း သိပ်ထူးမှာမဟုတ်ပါဘူး ဒါကြောင့် တည့်တည့်မေးဖို့ ဆုံးဖြတ်လိုက်တဲ့အချိန်မှာပဲ

"နင်တို့ရော နေကောင်းကြတယ် မဟုတ်လား ကောင်လေး မီးငယ်နဲ့ ကလေးနကော ကျန်းကျန်းမာမာပဲ မဟုတ်လား . . ."

ကြီးတော်ရဲ့ အသံဩဩကြီးက ကျွန်တော့်ရင်ထဲက မျှော်လင့်ချက်မီးတောက်ကလေးကို ဟုတ်ခနဲ ငြိမ်းသွားစေပါတော့တယ်။ ကြီးတော်ကြီးဘာတွေဆက်ပြောလို့ ပြောမှန်း ကျွန်တော်မသိတော့ပါဘူး။ သတိဝင်လာတဲ့ အခါ "ဒါပဲနော် ကြီးတော် "ဆိုပြီး ကျွန်တော် ဖုန်းချပြီးနေပါပြီ။

ကျွန်တော့်မျက်နှာအမူအရာကို အတိုင်းသား မြင်နေရတဲ့ အပေါင်းအသင်းတွေက ဘာမှမမေးတော့ဘဲ သက်ပြင်း ချကြတယ်။ ကာယကံရှင်ဖြစ်တဲ့ ကျွန်တော်ကတော့ စိတ်ပျက်လက်ပျက်နဲ့ သက်ပြင်းချဖို့ကိုတောင် မေ့လျော့နေမိပါတယ်။

◈ ◈ ◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန် ဘားအံကားပေါ်က ဆင်းလိုက်တယ်ဆိုရင်ပဲ၊ ကျွန်တော်ရင်အစုံဟာ စိတ်လှုပ်ရှားလွန်းလို့ တဆတ်ဆတ် တုန်ခါနေလေရဲ့။ နားထဲမှာတော့ ဒါဟာ နောက်ဆုံး မျှော်လင့်ချက်ပဲဆိုတဲ့ စကားကို ထပ်ခါတလဲလဲ ကြားယောင်နေမိတယ်။

" ကြီးတော်ဆီမှာ မရှိရင် ဘားအံက သူဦးလေးဆီ ရောက်ချင်ရောက်နေမှာပေါ့ ကိုရဲရဲ့။ ဘုရားသိကြားမလို့ အဲဒီမှာတော့ ရှိနေပါစေရှင်"

သူ့အပေါ် ချစ်ရှာလွန်းတဲ့ မရွှေမြိုင့်ရဲ့ စကားပါ။ ရွှေမြိုင့်နဲ့ စန္ဒာဝင်းခွန်းက ကျွန်တော့်အိမ်က ဘုရားမှာ နေ့တိုင်း အမွှေးတိုင် ဖယောင်းတိုင်တွေလာပူဇော်ပြီး သူ့ကို ချောချောမောမော တွေ့ပါစေဆိုတဲ့ အကြောင်း ဆုတောင်းတတ်ကြသလို ဗေဒင်တွေ ဘာတွေလည်း လည်ပြီးမေးတတ်ပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နန်းတင်မာလာသိန်းဆိုတဲ့ ဗေဒင်ဆရာမကြီးတစ်ယောက်က အိမ်ရဲ့ အရှေ့ဘက် ရေရှိတဲ့နေရာမှာ ရှာပါဆိုလို့၊ ကျွန်တော် စိတ်ပျက်လက်ပျက် ဖြစ်သွားရသေးတယ်။ ကျွန်တော်တို့ အိမ်ရှေ့ ခပ်လှမ်းလှမ်းမှာ ချောင်းရိုးလေးတစ်ခု ရှိတာမို့ မတော်တဆ အဲ့ဒီ ချောင်းထဲများ သူတို့သားအမိ. ...

ကျွန်တော် ဆက်တောင်မတွေးရဲခဲ့ဘူး။ မရွှေမြိုင့်တို့ကတော့ . .

" ဘားအံဆိုတာ ရန်ကုန်မြို့ရဲ့ အရှေ့ဘက်လောက်မှာ ရှိတာပဲ။ ပြီးတော့ သံလွင်မြစ်ဘေးမှာလေ၊ အဲ့ဒီမှာ ရှာခိုင်းတာ ဖြစ်မှာ ကိုရဲရဲ့"

ဒါကြောင့် နောက်ဆုံး မျှော်လင့်ချက်အဖြစ် ဘားအံကို ကျွန်တော်ရောက်လာခဲ့တာပါ။ သူ့ဦးလေးရဲ့ နာမည်ကိုသာ သိပြီး လိပ်စာကို မသိတာမို့ တစ်နေတုန်နီးပါး ခြေတိုအောင် ကျွန်တော် ရှာယူရပါတယ်။ တွေ့မယ်တွေ့တော့လည်း ကျွန်တော် ဆင်းခဲ့တဲ့ ကားဂိတ်နားမှာပဲ ပြန်ရှာတွေ့ခဲ့တယ်။

ကျွန်တော်က မှတ်မိပေမယ့် သူ့ဦးလေးက မမှတ်မိတာမို့ ဆွေမျိုးတွေအကြောင်း ပြန်စပ်ပြရပါသေးတယ်။ မှတ်မိသွားပြန်တော့ [illegible] တစ်လုံးတစ်ခဲနဲ့ ထပြီးရှေ့ရွက်ပါတယ်။

" ဩော် . . . . ဟိုကောင်မ ယောကျ်ားကိုး " . . . တဲ့





ဒါပေမယ့် သူ့ရည်ညွှန်းတဲ့ ဟိုကောင်မကတော့ သူ့ဆီကို မလာဘူးလို့ဆိုတယ်။

" ဘယ့်နှယ် လင်ရသွားပြီးကတည်းက သူနဲ့မတွေ့တော့တာ ဘယ်လောက်ကြာပြီလဲ။ သူ့ကို ရှာတွေ့ရင် ငါ့ဆီကို လာလည်ဖို့လည်း ပြောလိုက်ပါအုံးကွာ"

သူ့ဦးလေးဆီက ပြန်ထွက်တော့ ကျွန်တော့်မှာ မျှော်လင့်စရာဆိုလို့" ဘာမှ မကျန်တော့ပါဘူး။ လူကလည်း ခြေကုန်လက်ပန်းကျနေခဲ့ပါပြီ။ ဒါကြောင့် ရန်ကုန်ကို တန်းမပြန်သေးဘဲ ကျိုက်ထိုကို ဝင်ဖို့ ဆုံးဖြတ်လိုက်တယ်။

ဆူဆူဆဲဆဲ ကျွန်တော့်ရဲ့ကြိုးတော်ကြီးကိုပဲ ရင်ဖွင့်တိုင်ပင်ရတော့မှာပါ။

◇ ◇ ◇ ◇ ◇



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ခြံဝကနေ အိမ်မကြီးဆီကို မြေနီလမ်းသွယ်လေး အတိုင်း ခပ်ဖြည်းဖြည်းလျှောက်လာရင်း ကျွန်တော် သူ့ကို ပြင်းပြင်းပြပြ သတိရသွားမိတယ်။

ကျွန်တော်တို့နှစ်ယောက် ဒီခြံကြီးထဲမှာပဲ စတင်ဆုံဆည်းခဲ့တာဖြစ်ပြီးဒီခြံကြီးထဲမှာပဲကျွန်တော် သူ့ကို ချစ်မိသွားခဲ့တာပါ။ တစ်မနက် သူလေ့ကျင့်ခန်း လုပ်ခဲ့ဖူးတဲ့ နေရာလေးရောက်တော့၊ ကျွန်တော် လမ်းလျှောက်ရပ်ပြီး အတန်ကြာအောင် ငေးမော လိုက်မိပါသေးတယ်။

နောက်မှ . . . ငေးကြည့်နေလို့လည်း ကျွန်တော့် မြင်ကွင်းထဲ မျက်လှည့်ပြသလို သူပေါ်လာမှာ မဟုတ်မှန်း စဉ်းစားမိသွားပြီး၊ အိမ်မကြီးဆီကို ဆက်လျှောက်လာခဲ့တယ်။

အမြဲတမ်းဖွင့်ထားတတ်တဲ့ အိမ်ရှေ့တံခါးကနေ အိမ်ထဲကို လှမ်းဝင်လိုက်ပေမယ့် ကြီးတော်ကြီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



အရိပ်အယောင် နည်းနည်းလေးတောင် မမြင်ရပါဘူး။ "ကြီးတော်" လို့ခပ်ကျယ်ကျယ် လှမ်းခေါ်ပြီး ခရီးဆောင်အိတ်ကို ကြမ်းပြင်ပေါ် ချလိုက်တဲ့ အချိန်မှာပဲ ကျွန်တော့်နောက်ကနေ အသံတစ်သံ ထွက်လာတယ်။

" လက်ညှောက် "

ကလေးတစ်ယောက်ရဲ့ လက်မြှောက်လို့ပြောလိုက်တဲ့ အသံကြောင့် ကျွန်တော် ယောင်ရမ်းပြီး လက်နှစ်ဖက်ကို ခေါင်းပေါ်မြှောက်လိုက်မိတယ်။ ပြီးမှ အသံပိုင်ရှင်ကလေးကို ဖြတ်ခနဲ လှည့်ကြည့်ရင်း ကျွန်တော် ကြက်သေသေသွားတယ်။

မြတ်စွာဘုရား ကျွန်တော့်ရဲ့သား ပင်လယ် လေးပါလား

တအံ့တသြနဲ့ ဝမ်းသာသွားတာမို့ လက်မြှောက်လျက် တန်းလန်းနဲ့ ကျွန်တော် အတော်ကြာကြာကြောင်ပြီး ရပ်နေမိတယ်။ ပြီးမှ ပင်လယ်လေးကို ခွေ့ခနဲကောက်ချီရင်း ကျွန်တော် အမောတကော မေးလိုက်တယ်။

"အိုမားကော့သား အာပုဂျီကို ပြောစမ်း။ မင်းရဲ့ အိုမား ဘယ်မှာလဲ"

ပင်လယ်လေးက အိမ်ပြင်ဘက်ကို လက်ညှိုးထိုးပြလို့ အိမ်ပြင်ကိုထွက်ခဲ့တယ်။ အိမ်ပြင်ရောက်တော့ အိမ်ဘေးကိုလက်ညှိုးထိုးပြန်တယ်ဒီလိုနဲ့ ပင်လယ်လေး လက်ညှိုး ညွှန်တဲ့အတိုင်းလျှောက်လာရင်း ခြံထောင့်က အိမ်သာနားကို ရောက်လာပါတယ်။





အိမ်သာနဲ့ ခြေလှမ်းလေးငါးလှမ်းလောက် အလိုမှာတော့ အိမ်သာထဲက အသံခပ်အုပ်အုပ် ထွက်လာတယ်။

"အထဲမှာ လူရှိတယ် "

ကျွန်တော်တို့သားအဖ အသံမပေးဘဲ အသာရပ် နေလိုက်တယ်။ ခဏကြာတော့ အိမ်သာထဲက ဒင်းကလေးထွက်လာတယ်။ ကျွန်တော့်ကို တွေ့တော့ သူ့မျက်နှာပေါ်မှာ အရိပ်အယောင် အမျိုးမျိုး ဖြတ်သန်းသွားကြတယ်။ နောက်ဆုံးတော့ . . . ပုလဲသွယ် တွေလို မျက်ရည်ဥတွေတလိမ့်လိမ့် စီးဆင်းလာကြတော့တာ ပါပဲ။

ကျွန်တော့်နားကိုလျှောက်လာပြီး ဘာမပြော ညာမပြောနဲ့ ကျွန်တော့်လက်မောင်းကို တအုံးအုံးထုပါ တော့တယ်။ ပင်လယ်လေးက "မလုပ်နဲ့" လို့ တားပေမယ့် မရပါဘူး။

" လုပ်မှာပဲ။ နင့်အာပုဂျီက ဘာဖြစ်လို့ အခုမှ လိုက်လာသေးလဲ"

ရန်တွေ့သံနဲ့ ပြန်ပြောရင်း ရှိုက်ကြီးတငင်ငိုနေလို့ ပင်လယ်လေးကို ချီထားလျက်နဲ့ပဲ ကျွန်တော် သူ့ပုခုံးကို လှမ်းဖက်လိုက်ရတယ်။

" ကိုယ်က မီးဒီမှာရှိမှန်းမသိဘဲ မီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



" ဘာလို့ မသိရမှာလဲ အမေ ဖုန်းထဲက မပြောဘူးလား"

" မပြောပါဘူး။ ကိုယ့်ကိုတောင် မီးတို့သားအမိ နေကောင်းလာမေးလို့ ကိုယ်စိတ်ပျက်သွားရသေးတယ်"

"အဲ့ဒါ မီးတို့ ဒီမှာရောက်နေတာကို မေ့ပြီး၊ အမေကယောင်မေးမိတာ။ နောက်မှ မီးတို့ ဒီမှာရောက်နေတဲ့ အကြောင်း ကိုကို့ကို ဖုန်းထဲကနေလှမ်းပြော သားပဲ"

" ဒါပေမယ့် . . . ကိုယ်မကြားတော့ဘူး မီးရဲ့။ မီးတို့ ကြီးတော်ဆီမှာမရှိဘူးဆိုပြီး ကိုယ်စိတ်ပျက်သွားတာ"

" ထင်ပါတယ်။ မီးဖုန်းလာကိုင်တော့ ဒါပဲနော် ကြီးတော်ဆိုပြီး ဖုန်းချသွားကတည်းက တလွဲတွေတော့ ဖြစ်ပြီလို့ တွက်ထားပြီးသား။ ဘေးအိမ်ကို လှမ်းဆက်တော့လည်း ဆက်လို့မရဘူး။ ဖုန်းလိုင်းက ပျက်နေတယ်"

မျက်ရည်တွေကို သုတ်လိုက် မကျေမနပ်အသံနဲ့ ရန်တွေ့လိုက်နဲ့ ပြောနေတာပါ။ ခုချိန်မှာ သူကျွန်တော့်ကို ဘယ်လောက်ပဲရန်တွေ့တွေ့ ဘယ်လောက်ပဲ စိတ်ဆိုးဆိုး ကျွန်တော်ကတော့ လည်စင်းပေးဖို့အသင့်ပါပဲ။

" ဒါနဲ့ နေစမ်းပါအုံး။ မီးတ ဘာဖြစ်လို့ ခုလိုထွက်လာရတာလဲ "





ကျွန်တော် အလွန်သိချင်နေတဲ့ မေးခွန်းတို မေးလိုက်တော့ သူက ချက်ချင်း မဖြေဘဲ တုန့်ဆိုင်းနေပါသေးတယ်။ ပြီးမှ . . .

" ကိုကို့ကို . . . စိတ်ဆိုးလို့ပေါ့။ အိမ်ကသာ ထွက်လာရတာ ဘယ်ကိုသွားရမှန်းသိတာ မဟုတ်ဘူး ။ ဒါကြောင့် အမေ့ဆီမှာ လာနေလိုက်တာ။ ကိုကိုသာ လာမခေါ်လို့ကတော့ အပြတ်ပဲလို့ ဆုံးဖြတ်ထားပြီးသား။ နောက်ပြီး ဗေဒင်ကလည်း ဟောထားသေးတယ် "

" ဟို . . . ဒေါ်နန်းတင်မာလာသိန်းဆိုတဲ့ ဆရာမကြီးလား "

" ဟုတ်တယ်။ လင်မယားကွဲကိန်းရှိတယ်တဲ့။ ဒါကြောင့် ညအိပ်ညနေ ခွဲနေရမယ်တဲ့။ အမေ့ကိုတောင် မီးယတြာလာခြေတာလို့ ပြောထားသေးတယ် ".

" ဖြစ်မှ ဖြစ်ရလေ ကျောင်းအစ်မရယ်"

ကျွန်တော် စိတ်ပျက်လက်ပျက်ရေရွတ်ရင်း သူ့နဖူးလေးကို နမ်းဖို့ငုံ့ကိုင်းလိုက်တယ်ဆိုရင်ပဲ၊ ပင်လယ်လေးက လက်ထဲက ကစားစရာသေနတ်နဲ့ ကျွန်တော့်ခေါင်းကို ဒေါင်းခနဲထုပါတယ်။ ပြီးတော့ . . . ခေါင်းကို ရမ်းပြပြီး "မလုပ်နဲ့" လို့ ခပ်စူးစူးအော်တယ်။

ကြည့်ရတာဖြင့် ဗေဒင်ဆရာ သူ့အမေက ကျွန်တော့်လက်မောင်းကို ထုသလို ကျွန်တော်ကလည်း သူ့အမေကို တစ်ခုခုလုပ်လိမ့်မယ်လို့ ထင်ထားပုံပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သူ့အစား သူ့သား ပင်လယ်လေးကိုပဲ နမ်းပြီးကျွန်တော် စိတ်ဖြေလိုက်ရတယ်။ ညကျရင် သူတို့သားအမိကို ပုံဆန်းဆန်းလေးတစ်ပုံလောက်တော့ ကျွန်တော်ပြောပြနိုင်ကောင်းပါရဲ့။

(နေနော်)



BURMESE CLASSIC

ဆက်လက်ထွက်မည့် စာအုပ်များ

# သက်ပြင်းတွေနဲ့ပွဲထားတဲ့

## သံစဉ်

(နေနော်)

www.burmeseclassic.com